# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက် | ၂၀၁၉ ခုနှစ်၊ မတ် ၃ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၈)၊ အမှတ် (၁၅၄)


**ပန်ဆင်သူအကျိုးကိုဆောင်နိုင်**

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကို ဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)

# လယ်ယာကဏ္ဍအပါအဝင် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်တင်၍ ကြိုးပမ်းဆောင်ရွက်ကြရမည့် အချိန်အခါကောင်းဖြစ်

## ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အိမ်မဲမြို့နယ်၌ကျင်းပသည့် တောင်သူလယ်သမားနေ့အခမ်းအနားတွင် ပြောကြား

အိမ်မဲ မတ် ၂

**လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာအုပ်စု တောင်စုကျေးရွာ၌ ကျင်းပသည့် ၂၀၁၉ ခုနှစ် တောင်သူလယ်သမားနေ့အခမ်းအနားသို့တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။**

အဆိုပါအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးလှမိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ တိုင်းဒေသကြီးတရားသူကြီးချုပ် ဦးသန်းထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ဦးတင်မြင့်၊ ဦးလှကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဖွဲ့ဝင်များ၊ တောင်သူလယ်သမားကြီးများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ၂၀၁၉ ခုနှစ် တောင်သူလယ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က ဖတ်ကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် လယ်ယာကဏ္ဍကို အားထားနေရသော စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး နိုင်ငံလူဦးရေအများစုမှာ တောင်သူလယ်သမားများ ဖြစ်ကြပါကြောင်း၊ နိုင်ငံလူဦးရေ၏ ၁၁ ရာခိုင်နှုန်းခန့် မှီတင်းနေထိုင်ကြသော ဧရာဝတီတိုင်းဒေသကြီးသည်လည်း လယ်ယာကဏ္ဍဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည့် တောင်သူလယ်သမားများ အများစုနေထိုင်၍ နိုင်ငံ၏ဆန်အိုးကြီးဟု တင်စားရသည်အထိ နိုင်ငံ့စီးပွားရေးကို အသက်သွေးကြောသဖွယ် အထောက်အကူပြုလျက်ရှိပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ရေရှည်တည်တံ့သည့် လယ်ယာထုတ်ကုန်စနစ်ထွန်းကားစေပြီး နိုင်ငံတကာနှင့်ယှဉ်ပြိုင်နိုင်စွမ်းရှိသော စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ခြင်းအားဖြင့် ကျေးလက်နေပြည်သူများ၏

*စာမျက်နှာ ၃ ကော်လံ ၁* ✻



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တောင်သူလယ်သမားနေ့ အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်




မြန်မာ့အလင်း

# စစ်ပွဲများရပ်ကာ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ကြရေး

မည်သည့်နည်းဖြင့်တွက်တွက်၊ သည်လောကကြီးထဲ လူအများစုက ငြိမ်းချမ်းရေးကို လိုချင်ကြသည်ချည်း။

သို့သော်လည်း ကမ္ဘာတစ်ဝန်းမှာ စစ်ပွဲများ အတောမသတ်နိုင်ဖြစ်နေသည်ကလည်း အမှန်။ စစ်ပွဲများဖြစ်ဖို့ တာစူနေသည်တို့ကလည်း နှစ်ပေါင်းများစွာအတွင်း စစ်တပြင်ပြင်ဟု ဆိုရပါမည်။

ယခု မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်ကြသော အိန္ဒိယနှင့် ပါကစ္စတန်တို့ကြား ဖြစ်ပွားနေသည့် တိုက်ခိုက်နေမှုများက မြန်မာနိုင်ငံကို သာမက တစ်ကမ္ဘာလုံးကို စိုးရိမ်စိတ်ကြီးထွားအောင် ပြုလုပ်နေသည်ဟု ဆိုနိုင်ပါသည်။ နှစ်နိုင်ငံစလုံးက အဏုမြူလက်နက်များကို ပိုင်ဆိုင်ထား၏။ ယခုအခါ လက်တွေ့အားဖြင့်လည်း စစ်ပွဲများကို အပြန်အလှန်တိုက်ခိုက်ဆင်နွှဲနေကြ၏။ သည်လိုဆိုတော့ ကမ္ဘာက စိုးရိမ်မကင်း ဖြစ်နေကြရသည်မှာ မထူးဆန်းလှ။

လွန်စွာ ရိုးရှင်းလှသည့် လူမှုအဖွဲ့အစည်း၏ အခြေခံဒဿနက ‘စစ်ပွဲများဖြင့် အေးချမ်းသာယာသော ကမ္ဘာလောကကို တည်ဆောက်လို့ မရနိုင်’ ဟူ၍ဖြစ်သည်။ လူမှုအဖွဲ့အစည်းအတွင်း၌ ရန်လိုသူများ၊ စစ်ဝါဒီများ၏ အတွေးအခေါ် အယူအဆတို့ဖြင့် ပြဿနာများကို ဖြေရှင်းဆောင်ရွက်လို့မရ။ စစ်တိုက်သည့်နည်းကိုသာ အားပြုနေခြင်းက သည်နေ့ကာလလို ခေတ်မီလက်နက်ဆန်းများ အပြိုင်အဆိုင်ရှိနေချိန်တွင် ကမ္ဘာကြီးကို အလွယ်တကူ အဆုံးသတ်သွားစေပါလိမ့်မည်။

လူ့သဘာဝအရ၊ လောကဓမ္မတာအရ လူတို့အကြား သဘောထားချင်းမတိုက်ဆိုင်သည်များ၊ အယူအတွေးမတူညီခြင်းများက ရှိနေမည်သာချည်း။ ပဋိပက္ခများရှိလာတိုင်း မတူညီမှုများကို လျော့ပါးအောင် ကြိုးစားလိုစိတ်ရှိမှုဖြစ်မည် မဟုတ်ပါလော။ ယုံကြည်မှုများ၊ တန်ဖိုးထားမှုများဆိုသည်က မိမိတို့၏ အစဉ်အလာများပေါ် မူတည်၍ ကွဲပြားနေကြမည်သာဖြစ်သည်။ ထိုကွဲပြားမှုများကို လက်နက်အင်အားကြီးသူက အနိုင်ရစတမ်းဟူသည့် သဘောဖြင့် ချေမှုန်းရေးကိုသာ အားထုတ်ကြိုးပမ်းနေခြင်းက အလွန်ကြမ်းတမ်းခက်ထန်သော တောရိုင်းဥပဒေသကို ပြန်လည်အသက်သွင်းနေခြင်းသာ ဖြစ်ပါမည်။

မတူညီမှုများကြားက ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အတူလက်တွဲတည်ဆောက်လိုကြသော ယဉ်ကျေးသည့် လူမှုအဖွဲ့အစည်းဖြစ်ရေး၊ ယဉ်ကျေးသည့် လူကြီးလူကောင်းများ ထွန်းကားအားကောင်းရေးက လွန်စွာအရေးကြီးလှပါသည်။

အထက်တွင် ဆွေးနွေးခဲ့သကဲ့သို့ လူအများစုက ငြိမ်းချမ်းရေးကို လိုချင်ကြပါလျက်နှင့် စစ်ပွဲများပေါ်ပေါက်နေရခြင်းက ကမ္ဘာလောကကြီးအတွက် စိတ်ထိခိုက်ဝမ်းနည်းဖွယ်ရာကောင်းလှသလို အန္တရာယ်လည်းများလှပါသည်။

နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ ယဉ်ကျေးမှု၊ ယုံကြည်မှုအရ ကွဲလွဲမှုများကို ပျော့ပျောင်းသော ချဉ်းကပ်မှု၊ ပြေလည်လိုသည့် စိတ်စေတနာတို့ဖြင့် ဖြေရှင်းလိုသည့် အယူအဆများ ရှေ့ဆောင်လာရန် အထူးလိုအပ်ပါသည်။

ဖမ်းဆီးထားသည့် အိန္ဒိယတိုက်လေယာဉ်မှူးကို ပါကစ္စတန်က လွှတ်ပေးလိုက်ခြင်းဖြင့် စစ်ရေးတင်းမာမှုကို အတန်အသင့် ပြေလျော့စေခဲ့သည်။ ယင်းပျော့ပျောင်းလာမှုက ငြိမ်းချမ်းရေးဘက်သို့ တူရှုဖြစ်လာနိုင်၏။ နှစ်ဖက်သော ပြည်သူတို့ ဝမ်းသာအားရ ဖြစ်နေကြသည်ကအားရစရာ။

အလိုမတူတိုင်း၊ အလိုမကျတိုင်း ရန်လိုစစ်ပြင်ချင်နေသည့် စိတ်အခြေခံများကို လူများစုက လက်မခံကြဘူးဆိုသည်ကို ဖော်ပြကြရန်လည်း လိုမည်ဟု မြင်ပါသည်။ ဗီယက်နမ်စစ်ပွဲကာလတွင်း၌ အမေရိကန်ပြည်သူလူထုက အမေရိကန်နိုင်ငံရေးခေါင်းဆောင်များ၊ စစ်ရေးခေါင်းဆောင်များကို ဆန့်ကျင်ကြခြင်းဖြင့် စစ်ပွဲများ အဆုံးသတ်ခဲ့ကြသည်မဟုတ်ပါလော။ ယနေ့ဆိုလျှင် အမေရိကန်နှင့် ဗီယက်နမ်တို့ အကျိုးတူစီးပွားရေးများ လုပ်ကိုင်နေကြခြင်းဖြင့် မတူညီမှုများကြားက လောကအကျိုးကို ဆောင်ရွက်နိုင်ကြောင်း နမူနာများလည်းရှိခဲ့ပြီး ဖြစ်ပါသည်။

မည်သူနိုင်သည်ဖြစ်စေ၊ မည်သူရှုံးသည်ဖြစ်စေ စစ်ပွဲများ၏ အဆုံးသတ်တွင် အားလုံးဆုံးရှုံးနစ်နာကြသည်ချည်းသာ ဖြစ်သည်ကို လက်နက်ကိုင်ထားကြသူများအားလုံး နှလုံးသွင်းကာ ပြည်တွင်း ပြည်ပ အရပ်ရပ်၌ ငြိမ်းချမ်းရေးကို ဦးတည်ကြရန်လိုပြီ ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသတည်း။ ။

# ၂၀၁၉ ခုနှစ်၊ (၇၄) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးတို့ကို အဓိကထား ဆောင်ရွက်ရေး။

( ခ ) သမိုင်းကြောင်းအရ နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် စဉ်ဆက်မပြတ် ခံယူလုပ်ဆောင်ရေး။

( ဂ ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် မဖြစ်မနေ လိုအပ်သော ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဒို့တာဝန်အရေးသုံးပါးကို အခြေခံသော ငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်ဖြင့် တပ်မတော်မှ ခိုင်ခိုင်မာမာဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။




## မြစ်သားမြို့နယ် ကူမဲမြို့အတွင်းရှိ ပေတောကျေးရွာတွင် မီးလင်းပြီ

**မြစ်သား မတ် ၂**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကူမဲမြို့အတွင်းရှိ စမြောင်ကျေးရွာအုပ်စု ပေတောကျေးရွာတွင် ဖေဖော်ဝါရီ နောက်ဆုံးပတ်က မီးလင်းပြီ ဖြစ်သည်။

အဆိုပါ ကျေးရွာတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ရန်ပုံငွေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေနှင့် ကျေးရွာမီးလင်းရေး ကော်မတီတို့ ပူးပေါင်း၍ ၁၁ ကေဗွီခတ်အားလိုင်း ၁ မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၁၆၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးတို့ဖြင့် မီးလင်းရေး ဆောင်ရွက်ခဲ့ပြီး ကူမဲမြို့ လျှပ်စစ်မန်နေဂျာ ဦးဥက္ကာမျိုးနှင့် တာဝန်ရှိသူများက မီးလင်းရေးဖွင့်ပွဲကို ယမန်နေ့က ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဖုန်ကန်ရာဇီရေခဲတောင်တက်မည့် မိတ္ထီလာ ခြေလျင်နှင့်တောင်တက် အသင်းဝင်များအား အောင်နိုင်ရေးအလံပေးအပ်

**မိတ္ထီလာ မတ် ၂**

ကချင်ပြည်နယ် ပူတာအိုမြို့နယ်အတွင်း တည်ရှိသည့် ဖုန်ကန်ရာဇီ ရေခဲတောင်ပေါ်သို့ တက်ရောက်ကြမည့် မိတ္ထီလာ ခြေလျင်နှင့်တောင်တက်အသင်းဝင်များအား အောင်နိုင်ရေးအလံ ပေးအပ်ပွဲကို မတ် ၁ က မိတ္ထီလာမြို့ရှိ ကမ်းလက် သင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။



အလံပေးအပ်ပွဲတွင် ဖုန်ကန်ရာဇီရေခဲတောင်သို့ တက်ရောက်မည့် ခြေလျင်နှင့် တောင်တက် အသင်းဝင်များအား အသင်းနာယကအဖွဲ့ဝင် ဒေါ်နီလာဝင်း၊ ကမ်းလက်များ ပရဟိတအဖွဲ့(မိတ္ထီလာ)ဥက္ကဋ္ဌ ဒေါက်တာမြတ်မင်း၊ မြို့မိမြို့ဖ ဦးဂျော်ဂျီ၊ ရန်အောင်မြင် လူမှုရေးအသင်းမှ ဦးအောင်ဆန်းနှင့် တောင်တက်အသင်းဝင် ဦးအောင်ကြိုင်တို့က အားပေးစကားပြောကြားကြပြီး ကမ်းလက်များ ပရဟိတအဖွဲ့(မိတ္ထီလာ)၏ အောင်နိုင်ရေးအလံနှင့် မိတ္ထီလာ ခြေလျင်နှင့်တောင်တက်အသင်း၏ အောင်နိုင်ရေးအလံများကို တောင်တက်အသင်းဝင်များထံသို့ ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

အမြင့်ပေ ၁၉၂၂၀ ရှိသော ဖုန်ကန်ရာဇီရေခဲတောင် တောင်တက်လမ်းခရီး၏ အခြေအနေများကို သိရှိနိုင်ရန် မိတ္ထီလာ ခြေလျင်နှင့်တောင်တက်အသင်းမှ အသင်းဝင်နှစ်ဦးဖြစ်သည့် ဒေါက်တာမြတ်မင်းနှင့် ကိုနိုင်မင်းရှိန်တို့က ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်းက ကနဦးလေ့လာတက်ရောက်ခဲ့ဖူးကြပြီး မိတ္ထီလာ ခြေလျင်နှင့် တောင်တက်အသင်းအနေဖြင့် ဖုန်ကန်ရာဇီရေခဲတောင်သို့ တက်ရောက်ခြင်းမှာမူ ယခုအကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

## စလင်းမြို့နယ်အတွင်း ကျေးရွာ သုံးရွာ၌ ဆိုလာစနစ်ဖြင့် မီးရရှိရေးဆောင်ရွက်

**စလင်း မတ် ၂**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မဟာဓာတ်အားလိုင်းပြင်ပရှိ ကျေးရွာများ မီးလင်းရေးအတွက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းအဖြစ် ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်း ကျေးရွာသုံးရွာရှိ အိမ်ခြေ ၃၀၈ အိမ်ကို တစ်အိမ်သုံးဆိုလာစနစ်ဖြင့် မီးရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဇေယျထံမှ သိရသည်။

အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP)ICB-2 ဖြင့် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ်အတွင်းရှိ မင်းလျင်၊ တညောင့်တင်၊ မဲရွာကျွန်း ကျေးရွာ သုံးရွာရှိ အိမ်ခြေ ၃၀၈ အိမ်ကို တစ်အိမ်သုံးဆိုလာစနစ်ဖြင့် ဝပ် ၆၀ ဆိုလာ ၃၀၈ လုံး၊ တပ်ဆင်ကာ မီးရရှိရေးဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ မီးရရှိရေးဆောင်ရွက်ရာတွင် မဟာဓာတ်အားလိုင်း ရောက်ရှိသည့်နေရာမှစပြီး ၁၀ မိုင်နှင့်အထက် ဝေးကွာသော ကျေးရွာများကိုသာ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ တစ်အိမ်သုံးဆိုလာ အသုံးပြုသူ ပြည်သူများက ဝပ် ၆၀ ဆိုလာအတွက် ငွေကျပ်ငါးသောင်း ထည့်ဝင်ပေးရကြောင်း၊ ထည့်ဝင်ပေးရခြင်းမှာလည်း ပြည်သူများ မိမိကိုယ်ပိုင်ငွေဖြင့် ဝယ်ယူထားသည့် ပစ္စည်းကဲ့သို့ စနစ်တကျ သုံးစွဲစေလိုသည့် ရည်ရွယ်ချက်ဖြင့် ထည့်ဝင်ရခြင်းဖြစ်ကြောင်း၊ အဆိုပါ ကျေးရွာများတွင် မီးလင်းရေးဆောင်ရွက်နိုင်ခြင်းကြောင့် ကျေးရွာရှိ အများပိုင်အဆောက်အအုံများဖြစ်သည့် စာသင်ကျောင်း သုံးကျောင်း၊ လမ်းမီး ၂၅ တိုင်၊ ဘုန်းကြီးကျောင်း သုံးကျောင်းကို ဆိုလာမီးများ အခမဲ့ တပ်ဆင်ပေးနိုင်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောသည်။

တစ်အိမ်သုံး ဆိုလာ ဝပ် ၆၀ ဆိုလာစနစ်တွင် ဝပ် ၆၀ ဆိုလာတစ်ချပ်၊ ၂ ဒသမ ၅ မီတာတိုင် တစ်တိုင်၊ သုံးဝပ်မီးသီး လေးလုံး၊ ငါးဝပ်မီးချောင်း တစ်ချောင်း၊ ၁၂ ဗို့ဘက်ထရီ USB ဖုန်းအားသွင်းပေါက် နှစ်ပေါက်ပါရှိသည့် System Box ၊ မူလတန်းကျောင်း တစ်ကျောင်းအတွက် ၁၈၀ ဆိုလာဝပ်တစ်ခု၊ မီးချောင်းကိုးချောင်း၊ USB ဖုန်းအားသွင်းပေါက် နှစ်ပေါက်ပါရှိသည့် System Box ၊ အလယ်တန်းကျောင်း နှစ်ကျောင်းအတွက် ၃၈၀ ဆိုလာဝပ် နှစ်ချပ်၊ မီးချောင်း ၄၀၊ ဘုန်းကြီးကျောင်း သုံးကျောင်းအတွက် ၁၈၀ ဝပ် သုံးချပ်၊ မီးလုံးကိုးလုံး ပါရှိကြောင်း၊ ယင်းဆိုလာများမှာ ဝပ် ၅၀ LCD တီဗွီကို နှစ်နာရီမှ လေးနာရီအထိ ကြည့်ရှုနိုင်ကြောင်းလည်း သိရသည်။

**ငြိမ်းသူ(စလင်း)**




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အိမ်မဲမြို့နယ်၌ ကျင်းပသည့် တောင်သူလယ်သမားနေ့အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

## “ယနေ့ တောင်သူလယ်သမားနေ့အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၊ မြောင်းမြမြို့နယ်၊ ကြံခင်းမြို့နယ်နှင့် ရေကြည်မြို့နယ်တို့မှ တောင်သူ ၃၅၅ ဦးအတွက် ပြန်လည်စွန့်လွှတ်သည့် စိုက်ပျိုးမြေဧရိယာဧကေ ၁၄၁၀ ကို လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်များ ပေးအပ်”

❊ ရှေ့ဖုံးမှ

လူမှုစီးပွားဘဝမြင့်မားလာစေရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် မျှော်မှန်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

**လယ်သမားများ မနစ်နာစေရေး ဆောင်ရွက်ပေး**

စိုက်ပျိုးရေးကိုအခြေခံသည့် မိမိတို့နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေတောင်သူလယ်သမားများ၏ အကျိုးစီးပွားဖော်ဆောင်နိုင်ရန် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါ ရည်ရွယ်ချက်အတိုင်း လယ်ယာမြေသိမ်းဆည်းခံရမှုနှင့်ပတ်သက်၍ တောင်သူလယ်သမားများ မနစ်နာစေရေးအတွက် ကူညီဆောင်ရွက်ပေးရန်နှင့် လယ်ယာမြေလုပ်ပိုင်ခွင့် လုံခြုံစိတ်ချရေးအတွက် ကာကွယ်ဆောင်ရွက်ပေးရန်တို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**စိစစ်ဆောင်ရွက်ပေးလျက်ရှိ**

ယခင်က အကြောင်းအမျိုးမျိုးကြောင့် သိမ်းဆည်းခံရသည့် လယ်ယာမြေများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ မူလပိုင်ရှင် တောင်သူလယ်သမားများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံနိုင်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီကို ဖွဲ့စည်း၍ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာကော်မတီ အဆင့်ဆင့်ဖြင့် အထူးအလေးထား စိစစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထိုသို့ ဆောင်ရွက်မှုရလဒ်အနေဖြင့် ယနေ့တောင်သူလယ်သမားနေ့အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၊ မြောင်းမြမြို့နယ်၊ ကြံခင်းမြို့နယ်နှင့် ရေကြည်မြို့နယ်တို့မှ တောင်သူ ၃၅၅ ဦးအတွက် ပြန်လည်စွန့်လွှတ်သည့် စိုက်ပျိုးမြေဧရိယာ ဧက ၁၄၁၀ ကို လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များ ပေးအပ်သွားမည်ဖြစ်သည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း။

**ဥပဒေပြင်ဆင်ပြဋ္ဌာန်း**

ထို့ပြင် လုပ်ကွက်ငယ်တောင်သူလယ်သမားများ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော မြေများတရားဝင်ပိုင်ဆိုင်နိုင်ရေး၊ လယ်ယာမဲ့တောင်သူလယ်သမားများအနေဖြင့် အမှန်လုပ်ကိုင်ဆောင်ရွက်မည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်လွယ်ကူစွာရရှိရေး၊ ဒေသခံတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာအရ သတ်မှတ်မြေများ၊ အများပြည်သူနှင့် တိုင်းရင်းသားများဆိုင်ရာ ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးများအတွက် လက်ရှိအသုံးပြုထားသည့် မြေများကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအဖြစ် ခွင့်ပြုချထားခြင်း မပြုစေရေး ၂၀၁၂ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဥပဒေကို ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါကြောင်း။

**ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိ**

နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်အရင်းအနှီး အထောက်အကူဖြစ်စေရန် သင့်တင့်သောချေးငွေများ အကူအညီပေးရေး၊ လယ်ယာထွက်ကုန်များရောင်းချရာတွင် သင့်တင့်မျှတသောဈေးနှုန်းနှင့် ခိုင်မာသောဈေးကွက်ရရှိရေး၊ နည်းပညာသွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းများ လွယ်ကူအဆင်ပြေစေရေး၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုနှင့် ထိခိုက်နစ်နာမှုများအတွက် အတတ်နိုင်ဆုံး ကူညီထောက်ပံ့ပေးနိုင်ရေးနှင့် လုပ်ကွက်ငယ်တောင်သူလယ်သမားများအကျိုးငှာ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအား ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကိုလည်း ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး တောင်သူလယ်သမားများ၏ အကျိုးစီးပွားအတွက် ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိပါကြောင်း။

**အဆင့်မြင့်နည်းပညာများနှင့် ထုတ်လုပ်တင်ပို့ရောင်းချ**

နိုင်ငံတော်က တောင်သူလယ်သမားများကို မိမိဒေသနှင့် ကိုက်ညီသည့် ဈေးကွက်ဝင်သီးနှံများကို စိုက်ပျိုးခွင့်ပေးထားပြီးဖြစ်သကဲ့သို့ တောင်သူလယ်သမားများ၏ လိုအပ်ချက်များကို အစဉ်တစိုက် လေ့လာပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်ပဈေးကွက်တွင် မငြိမ်မသက်ဖြစ်နေသော မတ်ပဲနှင့်ပဲမျိုးစုံထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိရေး၊ အလားအလာရှိမည့် အမယ်သစ်ပို့ကုန်များပေါ်ထွက်လာစေရေး၊ အစိုးရအချင်းချင်းညှိနှိုင်း၍ ရောင်းဝယ်သည့်အစီအစဉ်များ ပေါ်ပေါက်လာစေရေးအတွက် ဆွေးနွေးမှုများလည်း ပြုလုပ်လျက်ရှိပါကြောင်း၊ ပြည်တွင်း ပြည်ပဈေးကွက် နေရာရရှိရေးအတွက် ယခင်က ကုန်ကြမ်းအနေဖြင့် တင်ပို့ရောင်းချခဲ့သည့် အနေအထားမှ တန်ဖိုးမြှင့်ထုတ်ကုန် ကုန်ချောများအဖြစ် အဆင့်မြှင့်တင်ထုတ်လုပ်၍ နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့ရောင်းချနိုင်ရေး အဆင့်မြင့်နည်းပညာများနှင့် ခေတ်မီထုပ်ပိုးပြုပြင်စက်များဖြင့် ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေး လုပ်ငန်းစဉ်ကိုလည်း အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်ကြီးများ ကြုံတွေ့ပါက စားနပ်ရိက္ခာမလုံလောက်မှုအန္တရာယ်မှ ကျော်လွှားနိုင်ရေးနှင့် ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းအားကောင်းမွန်ရေးတို့ကို နိုင်ငံတိုင်း အလေးထားဆောင်ရွက်သည့်နည်းတူ မြန်မာနိုင်ငံတွင်လည်း အစိုးရနှင့်ပုဂ္ဂလိကအဖွဲ့အစည်းများပူးပေါင်း၍ အရန်မျိုးစေ့များ စုဆောင်းထားရှိခြင်းနှင့် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

*စာမျက်နှာ ၄ သို့*





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ငွေဆောင်မြို့ရှိ **i-Green Project** အိမ်ရာ တည်ဆောက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ချီးမြှင့်ခံရသည့် ရဟန်းသံဃာများ၊ လူပုဂ္ဂိုလ်များအား ထပ်ဆင့်ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် မတ် ၂

**သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ချီးမြှင့်ခံရသည့် ရဟန်းသံဃာများ၊ လူပုဂ္ဂိုလ်များအား ထပ်ဆင့်ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးစေတီဝင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဘွဲ့နှင်းသဘင်သိမ်တော်ကြီးတွင် ကျင်းပသည်။**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ ဆရာတော်ကြီးများ၊ (၁၁) ပါးမြောက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ရမ္မာဝတီဆရာတော် ဘဒ္ဒန္တကုန္ဒပါလနှင့် ပင့်သံဃာတော်များ၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ချီးမြှင့်ခံရသည့် ရဟန်းသံဃာတော်များ၊ ဘွဲ့တံဆိပ်ချီးမြှင့်ခံရသည့် လူပုဂ္ဂိုလ်များ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဇနီး ဒေါ်မြင့်မြင့်ရီနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာ့နုဂ္ဂဟအသင်း ဗဟို (ဥက္ကဋ္ဌ) နှင့် ဗဟိုကော်မတီဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး သာသနာ့နုဂ္ဂဟ ဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗဟိုသံဃာ့ဝန်ဆောင် ဒုတိယဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တသြဘာသ (ရေတာရှည်ဆရာတော်)ထံမှ ညွှန်ပရိသတ်များက ငါးပါးသီလခံယူကြပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်းဗဟို (ဥက္ကဋ္ဌ)ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ချီးမြှင့်ခံရသည့် ဒွိပိဋကဓရဆရာတော် ဘဒ္ဒန္တအဂ္ဂသာမိနှင့် ဆရာတော်သံဃာတော်များအား ဒေါက်တာ ခင်ရွှေနှင့် တာဝန်ရှိသူများက ထပ်ဆင့်ဂုဏ်ပြု မော်ကွန်းလွှာများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၏ဇနီး ဒေါ်မြင့်မြင့်ရီက ဘွဲ့တံဆိပ်ချီးမြှင့်ခံရသည့် လူပုဂ္ဂိုလ်များအား မော်ကွန်းလွှာ



သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ချီးမြှင့်ခံရသည့် ရဟန်းသံဃာများ၊ လူပုဂ္ဂိုလ်များအား ထပ်ဆင့်ဂုဏ်ပြုပွဲအခမ်းအနားကျင်းပစဉ်။ သတင်းစဉ်

စလွယ်များ ပေးအပ်သည်။

ဆက်လက်၍ ထိုင်းနိုင်ငံ ဓမ္မကာယဖောင်ဒေးရှင်းမှ ချီးမြှင့်သည့် အာဆီယံနိုင်ငံများတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်းမှ ဓမ္မစကြာရွတ်ဆိုပူဇော်မှုအများဆုံးဖြင့် (ပထမ) တံဆိပ်တော်အား ဗဟိုဥက္ကဋ္ဌမှ တိုင်းကော်မတီဝင်ထံ အပ်နှံခြင်းနှင့် မဟာဘုံကထိန်ပွဲတွင် ဆုရရှိသော မြို့နယ်များအား ဗဟိုဥက္ကဋ္ဌနှင့် ဗဟိုကော်မတီဝင်များက ဆုများပေးအပ်ချီးမြှင့်သည်။

အကြိုဂုဏ်ပြုပွဲ အခမ်းအနားအား ရန်ကုန်တိုင်းဒေသကြီး သာသနာ့နုဂ္ဂဟအသင်းမှ ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်းဗဟိုမှ ကူညီပံ့ပိုးပေးသည်။ **မင်းသစ်**

---

*စာမျက်နှာ ၃ မှ*

ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် လယ်ယာသီးနှံများ၏ အရည်အသွေးကောင်းမွန်ရေး၊ ဓာတ်ကြွင်းအာနိသင်များ ကင်းစင်ရေးနှင့် ရိတ်သိမ်းချိန်လွန် ဆုံးရှုံးမှုလျှော့ချရေး နည်းပညာများ စသည့်စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို ရေးဆွဲထုတ်ပြန် ပညာပေးပြသဆောင်ရွက်လျက်ရှိပြီး GAP အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းဖြင့် ပြည်သူများ၏ အစားအစာလုံခြုံစိတ်ချရမှုရှိရေး (Food Safety) အတွက် အခြေခံအုတ်မြစ်ကောင်းများကို အခိုင်အမာတည်ဆောက်ပေးလျက်ရှိပါကြောင်း။

**ကျယ်ကျယ်ပြန့်ပြန့် ထုတ်လွှင့်ပေးလျက်ရှိ**

သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သော ခေတ်မီစိုက်ပျိုးနည်းပညာများ တောင်သူများလက်ဝယ်သို့ အလွယ်တကူရောက်ရှိရေး ပညာပေးလုပ်ငန်းအပါအဝင် သီးနှံစိုက်ပျိုးထုတ်လုပ်ရေးဆိုင်ရာ သတင်းအချက်အလက်များဖြစ်သည့် ရာသီဥတုဆိုင်ရာသတင်းအချက်အလက်များနှင့် ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ တောင်သူလယ်သမားကြီးများ သိရှိအသုံးချနိုင်ရေးအတွက် "တောင်သူလယ်သမားကဏ္ဍရုပ်သံလိုင်း (Farmer Channel)" အစီအစဉ်ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီးသည် သဘာဝမြေသယံဇာတ၊ ရေသယံဇာတပေါကြွယ်ဝမှုနှင့် စိုက်ပျိုးမွေးမြူရေးအတွက် သဘာဝကပေးသော ရာသီဥတုအခြေအနေကောင်းများဖြင့် ပြည့်စုံလျက်ရှိသော ဒေသဖြစ်ပါကြောင်း၊ ထိုအခြေအနေကောင်းကို ရိုးသားဖြူစင်၍ အလုပ်ကြိုးစားကြသည့် တောင်သူလယ်သမားများ၏ ပေါင်းစည်းအင်အားဖြင့် လယ်ယာကဏ္ဍအပါအဝင် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်တင်၍ ကြိုးပမ်းဆောင်ရွက်ကြရမည့် အချိန်အခါကောင်းလည်း ဖြစ်ပါကြောင်း။

**ရည်မှန်းချက်ပန်းတိုင်သို့ အရောက်ချီတက်**

ပြည်ထောင်စုတစ်ဝန်းလုံးရှိ တောင်သူလယ်သမားများအပါအဝင် နိုင်ငံသားအားလုံးအနေဖြင့် ရေရှည်အမျိုးသားအကျိုးစီးပွားအတွက် အစိုးရနှင့်ပြည်သူ အတူတကွ လက်တွဲကာ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ရင်ဆိုင်ကြုံတွေ့ကြရမည့် စိန်ခေါ်မှုများ၊ အတားအဆီးနှင့် အခက်အခဲမှန်သမျှကို နည်းပညာ၊ အရင်းအနှီးနှင့် ပူးပေါင်းဆောင်ရွက်လိုစိတ်တို့ဖြင့် တက်ညီလက်ညီ ကျော်လွှား၍ ရည်မှန်းချက်ပန်းတိုင်သို့ အရောက်ချီတက်ကြပါစို့ဟု အလေးအနက်တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က ဧရာဝတီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လယ်ယာသားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတသည် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်ခဲ့ကြသည့် ထူးချွန်တောင်သူ ဦးတင်အောင်သန်း၊ ဦးတင်စိုး၊ ဦးရွှေပွား၊ ဦးအုန်းကျော်နှင့် ဦးနေစိုးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ ဒုတိယဝန်ကြီး ဦးလှကျော်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်းတို့က ထူးချွန်တောင်သူများ၊ ထူးချွန်ဝန်ထမ်းများနှင့် ဟင်္သာတခရိုင်အတွင်း ပြောင်းသီးနှံစိုက်ခင်းများတွင် ငမြှောင်တောင်ဖျက်ပိုးသစ်ကျရောက်မှုအပေါ် ကောင်းကင်ဆေးဖျန်းစက်များဖြင့် ဆေးဖျန်းပံ့ပိုးကူညီခဲ့သော Advanced Agricultural Engineering (AAE) ကုမ္ပဏီတို့အား ဂုဏ်ပြုဆုများချီးမြှင့်ကြသည်။

**လုပ်ပိုင်ခွင့်ပြုလက်မှတ်များကို ပေးအပ်**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် က ပန်းတနော်မြို့နယ်အတွင်း ယုဇနကုမ္ပဏီမှ ထပ်မံစွန့်လွှတ်သည့် ၆၃၆ ဧကကို တောင်သူ ၁၀၃ ဦး ကိုယ်စား တောင်သူတစ်ဦးထံသို့ လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က မြောင်းမြမြို့နယ်အတွင်း ခလရ(၉၃)မှ ပြန်လည်စွန့်လွှတ်သည့် ၂၀၉ ဧကကို တောင်သူ ၆၆ ဦးကိုယ်စား တောင်သူတစ်ဦးကို လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်က ကြံခင်းမြို့နယ်အတွင်း မက်သနောစက်ရုံမှ ပြန်လည်စွန့်လွှတ်သည့် ၄၈၁ ဧကကို တောင်သူ ၁၅၇ ဦးကိုယ်စား တောင်သူတစ်ဦးထံသို့ လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရေကြည်မြို့နယ်အတွင်း ခလရ(၃၆)မှ ပြန်လည်စွန့်လွှတ်သည့် ၈၄ ဧကကို တောင်သူ ၂၉ ဦးကိုယ်စား တောင်သူတစ်ဦးထံသို့ လည်းကောင်း လုပ်ပိုင်ခွင့်ပြုလက်မှတ်များကို ပေးအပ်ကြသည်။

ထို့နောက် မြေယာလုပ်ပိုင်ခွင့်ပြန်လည်ရရှိကြသည့် တောင်သူများကိုယ်စား တောင်သူ ဦးထွန်းထွန်းဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ထူးချွန်ဆုရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် တာဝန်ရှိသူများသည် တောင်သူလယ်သမားနေ့အခမ်းအနား၌ ခင်းကျင်းပြသထားသည့် လယ်ယာထွက်ကုန်၊ စက်မှုလယ်ယာ၊ နည်းပညာအသိပညာပေးပြခန်းများနှင့် ဌာနဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီး ၂၀၁၉ ခုနှစ် တောင်သူလယ်သမားနေ့အခမ်းအနားသို့ တောင်သူလယ်သမား ၃၀၀၀ ခန့် တက်ရောက်ကြပြီး ပြခန်းပေါင်း ၅၅ ခန်းကို ခင်းကျင်းပြသထားကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် တာဝန်ရှိသူများနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့ Yacht Club Hotel သို့ ရောက်ရှိကြပြီး ချစ်သူများကျွန်း၊ ငွေဆောင်ကမ်းခြေ သန့်ရှင်းသာယာလှပရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် i-Green Project အိမ်ရာသို့ ရောက်ရှိကြရာ i-Green Development & Engineering Group မှ တာဝန်ရှိသူများက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

**ကြည့်ရှုစစ်ဆေး**

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး ဆောင်ရွက်ရာတွင် စီမံကိန်းကာလတွင်သာမက စီမံကိန်းပြီးဆုံးပြီးနောက် ရေရှည်ကာလအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးကို ထည့်သွင်းစဉ်းစားသွားရန်၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် လိုအပ်သော ရေရရှိရန် မြေအနေအထားပေးမှုအပေါ်မူတည်၍ လျှိုပိတ်၊ မြောင်းပိတ်တမံများ ဆောက်ရွက်ရန်၊ ဖွံ့ဖြိုးတိုးတက်လာမည့် ခရီးသွားလုပ်ငန်းအတွက် မျှော်မှန်း၍ ပုသိမ်-ငွေဆောင်၊ ချောင်းသာကားလမ်းအား အဆင့်မြှင့်တင်သွားရန်၊ သဘာဝပတ်ဝန်းကျင်မထိခိုက်စေရေးအတွက် အမှိုက်စွန့်ပစ်မှု စနစ်တကျဖြစ်စေရေး စီမံကြီးကြပ်ဆောင်ရွက်ရန်၊ လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များ ကျေနပ်သည့် ဝန်ဆောင်မှုပေးနိုင်ရေးအတွက် အလေးထားဆောင်ရွက်ရန်၊ ငွေဆောင်နှင့်ချောင်းသာဟိုတယ်ဇုန်များသို့ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားရရှိရေးစီမံဆောင်ရွက်ရန်၊ i-Green Project အိမ်ရာစီမံကိန်းကိုလည်း သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေး ဆောင်ရွက်သွားရန်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဇုန်အလိုက်တာဝန်ရှိသော လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်သွားကြရန်မှာကြားပြီး i-Green Project အိမ်ရာ တည်ဆောက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ငွေဆောင်ကမ်းခြေသည် ပုသိမ်မြို့၏ အနောက်ဘက် ၃၉ မိုင် လေးဖာလုံ အကွာ၌ တည်ရှိပြီး နှစ်စဉ် ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များ ဝင်ရောက်လျက်ရှိပြီး ၂၀၁၈ ခုနှစ်တွင် ပြည်တွင်း ပြည်ပခရီးသွားဧည့်သည် ၁၇၆၈၇၉ ဦး ဝင်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

## ၂၀၁၉ ခုနှစ်၊ (၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတင်းမီဒီယာများ တက်ရောက်နိုင်

**နေပြည်တော် မတ် ၂**

၂၀၁၉ ခုနှစ်၊ (၅၆) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ မတ် ၁၁ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**သတင်းထုတ်ပြန်ပေးသွားမည်**

ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများအနေဖြင့် အဆိုပါပြပွဲသို့ မတ် ၁၁ ရက်မှ ၁၄ ရက်ထိ ဝင်ရောက်သတင်းရယူနိုင်မည်ဖြစ်ပြီး ပြပွဲအရောင်းစာရင်း အချက်အလက်များနှင့်ပတ်သက်၍ မဏိရတနာကျောက်စိမ်းခန်းမရှိ နဝရတ်ကိုးသွယ်ဂိတ်၌ မတ် ၂၀ ရက် ညနေပိုင်းတွင် သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများအနေဖြင့် ဝင်ခွင့်ပြုလုပ်နိုင်ရေးအတွက် မတ် ၇ ရက် နောက်ဆုံးထား၍ သတ်မှတ်ပုံစံဖြည့်စွက်ကာ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်သည်။

သတ်မှတ်ပုံစံများအား မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းတွင် ရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဖုန်း ၀၆၇-၄၁၂၁၂၅၊ ၄၁၂၁၂၆ သို့ လည်းကောင်း၊ ၂၀၁၉ ခုနှစ်၊ (၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၊ စီမံရေးရာလုပ်ငန်းကော်မတီ ဖုန်း ၀၆၇-၄၁၄၄၉၇ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၂**

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) နှင့် ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

# ပဲခူးမြစ်ကူးတံတား (မြို့ဦးကင်း) ပန္နက်တော်တင် တွင်းတော်ဝန်း မင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၂

**ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့ (၃)၊ တံတားအထူးအဖွဲ့ (၉) မှ တာဝန်ယူ တည်ဆောက်မည့် ပဲခူးမြစ်ကူးတံတား (မြို့ဦးကင်း) ပန္နက်တော်တင် တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ သမိန်ဗရမ်းလမ်းဘက်ကမ်းရှိ တံတားတည်ဆောက်မည့် စီမံကိန်းနေရာ၌ ကျင်းပသည်။**

ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် အခြေခံအဆောက်အအုံများဖြစ်သည့် လမ်းနှင့် တံတားများတည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ အဆောက်အဦများ ဆောက်လုပ်ခြင်း၊ မြို့ပြဖွံ့ဖြိုးရေးနှင့် အိမ်ရာများဆောက်လုပ်ခြင်းကို စီမံချက်များချမှတ်ဆောင်ရွက်လျက် ရှိပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပြည်ထောင်စုလမ်းမကြီး ၁၄၄ လမ်းတွင် ကွန်ကရစ်လမ်း ၃၃၃ မိုင်၊ ကတ္တရာလမ်း ၃၈၅ မိုင်၊ နိုင်လွန်ကတ္တရာလမ်း မိုင် ၁၀၃၀ တို့ကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း လမ်းဦးစီးဌာနမှ လမ်းမိုင်ပေါင်း ၂၆၀၀၀ ကျော် ဖောက်လုပ်ထိန်းသိမ်းထားပြီး ပဲခူးတိုင်းဒေသကြီးတွင် လမ်းမိုင်ပေါင်း ၁၃၃၆ မိုင် ဖောက်လုပ်ထားပြီးဖြစ်ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း၌ ပါဝင်သည့် အဓိကလမ်းမကြီးဖြစ်သည့် ရန်ကုန် - မန္တလေးလမ်း၊ ရန်ကုန် - ပြည်လမ်းတို့ကိုလည်း BOT ကုမ္ပဏီများမှ လေးလမ်းသွားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ပါကြောင်း။

တံတားဦးစီးဌာနမှ မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် ပေ ၁၈၀ နှင့်အထက် တံတားကြီးပေါင်း ၅၆၀ ကျော် တည်ဆောက်ထိန်းသိမ်းထားပြီး ပဲခူးတိုင်းဒေသကြီးအတွင်း တံတားကြီး ၄၃ စင်း တည်ဆောက်ပြီးစီးခဲ့ကာ တည်ဆောက်ဆဲတံတားကြီး ၁၁ စင်းရှိပါကြောင်း။

ယနေ့ပန္နက်တင်သည့် ပဲခူးမြစ်ကူးတံတား (မြို့ဦးကင်း) သည် ပဲခူးမြို့ရှောင်လမ်း တစ်လမ်းဖြစ်သည့် စိန်သာလျောင်းလမ်းနှင့် သမိန်ဗရမ်းလမ်းပေါ်တွင် တည်ရှိပြီး အရှည် ၁၅၈ မီတာ ၅၁၈ ပေ နှစ်လမ်းသွား သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပါကြောင်း၊ တံတားပြီးစီးသွားပါက ရန်ကုန် - မန္တလေးလမ်းဟောင်းမှတစ်ဆင့် ပဲခူးမြို့ရှောင်လမ်းတွင်ရှိသည့် ဆက်စပ်ဒေသများကို အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်မည်ဖြစ်၍ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအခြေအနေများ တိုးတက်လာမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက လမ်း၊ တံတားများ တည်ဆောက်ပေးသည့်အတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာမှုအခြေအနေနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအခြေအနေတို့နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ပဲခူးမြစ်ကူးတံတား (မြို့ဦးကင်း) ပန္နက်တော်တင် တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားတွင် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

ယင်းနောက် ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး လှမျိုးရွှေ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်၊ စက်မှု၊ လက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ၊ ဦးကျော်မင်းစံ၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာ စောညို ဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ စန်းမောင်မောင်တို့က သတ်မှတ်ပန္နက်တော်နေရာများတွင် ပန္နက်တော်တင် တွင်းတော်ဝန်းပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ မင်္ဂလာမိုင်တိုင်အား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်တို့က Stand Pipe ကို Vibro Hammer ဖြင့် စက်ခလုတ်နှိပ်ရိုက်သွင်းပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပဲခူးတိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အရှည်လေးမိုင်ရှိ ပဲခူး - ရှမ်းရွာကြီး - ပေပင်ချောင် ကျေးလက်လမ်းအား အပိုင်းလိုက် ကွန်ကရစ်ခင်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

အရှည်လေးမိုင်ရှိ ပဲခူး-ရှမ်းရွာကြီး-ပေပင်ချောင် ကျေးလက်လမ်းပြီးစီးသွားပါက ကျေးရွာအုပ်စုသုံးအုပ်စု ၊ ကျေးရွာခြောက်ရွာ၊ အိမ်ခြေ ၁၇၃၀ အိမ်၊ လူဦးရေ ၇၉၅၃ ဦးကို အကျိုးပြုမည်ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးမြို့ရှောင်လမ်းအား Max Highway Co.,Ltd မှ ကတ္တရာကွန်ကရစ်ခင်းနေမှု၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးကို ဆက်သွယ်သော အဓိကကျသည့်အမှတ် (၂) လမ်းမကြီးအပိုင်းအား လေးလမ်းသွား တိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ဒုတိယဝန်ကြီး ဦးကျော်လင်း အငူမော် - မောင်တောလမ်းတွင် ကွန်ကရစ်လမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## ဒုတိယဝန်ကြီး ဦးကျော်လင်း အငူမော်-မောင်တောလမ်း၊ ကျောက်ပန္နု-အင်းဒင် - စေတီပြင်လမ်းနှင့် ဥဒေါင်း-ညောင်ချောင်းလမ်း အသစ်ဖောက်လုပ်မှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၂**

မောင်တောဒေသရှိ Asia World Co.,Ltd မှ UEHRD ၏ အစီအစဉ်ဖြင့် ကွန်ကရစ်လမ်းဖောက်လုပ်နေသော အငူမော် - မောင်တောလမ်းအား ယမန်နေ့ မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် မေယုတောင်ကျော် လမ်းဖြစ်သော ကျောက်ပန္နု-အင်းဒင်-စေတီပြင် လမ်းကို လမ်းအထူးအဖွဲ့(၁၇) မှ ဖောက်လုပ်ပြီးစီးနေမှုများ၊ မိုင်တိုင်အမှတ် ၀/၂ နှင့် ၀/၃ ကြားရှိ အရှည်ပေ ၉၀ ရှိ သံကူကွန်ကရစ်တံတား တည်ဆောက်ရေးလုပ်ငန်း၊ မိုင်တိုင်အမှတ် ၁/၂ အနီး အကျယ် ၁၈ ပေရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ မိုင်တိုင် အမှတ် ၇/၅ အနီး အရှည်ပေ ၁၀၀ ရှိသံကူကွန်ကရစ်တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်ရာ၌ လုပ်ငန်းအရည်အသွေး ကောင်းမွန်အောင် စနစ်တကျဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် စေတီပြင်စခန်း လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ လမ်းအထူးအဖွဲ့ (၁၇)မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) နှင့် တံတားဦးစီးဌာန အင်ဂျင်နီယာချုပ်တို့က လမ်းဖောက်လုပ်ပြီးစီးနေမှု၊ ကွန်ကရစ်လမ်းခင်းမည့်အစီအစဉ်များ၊ ယင်းလမ်းပေါ်ရှိ တံတားများ တည်ဆောက်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လက်ရှိလမ်းသည် မေယုတောင်ကျော်ဖောက်လုပ်သော လမ်းပိုင်းဖြစ်နေ၍ တောဆင်ရိုင်းများ၏ အန္တရာယ်ကိုလည်း အထူးဂရုစိုက်ကြရန် မှာကြားသည်။

ကျောက်ပန္နု - အင်းဒင် - စေတီပြင်လမ်းသည် ၁၀ မိုင်နှင့် ၇ ဖာလုံရှိပြီး ယခုအခါ ကျောက်ခင်းခြင်း ၉ မိုင်၊ ၁၈ ပေအကျယ် ကွန်ကရစ်လမ်း ၂ မိုင် ၄ ဖာလုံ ၊ Box Culvert ခုနစ်စင်းနှင့် တံတားနှစ်စင်း ပြီးစီးနေပြီး ကျန်တံတားများကို ယာယီဘေလီတံတားများဖြင့် မိုးတွင်းသွားလာနိုင်အောင် ဆောင်ရွက်သွားမည် ဖြစ်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်သော ဘူးသီးတောင် - သပိတ်တောင် - ညောင်ချောင်း - စေတီပြင် - အငူမော်လမ်း (ညောင်ချောင်း - စေတီပြင်အပိုင်း)နှင့် ဥဒေါင်း - ညောင်ချောင်းလမ်းတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ် (၆/၀ - ၆/၁)ကြားနှင့် မိုင်တိုင်အမှတ် (၂/၃ - ၂/၄) ကြားတို့တွင် စက်ယန္တရားကြီးဖြင့် မြေသားလမ်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ်၌ သက်သေခံအထောက်အထား အမျိုးအစားအသစ်များကို ကိုင်တွယ်ကျင့်သုံးခြင်းနှင့် တရားရုံးမှ ဦးဆောင်သည့် စေ့စပ်ဖျန်ဖြေရေးစနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**စစ်တွေ မတ် ၂**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့ပူးပေါင်း၍ ရခိုင်ပြည်နယ်တရားလွှတ်တော်၏ အစီအစဉ်ဖြင့် သက်သေခံအထောက်အထား အမျိုးအစားအသစ်များကို ကိုင်တွယ်ကျင့်သုံးခြင်းနှင့် တရားရုံးမှ ဦးဆောင်သည့် စေ့စပ်ဖျန်ဖြေရေးစနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီ တွင် စစ်တွေဟိုတယ်၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျောက်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တရားရုံးများ၌ အသုံးပြုလာနိုင်သည့် သက်သေခံပစ္စည်းအသစ်များ၏ အခြေခံသဘောတရားများ၊ ဒစ်ဂျစ်တယ် သက်သေခံချက်များဆိုင်ရာ ထူးခြားချက်များ၊ ဆိုက်ဘာရာဇဝတ်ဆိုင်ရာ အခြေခံသဘောတရားများနှင့် တရားရုံးမှ ဦးဆောင်သည့် စေ့စပ်ဖျန်ဖြေရေးစနစ်ဆိုင်ရာများကို ပြည်နယ်အတွင်းရှိ တရားရေးအရာရှိ ၃၅ ဦးက နှစ်ရက်အကြာ ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**




သက်သေခံအထောက်အထား အမျိုးအစားအသစ်များကို ကိုင်တွယ်ကျင့်သုံးခြင်းနှင့် တရားရုံးမှ ဦးဆောင်သည့် စေ့စပ်ဖျန်ဖြေရေး စနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။

## အများအားဖြင့် သာယာမည်

**နေပြည်တော် မတ် ၂**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# မြည်သင့်သလောက်သာ တီးမှုတ်ပါ

## သိုက်စိုးထွန်း(နတ်ရွာ)

**အလှူ၏ကျက်သရေ ပြောစည်မှာနေ ဆိုတဲ့စကားအရ ထမင်းရည်ချောင်းစီး တစ်သောင်းခရီးကကြားအောင် မောင်းတီးပြီးလှူဒါန်းကြတဲ့ မြန်မာတို့ရဲ့ရှင်ပြုနားသအလှူတော် မင်္ဂလာတွေမှာ မင်္ဂလာရွှေဆိုင်းတော်ရဲ့ ပြောသံ စည်သံတွေမပါမဖြစ် ထည့်သွင်းတီးမှုတ်စေပြီးတော့ လာသမျှသဟာယတွေကို ညှော်ခံဖျော်ဖြေလေ့ရှိကြပါတယ်။ အလှူတကာမှာ သူပါမှသာလျှင် ပြည့်စုံတယ်လို့ ဆိုရမလောက်ပါပဲ။ ပကာသနလို့ပဲဆိုဆို၊ အကျယ်ချဲ့တယ်လို့ပဲ ပြောပြော၊ သပရိဝါရဒါနဆိုတဲ့ပုဒ်အရ အခြံအရံတွေနဲ့ သိုင်းသိုင်းဝိုင်းဝိုင်းဖြစ်အောင် ကျက်သရေမင်္ဂလာရှိလှတဲ့ ရွှေမဏ္ဍပ်ကြီးအလယ်မှာ မှန်စီရွှေချ ရွှေဆိုင်းဝိုင်းတော်ကြီးဆင်ထားလိုက်မှသာ အလှူရယ်လို့ မည်တယ်လို့ မှတ်ယူပြီးတော့ အလှူတိုင်းနီးပါးမှာ မင်္ဂလာရွှေဆိုင်းတော်ကို ငှားရမ်းဖိတ်ကြားပြီး သာသနာ့အကိုင်းအခက်အဖြစ် ဆိုင်းဘက်က ဖျော်ဖြေညှော်ခံပေးဖို့ တာဝန်ပေးလေ့ရှိကြပါတယ်။**

ဒီနေရာမှာ တင်ပြချင်တဲ့အတွေးကတော့ မြန်မာ့ဆိုင်းပညာအကြောင်း မဟုတ်ပါဘူး။ ဆိုင်းဘက်မှာလည်း တီးမိခေါက်မိသေးတဲ့သူမဟုတ်ပါဘူး။ တွေးမိတဲ့အတွေးလေးတွေကို တင်ပြချင်နေတာကတော့ မြန်မာ့ဆိုင်းဝိုင်းကြီးမှာ ပါဝင်တဲ့အဖွဲ့တော်သားတွေရဲ့ တီးမှုတ်ညှော်ခံဖျော်ဖြေမှုဟန်ပန်လေးတွေကို ဝါသနာရှင်ပရိသတ်တစ်ဦးအနေနဲ့ နားသောတဆင်ရာကနေတစ်ဆင့် ဆင့်ပွားဖြစ်ပေါ်လာတဲ့အတွေးလေးတွေကို တင်ပြမှာပါ။

မြန်မာ့ဆိုင်းလောကမှာ ဆိုင်းတော်မင်္ဂလာရယ်ဆိုပြီး ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းတွေ အမျိုးမျိုးရှိကြပါတယ်။ နာမည်တွေသာကွဲသွားတယ်။ အခြေခံဖြစ်တဲ့ တူရိယာပစ္စည်းတွေကတော့ အတူတူချည်းပါပဲ။

တူရိယာတွေ တူကြတယ်ဆိုတော့ ဖျော်ဖြေညှော်ခံတီးမှုတ်ကြတဲ့တီးလုံးတွေ၊ သီချင်းတွေကျတော့ မတူတော့ဘူးလားလို့ မေးပြန်ရင်လည်း အားလုံးအားလုံးက ပြော၊ ရခေင်း၊ ပတ်မချီ၊ ယိုးဒယား၊ ကရောင်းချီ၊ ခုနစ်သံချီ စတဲ့ သမားစဉ်တီးလုံးတွေကိုသာ အဓိကထားတီးမှုတ်ပြီးတော့မှ ကာလပေါ်သီချင်းတွေ၊ အလှူနဲ့ဆီဆိုင်ရာ ဆီဆိုင်ရာ နောက်ထပ်နောက်ထပ် အသစ်အသစ်စပ်ဆိုထားတဲ့ သီချင်းတွေ၊ အသစ်တီထွင်ထားတဲ့ တီးလုံးတွေကို တီးကြ မှုတ်ကြတာပါ။ အဓိကအားဖြင့်ကတော့ တီးမှုတ်တဲ့တူရိယာရော၊ တီးမှုတ်တဲ့တီးလုံးတွေ၊ သီချင်းတွေရော တူကြတယ်လို့ ဆိုနိုင်မှာပါ။

အားလုံး အားလုံးတူနေမှတော့ တစ်ဆိုင်းနဲ့တစ်ဆိုင်း ဘာကွာနိုင်ဦးမလဲ၊ အတူတူပဲ မဟုတ်လားလို့ ပြောစရာရှိပါတယ်။ ဒီလိုမဟုတ်ပါ။ မတူပါဘူး။ လုံးဝမတူပါဘူး။ ယုတ်စွအဆုံး ဒီစည်းအတိုင်းထား၊ ဒီအသံပေါက်အတိုင်း ညှိ၊ ဒီသီချင်းအတိုင်းပဲ ၊ ဒီတီးလုံးအတိုင်းပဲ၊ အားလုံး ထပ်တူဖြစ်အောင် တစ်ဖက်နဲ့တစ်ဖက် ညှိနှိုင်းပြီး ဟိုဘက်အဖွဲ့နဲ့ ဒီဘက်အဖွဲ့ ယှဉ်ပြီး တီးကြမှုတ်ကြလေဦးတော့ နားဆင်ရတဲ့ဂီတသံက မတူကြပြန်ပါဘူး။

### ဘာတွေမတူကြသလဲ

ဘာတွေမတူကြသလဲ။ ဘာ့ကြောင့် မတူကြသလဲ။

မြန်မာ့ဆိုင်းမှာ ပတ်မကြီးတို့၊ စည်တိုတို့လို အတော်မြည်အောင်တီးလို့ရတဲ့ တူရိယာတွေပါသလို စူးစူးရှရှ မြည်တဲ့နှဲလည်း ပါပါတယ်။ စီစီညံညံမြည်တဲ့ ကြေးတွေ မောင်းတွေလည်းပါပါတယ်။ ဒီတူရိယာတွေ တစ်ပြိုင်တည်း တီးကြ၊ မှုတ်ကြတဲ့အခါမှာ ဘယ်တူရိယာက ဘယ်လောက်သာမြည်ရမယ်၊ ဘယ်တူရိယာက ဘယ်အချိန်မှာ အဆစ်ကလေး ဝင်ဆစ်လိုက်ရမယ်၊ ဘယ်တူရိယာက ဘယ်နေရာမှာ ရပ်ထားရမယ်၊ ဘယ်တူရိယာက ဘယ်အချိန်မှာ ရုတ်တရက်ဝင်မြည်လိုက်ရမယ် ဆိုတာမျိုးကို ဒီဆိုင်းရဲ့ ဦးစီးဦးကိုင်ဖြစ်တဲ့ ဆိုင်းဆရာက နိုင်နိုင်နင်းနင်း စီမံခန့်ခွဲထားရတာ ဖြစ်ပါတယ်။ တစ်ဖွဲ့လုံးမှာရှိကြတဲ့ အဖွဲ့ဝင်တစ်ယောက်စီ တစ်ယောက်စီဘက်က ထွက်လာမယ့် အသံတွေကို လိုအပ်သလိုထိန်းညှိနိုင်ခြင်း၊ မထိန်းညှိနိုင်ခြင်းအပေါ် မူတည်ပြီးတော့ နားဆင်ရတဲ့ သောတရှင်တွေရဲ့နားမှာ စွဲတယ်၊ မစွဲဘူးဆိုတာတွေ ကွဲသွားတာဖြစ်ပါတယ်။

ဆိုင်းကောင်းဆိုတာ ဘာကိုခေါ်သလဲလို့ ပြောကြရာမှာ ပါဝင်တဲ့အဖွဲ့သားအားလုံး အဖွဲ့နဲ့ အုံနဲ့ တီးကြ၊ မှုတ်ကြတဲ့အခါ တစ်ယောက်နဲ့တစ်ယောက်၊ တစ်ဖက်နဲ့တစ်ဖက် အချိတ်အဆက်မိမိ၊ အပေးအယူကောင်းကောင်းနဲ့ စည်းစနစ်တကျ တီးမှုတ်နိုင်တဲ့ဆိုင်းကို ဆိုင်းကောင်းလို့ ခေါ်ကြတယ်လို့ပြောရင် မှန်လိမ့်မယ်ထင်ပါတယ်။ ဒါဆို ဆိုင်းအဖွဲ့မှာပါတဲ့ တစ်ဦးချင်းတစ်ယောက်ချင်းစီရဲ့ အနုပညာအရည်အချင်းကရော အရေးမကြီးတော့ဘူးလားလို့ မေးနိုင်ပါတယ်။ ဒါလည်း အရေးကြီးပါတယ်။ သိပ်ကိုအရေးကြီးပါတယ်။ ဒီပတ်လုံးတွေကို ဒီပတ် စာကပ်ပြီး ဒီသီချင်းတီးတာချင်း အတူတူ သူတီးတော့ အသံတစ်မျိုး၊ ကိုယ်တီးတော့ အသံတစ်မျိုး။ ထွက်လာပုံချင်းက မတူ။ လက်ကျမတူ၊ အတွဲအဖက်မတူ၊ အဖိအဖော့ မတူ။ "ချို၊ ကြည်၊ မြည်၊ သာ ဉ်လေးဖြာ၊ အင်္ဂါဟူ၍ မှတ်" တဲ့။ လက်သံက ချိုလည်းချို၊ ကြည်လည်းကြည်၊ မြည်လည်းမြည်၊ သာလည်းသာဆိုတဲ့ အင်္ဂါလေးပါးလုံးပြည့်စုံအောင် တီးနိုင်ဖို့က ခက်ခဲပါဘိခြင်း။ ဒါ့ကြောင့် တစ်ဦးချင်းရဲ့ အရည်အချင်းတွေကလည်း သိပ်ကို အရေးကြီးတယ်လို့ ပြောရမှာပါ။

ဒါပေမယ့် ဆိုင်းတော်မင်္ဂလာမှာတော့ တစ်ဦးချင်းစီရဲ့ အရည်အချင်းတွေ တောက်ပြောင်နေရုံနဲ့ ဆိုင်းကောင်းတစ်ခုဖြစ်မလာပါ။ ဘာ့ကြောင့်လဲဆိုတော့ တီးတဲ့သီချင်းအပေါ်မှာ ရှေ့က ဦးဆောင်ခေါ်သွားတဲ့ ဝိုင်းဆရာက ဒီအတွဲအဖက်ကလေးနဲ့ ဒီလိုလေး ဆစ်လိုက် ပိတ်လိုက်ချင်ပါတယ်လို့ ပြောနေပေမယ့် နောက်ကနဲ့ကလည်း သူမှုတ်ချင်သလို၊ သူကောင်းမယ်ထင်သလို နင်းကန်မှုတ်နေမယ်၊ ပတ်မကြီးကလည်း ဒီသီချင်း ဒီအဆစ်ကလေးနဲ့ ချိုးထားတာကမှ အမှန်ဆိုပြီး သူချိုးချင်သလိုချိုးနေမယ်၊ စည်တို သမားကလည်း စိတ်ပါတဲ့အခါ ပေါက်ထွက်မတတ်ရိုက်လိုက်၊ ငိုက်မြည်းသွားတဲ့အခါ လက်ထဲကတုတ်လွတ်ကျတော့မလိုမျိုး မြည်တယ်ဆိုရုံလေး စိတ်မပါ့တပါရိုက်လိုက်၊ ကြေးသမား၊ မောင်းသမားတွေကလည်း သူတို့ စိတ်ထဲရှိတဲ့အတိုင်းတီးနေလိုက်ဆိုရင်တော့ ဘယ်လိုမှအဆင်ပြေမှာ မဟုတ်ပါဘူး။

တစ်ကိုယ်တော်တော်တဲ့ လူတော်တွေချည်း စုတီးကြတာတောင်မှ တစ်ခါတစ်ခါကျတော့ သိပ်အဆင်မပြေလှဘူး။ အချိတ်အဆက်၊ အတွဲအဖက်ကလေးတွေက လိုလိုနေသလိုပဲ။ သူတစ်ယောက်တည်း တစ်ကိုယ်တော် တီးတာတော့ ဟုတ်နေတာပဲ။ အဖွဲ့လိုက်တီးတော့မှ ကသောင်းကနင်းတွေဖြစ်ကုန်တယ်။ လူတော်တို့ရဲ့ဓမ္မတာအရ တော်ကြောင်းတတ်ကြောင်းပြချင်တဲ့အခါကျတော့ အဖွဲ့လိုက်ထွက်လာတဲ့အသံ ချို၊ ကြည်၊ မြည်၊ သာ ဖြစ်ရေး၊ မဖြစ်ရေးထက် ကိုယ့်လက်စွမ်းကို ပြနိုင်ရေးကိုသာ အားခဲစိုင်းပြင်းနေမိတတ်ပါတယ်။ ဒီပွဲမှာ နှဲကဖြင့် သိပ်မမြည်ဘူး ဆိုတာမျိုးကို လုံးဝအပြောမခံနိုင်ဘူး။ ဒီတစ်ခါတော့ဖြင့် မောင်းသမားက ပျော့လိုက်တာကွာ ဆိုတာမျိုးကို ဘယ်လိုမှ လက်မခံနိုင်ဘူး။ ဒီတော့ ဘယ်သူတွေ ဘယ်လိုတီးတီး ကိုယ့်လက်သံမကျသေးကြောင်းသာ ပြနိုင်ဖို့က အရေးကြီးနေတယ်ဆိုပါတော့။ ဒီလိုဒီလိုတွေ တီးနေ မှုတ်နေကြမှတော့ သောတရှင်အတွက် နားဝင်ပီယံဖြစ်တဲ့ သံစဉ်တစ်ခု ငြိမ့်ငြိမ့်ညောင်းညောင်း ပေါ်ထွက်မလာတာက မဆန်းတော့ပါဘူး။

### ဝိုင်းတော်တီးရဲ့အရည်အချင်း

ဒီတော့ ဘာအရေးကြီးသလဲဆိုတော့ ဝိုင်းဆရာပါပဲ။ ဝိုင်းဆရာက သူတီးမယ့်သီချင်း၊ သူဖျော်ဖြေမယ့် တီးလုံးမှာ ဒိုးချောင်က ဘယ်လောက်သာမြည်ရမယ်၊ ကြေးနောင်က ဘယ်ရွှေ့ဘယ်မျှသာ မြည်ရမယ်၊ နှဲက ဘယ်အသံအထိမှုတ်ရမယ် ဆိုတာကို စီမံကွပ်ကဲပေးနိုင်ရမှာပါ။ သူ့ရဲ့စီမံခန့်ခွဲမှုအရည်အချင်းအပေါ်မှာ မူတည်ပြီးတော့ပဲ တစ်ဆိုင်းလုံးရဲ့အသံက ပြောင်းလဲသွားတတ်ပါတယ်။

သူကိုယ်တိုင်ကလည်း သူ့ဝိုင်းကိုသူ ဘယ်လက်ကျ၊ ညာလက်ကျ၊ ပတ်ဖျား၊ ပတ်ရင်း ပိုင်ပိုင်နိုင်နိုင်တီးနိုင်ရပါမယ်။ တီးလုံးတစ်ပုဒ်ကနေတစ်ပုဒ်၊ သီချင်းတစ်ပုဒ်ကနေ တစ်ပုဒ် ပြောင်းတဲ့အခါမှာ ကျွမ်းကျွမ်းကျင်ကျင် မြန်မြန်ဆန်ဆန်နဲ့ ပတ်စာရေစာ အပြောင်းအလဲလုပ်နိုင်ရပါမယ်။ ပတ်စာအပြောင်းအလဲ ကြာတတ်လွန်းသူတွေအတွက်ကတော့ ကြားကာလမှာ ပရိသတ်မငြီးငွေ့အောင် ဆိုင်းနောက်ထ

စေလို့တောင်းပန်တာတောင် ထတောင်မပြန်နိုင်ကြလောက်အောင် ဖြစ်ကြရပါတယ်။

### စံနမူနာယူဖွယ်ရာဖြစ်

အနုပညာနယ်ပယ်မဟုတ်တဲ့ စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲရေးလုပ်ငန်း စတဲ့လုပ်ငန်းမျိုးစုံ၊ ကဏ္ဍမျိုးစုံမှာ ကိုယ်တစ်ယောက်တည်းမဟုတ်ဘဲ အဖွဲ့နဲ့ အုံနဲ့ကျင်းနဲ့ စုပေါင်းလုပ်ကိုင်ကြရတာမျိုးတွေ အများကြီးရှိပါတယ်။ ဒီလို စုပေါင်းဆောင်ရွက်ရတဲ့သူတွေအတွက် မြန်မာ့ဆိုင်းရဲ့အဖိ၊ အဖော့၊ အခံ၊ အအုပ် ချိတ်ဆက် အလုပ်လုပ်သွားပုံလေးတွေဟာ တကယ့်ကို စံနမူနာယူဖွယ်ရာဖြစ်နေပါတယ်။

တချို့ကျတော့လည်း လူတော်ကရှားတယ်။ သာမန် သူလိုကိုယ်လိုအရည်အချင်းမျိုးတွေသာ ပိုင်ဆိုင်ထားတဲ့သူတွေက ခပ်များများ။ ရှေ့ကသွားတဲ့သူက တော်တယ်ဆိုပါစို့။ ဒါဆိုရင်လည်း ပွဲနားချိန်တွေမှာ ကိုယ့်အဖွဲ့သားတွေကို လေ့ကျင့်ပျိုးထောင်ပေးရမှာပါ။ ပွဲမဝင်ခင် အပြင်ကကျင်းပမှုတွေ အများကြီးလုပ်ပေးရမှာပါ။ ဒါမှသာ တကယ့်ပွဲထဲမှာ အရှက်ကွဲရမယ့်အဖြစ်တွေ နည်းနိုင်သမျှ နည်းသွားမှာပါ။

လူတော်တွေနည်းတဲ့ အဖွဲ့အစည်းမို့လို့ မအောင်မြင်နိုင်ဘူးလို့ မပြောနိုင်ပါဘူး။ ဆရာမြို့မငြိမ်းဟာ မြို့မ အပျော်တမ်းတူရိယာအဖွဲ့ကြီးကို စတင်တည်ထောင်တော့ တချို့ဆို အခြေအနေက တော်တော့်ကိုဆိုးတယ်လို့ သိရပါတယ်။ ဒီတစ်ယောက်ချင်း တစ်ယောက်ချင်းစီကို ဆရာငြိမ်းက စိတ်ရှည်လက်ရှည်နဲ့ သင်ကြားလေ့ကျင့်ပေးခဲ့လိုက်တာ မြို့မအသင်းကြီး ဘယ်လောက်တောင် အောင်မြင်ခဲ့သလဲ၊ ဘယ်လောက်တောင် ပြည်သူ့အသည်းစွဲ ဖြစ်နေပြီလဲဆိုတာကို အားလုံးအသိဖြစ်ပါတယ်။ ဒါ့ကြောင့် အဖွဲ့သားတွေ အစပိုင်းမှာ ညံ့နေသေးရင်လည်း စိတ်ပျက်စရာတော့မရှိပါဘူး။ စိတ်ရှည်လက်ရှည် သင်ကြားပြသပေးဖို့သာ လိုပါတယ်။

ဆိုင်းမှာ တစ်ကိုယ်တော်လက်ကောင်းပါလျက်နဲ့ ဆိုင်းထောင်ဆရာက ကပ်စေးနဲ့လို့ဖြစ်စေ၊ ကိုယ့်ဒေသမှာ သဘင်သည်ရှားလို့ပဲဖြစ်စေ တော်စွလျော်စွလောက် တီးတတ်မှုတ်တတ်တဲ့သူလေးတွေကို ခြေကောက်လိုက်ခေါ်ပြီး မင်းကတော့ ဒါလေး မှုတ်ကွာ၊ မင်းကတော့ ဒါလေးတီးကွာ ဆိုတာမျိုးလေးတွေနဲ့သာ အဖွဲ့မည်ရုံလောက် ကောက်ဖွဲ့ထားတတ်တဲ့ ဆိုင်းတွေရှိတတ်ပါတယ်။ ဒီဆိုင်းတွေမှာ တစ်ကိုယ်တော် လက်စွမ်းပြမှာ ဘယ်လောက်လှအောင် တီးနိုင်ဆိုနိုင်ပေမယ့် အဖွဲ့လိုက်တီးမှုတ်ရတဲ့ တီးလုံးတီးကွက်တွေမှာကျတော့ ဝါးလက်ခုပ်ကလေးက တစ်ချက်ပိုတီးမိလိုက်၊ နှဲကလေးက တတီတိတိဆိုပြီး တိရမယ့်ဟာကို မတိနိုင်ဘဲ သံရှည်ဆွဲပြီး တစ်ယောက်တည်း တီခနဲသံရှည်ဆွဲကျန်နေခဲ့လိုက်၊ ဒိုးဆစ်ဆစ်ရမယ့်နေရာမှာ မဆစ်တတ်တဲ့ ဒိုးသမားက လက်ကြီးတစ်မြှောက်မြှောက်နဲ့ ကျန်နေခဲ့လိုက်နဲ့ဆိုတော့ ဟိုကဟာ၊ ဒီကဟာတွေဖြစ်ကုန်တတ်ပါတယ်။

### လက်တွေ့လုပ်ငန်းခွင်

ဒီလိုပါပဲ။ ရှေ့က ခေါင်းတွဲက အားနဲ့အင်နဲ့ဆွဲနေပါလျက်နဲ့ နောက်ကကုန်တွဲ၊

> **"အဓိကကတော့ လက်တွေ့လုပ်ငန်းခွင်ဆိုတဲ့ ဆိုင်းတော်မင်္ဂလာကြီးထဲမှာ ကိုယ်ကဘယ်နေရာကနေ တီးမှုတ်နေသလဲ၊ ကိုယ်ကိုင်ထားတဲ့ တူရိယာကဘာလဲ၊ ကိုယ့်အဖွဲ့ကြီး အခုတီးမှုတ်နေတဲ့သီချင်းက ဘာသီချင်း၊ ဘာတီးလုံးလဲ၊ ဘယ်အသံပေါက်နဲ့တီးနေသလဲ၊ ကိုယ့်တူရိယာက ဘယ်အချိန်မှာ ဝင်တီးရမှာလဲ၊ ဘယ်အချိန်အဆလောက်အထိ တီးလိုက်ဖို့လိုသလဲ၊ ဘယ်လောက်မြည်ဖို့လိုသလဲ၊ တိုးရမယ့်အချိန်လား၊ ကျယ်ရမယ့်အချိန်လား၊ ခြေဆင်းကို ဘယ်လိုတောပေးရမလဲ စသည်အားဖြင့် ကိုယ့်အပိုင်းအလိုက် ကျွမ်းကျင်ပိုင်နိုင်စွာ တီးမှုတ်ပေးနိုင်ဖို့ လိုပါတယ်။ လိုအပ်တဲ့နေရာ၊ လိုအပ်တဲ့အချိန်မှာ၊ လိုအပ်သလို ပံ့ပိုးတီးမှုတ်ပေးနိုင်ဖို့ လိုပါတယ်။ ပိုလို့လည်းမရဘူး၊ လိုလို့လည်း မရပါဘူး"**

တွေက ပြက်လုံးရှည်ရှည်နဲ့ အရွှန်းဖောက်နေရပါတယ်။ ရှေ့ကဆရာ ပတ်စာရေစာ ပြင်လို့ဆင်လို့လည်းပြီးရော၊ ပြက်လုံးခွင်လည်းပြီးရော အံကိုက်အောင် ဆောင်ရွက်ထားလိုက်ပါတယ်။ ဒါသည်ပင်လျှင် ဆိုင်းဆရာရဲ့ အရည်အချင်းလို့ ပြောရမှာပါပဲ။ ဒါတင်မက တီးနေရင်းတန်းလန်းကလည်း ကိုယ့်အဖွဲ့မှာဖြင့် ဘယ်ဘက်က ဘာသံတွေ အကျယ်ကြီး ထွက်နေတယ်၊ ဘယ်ဘက်က ဘာသံကဖြင့်လိုနေတယ်၊ ဘယ်သူတီးလိုက်တာကဖြင့် ဘယ်နှချက်ပိုသွားတယ် ဆိုတာတွေကို နားကစွင့်ထားရပါတယ်။ အားနည်းချက်၊ ချွတ်ယွင်းချက်ကို ကြားလိုက်တာနဲ့ မျက်ရိပ်မျက်ခြည် လှမ်းပြပြီး သူ့အမှားကိုပြင်စေရပါတယ်။ အဲဒီလိုကွပ်ကဲနိုင်ဖို့ဆိုတာကလည်း လုံးဝဥဿုံမဟုတ်တောင်မှ တစ်ဆိုင်းလုံးက တူရိယာတွေကို ဘယ်ဟာကဘယ်လိုတီးမှုတ်မှ ဘယ်လိုအသံထွက်တယ်ဆိုတာကို လေ့လာလိုက်စားထားမှသာ နိုင်နိုင်နင်းနင်း ကွပ်ကဲနိုင်တာဖြစ်ပါတယ်။ တစ်ပွဲတိုး နှစ်ပွဲတိုး တီးလုံးတိုက်ပြီး ဝိုင်းဆရာ အမည်ခံထားရင်တော့ အဆင်မပြေပါဘူး။ ဒါ့ကြောင့် ဝိုင်းတော်တီးရဲ့အရည်အချင်း အရေးကြီးတယ်လို့ ဆိုရခြင်း ဖြစ်ပါတယ်။

ဆိုင်းဆရာရဲ့အရည်အချင်းက အရေးကြီးတယ်ဆိုပေမယ့် သူတစ်ယောက်တည်း ကောင်းနေလို့ကလည်း မဖြစ်သေးပါဘူး။ အဖွဲ့သားအားလုံးကလည်း လိုအပ်တဲ့ ပညာရည်တွေပြည့်ဝနေဖို့လိုသလို ကိုယ်ထင်ရာကိုယ် တီးလိုက်မဟဲ့ဆိုတဲ့ သဘောမျိုးတွေ ပယ်ရှားပြီးတော့ ဆိုင်းဆရာပြတဲ့အသံအတိုင်းလိုက်တီးမှုတ်နိုင်ရမှာပါ။ ဆရာ ညွှန်ကြားတဲ့အတိုင်း တစ်သဝေမတိမ်းလိုက်နာဖို့လိုဦးမှာပါ။

အသံ၊ ဂေါဏော၊ ဥသြ၊ ဆိတ်၊ ဆင်၊ ဥဒေါင်း၊ ကြိုးကြာဆိုပြီး သံစဉ်ခုနစ်ဖြာရှိတဲ့အနက်က ဆရာ အခုတီးနေတာက ငါးပေါက်သံလား၊ ခြောက်ပေါက်သံလား၊ အပိုးသံလားဆိုတာကိုလည်း နားစွင့်ထားဖို့လိုမှာပါ။ တီးလုံးတစ်ခုမစခင်မှာ ရှေ့က အသံစမ်းပြနေတုန်းကတည်းက ဒါဘာသံလဲ၊ ဘယ်အသံကို ကူးတော့မှာလဲဆိုတာကို ရိပ်မိလိုက်ရတော့မှာပါ။ ကိုယ့်တူရိယာကိုလည်း အဲ့ဒီအသံနဲ့ ကိုက်အောင်လိုက်ပြီး တီးနိုင်မှုတ်နိုင်ရတော့မှာပါ။ အပေးအယူ၊ အချိတ်အဆက်မိတဲ့ ဆိုင်းတွေဆိုရင် မြည်သင့်တဲ့နေရာမှာ၊ မြည်သင့်တဲ့တူရိယာတွေက၊ မြည်သင့်သလောက် မြည်ကြပြီးတော့ ရပ်သင့်တဲ့နေရာရပ်၊ ဖြတ်သင့်တဲ့နေရာဖြတ်၊ ထပ်သင့်တဲ့နေရာထပ်၊ တွဲသင့်တဲ့နေရာ တွဲ၊ ခွဲသင့်တဲ့နေရာခွဲပြီး ထံတျာသဘင်ပွဲကြီးဆင်နွှဲနေလိုက်ကြတာများ သောတဆင်ရသူအပေါင်း နားဝင်ငြိမ့်ညောင်းလွန်းလို့ ညဉ့်နက်လို့ ဆိုင်းသိမ်းပါရ

လူစီးတွဲတွေက ဘီးတွေ ချော်လိုချော်၊ ဝင်ရိုးတွေ သံချေးကိုက်ပြီး ကျပ်လို ကျပ်ဖြစ်နေတာမျိုးတွေလည်း ရှိတတ်ပါတယ်။ ဒီအချိန်မှာ ကိုယ့်ရထားတွဲကိုယ် အပြန်ပြန်အလှန်လှန် စစ်ဆေးရဦးမှာဖြစ်ပါတယ်။ ဘယ်နေရာက အလိုင်းမင်းတွေအောက်နေသလဲ၊ ဘယ်နေရာက ရွဲ့နေသလဲ၊ ဘယ်နေရာမှာ အမဲဆီထည့်ပေးဖို့လိုသလဲ၊ ဘယ်အတွဲနဲ့ ဘယ်အတွဲက အချိတ်အဆက်မမိဖြစ်နေသလဲ ဆိုတာမျိုးတွေကို သေသေချာချာကြည့်နိုင်ရမှာပါ။ ဒါမှသာ ဒီရထားတစ်စင်းလုံး ချောချောမွေ့မွေ့ ခရီးနှင်နိုင်မှာပါ။ ဘယ်လိုမှ ဆွဲသွားလို့ မရတော့မယ့်အတွဲတွေကိုတော့ နီးစပ်ရာဘူတာမှာ ဖြုတ်ချထားခဲ့ရမှာပါပဲ။ ဒီလိုမဟုတ်ဘဲ နောက်တွဲတွေကို လှည့်မကြည့်ဘဲ ရှေ့ကိုချည်း အရှိန်တင်ပြီး ဇွတ်မောင်းနေပြန်ရင်လည်း နောက်တွဲတွေကြောင့် လမ်းချော်ကုန်တတ်ပါတယ်။

တင်စားညွှန်းဆိုနေရမယ်ဆိုရင်တော့ ခိုင်းနှိုင်းစရာတွေက အများကြီးရှိနေဦးမှာပါပဲ။

အဓိကကတော့ လက်တွေ့လုပ်ငန်းခွင်ဆိုတဲ့ ဆိုင်းတော်မင်္ဂလာကြီးထဲမှာ ကိုယ်က ဘယ်နေရာကနေ တီးမှုတ်နေသလဲ၊ ကိုယ်ကိုင်ထားတဲ့ တူရိယာကဘာလဲ၊ ကိုယ့်အဖွဲ့ကြီး အခုတီးမှုတ်နေတဲ့ သီချင်းက ဘာသီချင်း၊ ဘာတီးလုံးလဲ၊ ဘယ်အသံပေါက်နဲ့တီးနေသလဲ၊ ကိုယ့်တူရိယာက ဘယ်အချိန်မှာ ဝင်တီးရမှာလဲ၊ ဘယ်အချိန်အဆလောက်အထိ တီးလိုက်ဖို့လိုသလဲ၊ ဘယ်လောက်မြည်ဖို့လိုသလဲ၊ တိုးရမယ့်အချိန်လား၊ ကျယ်ရမယ့်အချိန်လား၊ ခြေဆင်းကို ဘယ်လိုတောပေးရမလဲ စသည်အားဖြင့် ကိုယ့်အပိုင်းအလိုက် ကျွမ်းကျင်ပိုင်နိုင်စွာ တီးမှုတ်ပေးနိုင်ဖို့ လိုပါတယ်။ လိုအပ်တဲ့နေရာ၊ လိုအပ်တဲ့အချိန်မှာ၊ လိုအပ်သလို ပံ့ပိုးတီးမှုတ်ပေးနိုင်ဖို့လိုပါတယ်။ ပိုလို့လည်းမရဘူး၊ လိုလို့လည်းမရပါဘူး။

သဘင်သည် သဘင်သည်နဲ့ အမြင်လွယ်ပေမယ့် တကယ်လုပ်တော့ အဟုတ်ခက်ပါသတဲ့။ ပြောလို့သာပါ။ ဘယ်နယ်ပယ်ဖြစ်ဖြစ် သူ့နေရာနဲ့သူတော့ ခက်ခဲကြတာချည်းပါပဲ။ ဒါ့ကြောင့် ကိုယ့်အတွက်နဲ့ ကိုယ့်တစ်ဖွဲ့သားလုံးတီးမှုတ်နေတဲ့ ဂီတသံစဉ်ကြီး အရသာမပျက်ရစေရေးအတွက် ဘယ်အရာကိုမှ ခပ်ပေါ့ပေါ့ သဘောမထားဘဲနဲ့ ကိုယ့်နယ်ပယ်နဲ့ကိုယ် ကျွမ်းကျင်ပိုင်နိုင်အောင် လေ့လာဆည်းပူးထားပြီးတော့ လိုအပ်တဲ့ အချိန်မှာ လိုအပ်သလို၊ လိုတဲ့အသံအတိုင်း တီးမှုတ်ပံ့ပိုးပေးနိုင်ကြပါစေလို့.........။ ။

# (၅) ကြိမ်မြောက် မြန်မာနိုင်ငံ နှလုံးဆေးပညာရှင်များအဖွဲ့ ညီလာခံဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၂**

(၅)ကြိမ်မြောက် မြန်မာနိုင်ငံ နှလုံးဆေးပညာရှင်များအဖွဲ့ ညီလာခံ (5th Myanmar Cardiac Society Conference) ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ရှိ Lotte Hotel ၌ ယနေ့ နံနက်ပိုင်းတွင် ကျင်းပသည်။

**နှလုံးရောဂါဆေးပညာ တိုးတက်နေ**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြန်မာနိုင်ငံ နှလုံးရောဂါဆရာဝန်လူငယ်များအတွက် ပြည်တွင်းပြည်ပမှ ဝါရင့်နှလုံးဆရာဝန်ကြီးများထံမှ အတွေ့အကြုံများကို မျှဝေရရှိနိုင်မည့် အခွင့်အရေးကောင်းကို အတတ်နိုင်ဆုံးရရှိအောင် ကြိုးစားရယူကြစေလိုပါကြောင်း၊ ညီလာခံတွင် ဆွေးနွေးမည့် အကြောင်းအရာများသည် ကျယ်ပြန့်သော နှလုံးရောဂါဆေးပညာကို လွှမ်းခြုံနိုင်သည်ကို တွေ့ရှိရပါကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် ကုသရေးဆိုင်ရာ နှလုံးရောဂါဆေးပညာသည် အဘက်ဘက်မှ အလွန်လျင်မြန်စွာ တိုးတက်နေသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း။

အထူးအရေးကြီးသည့်အချက်မှာ ပြည်သူ့ကျန်းမာရေး ရှုထောင့်မှ သုံးသပ်ဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ နှလုံးသွေးကြောဆိုင်ရာ ရောဂါအမျိုးမျိုးဖြစ်ပွားခြင်းကို လျှော့ချရေးအတွက် ပြည်သူ့ကျန်းမာရေးအပိုင်းသည် ကုသရေးပိုင်းကို နည်းဗျူဟာကျကျ အထောက်အကူပြုရမည်ဖြစ်ပါကြောင်း၊ ကုသရေးဘက်နှင့် ပြည်သူ့ကျန်းမာရေး နှစ်ဖက်ဆွေးနွေးထားသော သဘောတူမှုဘောင်ရှိ လုပ်ငန်းရပ်များကို တစ်ဆင့်ပြီးတစ်ဆင့် ကုသရေးဘက်နှင့် ပြည်သူ့ကျန်းမာရေးပညာရှင်များ တက်တက်ကြွကြွ၊ ရင်းနှီးနီးကပ်စွာ အတူတကွပူးပေါင်းဆောင်ရွက်မှသာ နှလုံးသွေးကြောဆိုင်ရာရောဂါများ ဖြစ်ပွားမှုလျှော့ချရေး အောင်မြင်မည်ဖြစ်ပါကြောင်း။

**ဆက်လက်အကောင်အထည်ဖော်**

ဤညီလာခံ၏ ရည်ရွယ်ချက်ခေါင်းစဉ်မှာ "ပြီးပြည့်စုံသော နှလုံးကျန်းမာရေးဆီသို့ ချီတက်စို့" (Marching Towards Comprehensive Heart Health) ဖြစ်ပြီး အလွန်အနှစ်သာရရှိ ကောင်းမွန်သည်ကို တွေ့ရှိရပါကြောင်း၊ ဤရည်ရွယ်ချက်ကို ညီလာခံပြီးသည့်အခါတွင် အလွယ်တကူပျောက်ပျက်မသွားစေဘဲ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။





**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး (၅)ကြိမ်မြောက် မြန်မာနိုင်ငံ နှလုံးဆေးပညာရှင်များအဖွဲ့ညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

"မြန်မာနိုင်ငံတွင် နှလုံးသွေးကြောဆိုင်ရာ ရောဂါများသည် ဖြစ်ပွားမှုအများဆုံး၊ ဆေးရုံတက်ရောက်ရမှု အများဆုံး၊ သေဆုံးရခြင်းအကြောင်းအရင်း အများဆုံးဖြစ်သည်" ဆိုသော အချက်ကို ပျောက်ပျက်သွားစေရေးအတွက် မိမိတို့အားလုံး စုပေါင်းကြိုးစား ဆောင်ရွက်ကြပါစို့ဟု ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆရာဝန်အသင်း ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ အေးအောင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ နှလုံးဆေးပညာရှင်များအဖွဲ့ ပါမောက္ခ ဒေါက်တာ ဝင်းဝင်းကျော်က နှုတ်ခွန်းဆက်စကားပြောကာ ညီလာခံကျင်းပရေးကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာနွယ်နွယ်က ကျေးဇူးတင်စကားပြောကြားသည်။

**ပြခန်း ဖဲကြိုးဖြတ်ဖွင့်လှစ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံဆရာဝန်အသင်း ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာအေးအောင်နှင့် ပါမောက္ခ ဒေါက်တာဦးအောင်တို့က ညီလာခံအထိမ်းအမှတ် ပြခန်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညီလာခံတွင် ခင်းကျင်းပြသထားသည့် နှလုံးဆေးပညာစာတမ်းများနှင့် ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါညီလာခံကို ၂၀၁၉ ခုနှစ် မတ် ၂ ရက်မှ ၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး စင်ကာပူ၊ မလေးရှား၊ ဗီယက်နမ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ဘရူနိုင်း၊ ဖိလစ်ပိုင်၊ အီတလီ၊ ယူကေ၊ ကိုရီးယား၊ သြစတြေးလျ၊ ဂျပန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ထိုင်ဝမ်နှင့် အိမ်ရှင် မြန်မာနိုင်ငံတို့မှ ဟောပြောဆွေးနွေးသူ ၂၈ ဦးတို့က ဟောပြောဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ကျင်းပသည့် Asian Development Fund 12 Midterm Review Meeting တက်ရောက်

နေပြည်တော် မတ် ၂

**ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ အာရှဖွံ့ဖြိုးရေးဘဏ်ဌာနချုပ်တွင် ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၈ ရက်အထိ Asian Development Fund 12 (ADF 12) Midterm Review Meeting အခမ်းအနားကိုကျင်းပရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း တက်ရောက်ခဲ့သည်။** (အောက်ပုံ)

အစည်းအဝေးတွင် ADF 12 ပြန်လည်သုံးသပ်မှုများကို ပြုလုပ်ခဲ့ပြီး (2017-2020)၏ သက်တမ်းကာလဝက် ဖွံ့ဖြိုးရေးရန်ပုံငွေ၏ ထိရောက်မှုများကို





ဆွေးနွေးသည်။ ရန်ပုံငွေမှ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုနယ်ပယ်အပေါ် ပံ့ပိုးကူညီခြင်း၊ ဒေသတွင်း ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများအပေါ် ပံ့ပိုးကူညီခြင်းများကိုလည်း ဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့အပေါ် အထူးအစီအစဉ်ဖြင့် ရန်ပုံငွေ ခွဲဝေကူညီမှုများနှင့်ပတ်သက်၍ ဆက်လက် ဆောင်ရွက်ရန်ကိစ္စများကိုလည်း ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ရန်ပုံငွေအတွက် အနာဂတ်ရည်မှန်းချက်နှင့် ADF 13 အတွက် ကြိုတင်စီမံမှုများကို ဆွေးနွေးခဲ့သည်။

**ချေးငွေစီမံကိန်းများ**

ADF 12 အစီအစဉ်အောက်တွင် နိုင်ငံတွင်းပဋိပက္ခများ ရင်ဆိုင်ဖြေရှင်းနေရမှုနှင့် ဖွံ့ဖြိုးမှုနောက်ကျမှုအခြေအနေများအရ မြန်မာနိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့ကို Special Allocation အဖြစ် အတိုးနှုန်းသက်သာသော ချေးငွေများကို ပေးအပ်ထားရာ ချေးငွေစီမံကိန်းများ အကောင်အထည်ဖော်မှု၊ ထိရောက်မှုနှင့် ဆက်လက်လိုအပ်မှု အခြေအနေများကို မြန်မာနိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့မှ ရှင်းလင်းတင်ပြခဲ့ကြသည်။ ရှင်းလင်းတင်ပြမှုများနှင့် ADB ၏ အကြံပြုသုံးသပ်ထောက်ခံချက်များအရ အစည်းအဝေးမှ မြန်မာနိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့အား Special Allocation ဆက်လက်ခွဲဝေပေးရန် ဆုံးဖြတ်သည်။

**ဓာတ်အားကွန်ရက် ဖွံ့ဖြိုးတိုးတက်ရေး**

မြန်မာနိုင်ငံသည် ADF အစီအစဉ်အောက်တွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုစနစ် တိုးတက်ရေးစီမံကိန်း၊ မအူပင်-ဖျာပုံလမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်း၊ အိန္ဒြ-ကော့ကရိတ် လမ်းပိုင်း အဆင့်မြှင့်တင်ခြင်းစီမံကိန်း၊ မန္တလေးမြို့ပြဝန်ဆောင်မှု ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရန်ကုန်တိုင်းဒေသကြီး ၂၃၀ ကေဗွီ ဓာတ်အားလိုင်းစီမံကိန်း၊ လယ်ယာကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ လူငယ်များ အလုပ်အကိုင်ရရှိရေးအတွက် လေ့ကျင့်ပြုစု မွေးထုတ်ရေး စီမံကိန်း၊ မဲခေါင်မြစ်ဝှမ်းဒေသ ကျန်းမာရေး လုံခြုံမှုစီမံကိန်း၊ မဟာမဲခေါင်ဒေသခွဲ စကြံ့လမ်းရှိ မော်လမြိုင်၊ ဘားအံ၊ မြဝတီမြို့များ ဖွံ့ဖြိုးရေးစီမံကိန်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး အဆင့်မြှင့်တင်ခြင်းနှင့် ပဲခူး-သန်လျင် အဝေးပြေးလမ်း ပြုပြင်ထိန်းသိမ်းခြင်းစီမံကိန်း၊ လျှပ်စစ်ဓာတ်အားကွန်ရက် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ရာသီဥတုနှင့် လိုက်လျောညီထွေရှိသည့် စိုက်ပျိုးစီးပွား တန်ဖိုးကွင်းဆက်စီမံကိန်းတို့ကို အကောင်အထည်ဖော်လျက်ရှိကြောင်း သိရှိရသည်။ **သတင်းစဉ်**

# ပြည်ခရိုင် ပြည်မြို့နယ် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ ဖွဲ့စည်း

**ရန်ကုန် မတ် ၂**

ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်း ပြည်ခရိုင် ပြည်မြို့နယ် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁၀ နာရီက ပြည်မြို့နယ် လမ်းရှည်လမ်းရှိ ကုန်သည်နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ ကျင်းပသည်။

အဆိုပါဖွဲ့စည်းခြင်းအခမ်းအနားတွင် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးမောင်မြင့်နှင့် ဒုတိယဥက္ကဋ္ဌများ၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးမိုးနှင့် ဗဟိုအလုပ်အမှုဆောင်တို့က စားသုံးဆီဖူလုံရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရေးတို့နှင့်ပတ်သက်၍ ကဏ္ဍအလိုက် ဆွေးနွေးကြသည်။

ထို့နောက် ပြည်ခရိုင် ပြည်မြို့နယ် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းကို ဥက္ကဋ္ဌ ဦးရဲဝင်းအောင်၊ အတွင်းရေးမှူး ဒေါက်တာ နေလင်းအောင်(ခ)ကိုပြည့်နှင့် အလုပ်အမှုဆောင် ၂၅ ဦးတို့ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ပြီး မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက အမှတ်တရလက်ဆောင်များ ပေးအပ်သည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပ

**ရန်ကုန် မတ် ၂**

မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း ဆဋ္ဌမအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို မတ် ၁ ရက် မွန်းလွဲပိုင်းက မြန်မာအပြည်ပြည်ဆိုင်ရာ လယ်ယာသုံးစက်ကိရိယာ ၂၀၁၉ ပြပွဲ ခင်းကျင်းပြသလျက်ရှိသည့် ဦးဝိစာရလမ်း တပ်မတော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်က အမှာစကား ပြောကြားပြီး အသင်းတွဲဖက်အတွင်းရေးမှူး ဦးဝေယံတင့်ဆန်းက ၂၀၁၈ ခုနှစ် အလုပ်အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့ကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူသည်။

ယင်းနောက် အသင်းဒုတိယဥက္ကဋ္ဌ ဦးခင်မြင့်က ၂၀၁၉ - ၂၀၂၂ ခုနှစ်အတွက် မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်၊ အတွင်းရေးမှူး ဦးလှိုင်စိုး တို့ပါဝင်သည့် ဗဟိုအလုပ်အမှုဆောင် ၂၁ ဦးနှင့် အလုပ်အမှုဆောင် ၁၆ ဦးတို့၏ အမည်စာရင်းကို ဖတ်ကြားတင်ပြပြီး အသင်းဝင်များ၏ အတည်ပြုချက်ကို ရယူသည်။

မြန်မာနိုင်ငံ လယ်ယာကဏ္ဍတွင် ထွက်ကုန်သီးနှံအလိုက် ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်ဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၂၀၀၅ ခုနှစ် မတ် ၁၁ ရက်တွင် အမိန့်ကြော်ငြာစာထုတ်ပြန်၍ မြန်မာနိုင်ငံ ဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများ အသင်းကို ဖွဲ့စည်းခဲ့သည်။

အသင်း၏ ရည်ရွယ်ချက်များဖြစ်သည့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ ခေတ်မီနည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ စိုက်ပျိုးရေးသုံး ခေတ်မီစက်ကိရိယာများရရှိရေးအတွက် စီစဉ်ဆောင်ရွက်ရန်နှင့် ပြည်တွင်းပြည်ပသင်တန်းများ၊ လေ့လာရေးခရီးများ၊ ဆွေးနွေးပွဲများစီစဉ်ဆောင်ရွက်ရန်နှင့် သုတေသနလုပ်ငန်း များပြုလုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းသည် အမြတ်ခွဲဝေခြင်းမရှိသော အစိုးရမဟုတ်သည့် NGO အဖွဲ့အစည်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတွင် အသင်းခွဲများ ဖွဲ့စည်းထားပြီး အသင်းဝင်ကုမ္ပဏီ ၃၉ ခု၊ ပုဂ္ဂလိက ၁၂၅ ဦးနှင့် တောင်သူ ၁၈၆၁ ဦးရှိကြောင်း သိရှိရသည်။

**အောင်သူရ**

# စမတောင် လူငယ်ဖွံ့ဖြိုးရေး ကလေးငယ်များအား ဆန်နှင့် စာရေးကိရိယာများလှူဒါန်း

**နေပြည်တော် မတ် ၂**

စိုက်ပျိုးရေးဦးစီးဌာန စပါးသီးနှံဌာနခွဲမှ အရာထမ်း၊ အမှုထမ်းမိသားစုများသည် နေပြည်တော် လယ်ဝေးမြို့နယ် သာဝတ္ထိမြို့ 'စမ' တောင် မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေးဥယျာဉ်ရှိ ကလေးငယ်များအတွက် ဆန်၊ စာရေးကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကို ဖေဖော်ဝါရီ ၂ ရက်က အဆိုပါ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ် ဆရာတော်ထံ သွားရောက်လှူဒါန်းကြသည်။ ယခုအခါ လယ်ဝေးမြို့နယ် 'စမ' တောင် မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်၌ ပြုစုစောင့်ရှောက်ထားသူ ၉၃၀ ရှိပြီး တစ်နေ့တာအတွက် ကျွေးမွေးလှူဒါန်းမှုစရိတ်မှာ ငွေကျပ် ၁၅ သိန်းခန့်ရှိကြောင်းနှင့် အာဟာရဒါနနှင့် ပညာရေးအတွက် အထောက်အကူပြုပစ္စည်းများ လှူဒါန်းလိုပါက ဖုန်း - ၀၉-၄၉၂၀၅၅၃၁၊ ၀၉-၄၂၀၇၅၇၀၇၀ တို့သို့ လှူဒါန်းနိုင်ကြောင်း သိရသည်။

**ကိုပေါက် (ဥက္ကာမြေ)**

# မန္တလေးတိုင်းဒေသကြီးအတွင်း ဓာတ်အားတိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေး၊ ဓာတ်အားပြတ်တောက်မှုနှင့် ပျောက်ဆုံးမှု လျော့နည်းကျဆင်းရေးနှင့် ဓာတ်အားစနစ် တည်ငြိမ်တိုးတက်ကောင်းမွန်စေရေးတို့အတွက် လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် မတ် ၂

**မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ လျှပ်စစ်ဓာတ်အားတိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေး၊ ဓာတ်အားပြတ်တောက်မှုလျော့နည်းကျဆင်းစေရေး၊ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုလျော့နည်းစေရေးနှင့် ဓာတ်အားစနစ်တည်ငြိမ်တိုးတက်ကောင်းမွန်စေရေးတို့အတွက် ဝန်အားပြည့် ဓာတ်အားခွဲရုံများ အဆင့်မြှင့်တင်ခြင်း၊ ဓာတ်အားလိုင်းအပြစ်ဖြစ်ပွားခြင်းနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)



**အလေးအနက်ထား ဆောင်ရွက်ကြရန်လို**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က တစ်နိုင်ငံလုံး၏ ဓာတ်အားထုတ်လုပ်မှုအနေဖြင့် ၃၅၈၆ မဂ္ဂါဝပ်ခန့် ထုတ်လုပ်ပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး၏ အမြင့်ဆုံးဓာတ်အားသုံးစွဲမှုမှာ ၆၁၄ ဒသမ ၇၈ မဂ္ဂါဝပ်ခန့် သုံးစွဲလျက်ရှိပြီး မြို့နယ်များသို့ ဗို့အားပြည့်ဝပြီး တည်ငြိမ်သည့်လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးနိုင်ရေးအတွက် ခရိုင်အတွင်းရှိ ဝန်အားပြည့်နေသော ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ ဓာတ်အားပြတ်တောက်မှုနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရေးတို့အတွက် အလေးအနက်ထား ဆောင်ရွက်ကြရန်လိုကြောင်း။

နိုင်ငံတော်မှ ရည်မှန်းဆောင်ရွက်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှုများအတွက် လိုအပ်သည့် ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်မျှော်မှန်းပြီး ထုတ်လုပ်မှုအပိုင်း၊ ပို့လွှတ်မှုအပိုင်းနှင့် ဖြန့်ဖြူးမှုအပိုင်းများကို အသင့်ဖြစ်စေရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ရင်းနှီးမြှုပ်နှံမှုများအတွက် မိမိတို့ဝန်ကြီးဌာနသည် အဓိကကျသည့်အတွက် ရင်းနှီးမြှုပ်နှံသူများ စိတ်ဝင်စားမှုမြင့်မားလာအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ၎င်းအပြင် လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်၍ မိမိတို့ဒေသရှိ ပြည်သူလူထုနှင့် အနီးကပ်ထိတွေ့ပြီး ပြည်သူလူထု၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် မိမိတို့ဒေသအား လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရန် နည်းလမ်းမျိုးစုံဖြင့် စဉ်းစား၍ စီမံဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့ဆောင်ရွက်နေသည့် လုပ်ငန်းများအပေါ် အဂတိတရားကင်းရှင်းစွာ တာဝန်ယူမှု တာဝန်ခံမှုအပြည့်ဖြင့် မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်များ အောင်မြင်အောင် စေတနာထား၍ ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်သူကို လေးလေးစားစားဆက်ဆံရန်နှင့် ပြည်သူများ၏ တုံ့ပြန်မှုများကို ပြန်လည်သုံးသပ်၍ မိမိတို့၏ အတွေ့အကြုံဗဟုသုတပညာရပ်များကို အသုံးချပြီး ပြည်သူကိုအကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး၊ ခရိုင်လျှပ်စစ်မန်နေဂျာများမှ မိမိတို့ခရိုင်အတွင်းရှိ မြို့နယ်များ၏ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးထားမှုအခြေအနေ၊ နှစ်အလိုက် ဓာတ်အားတိုးတက်သုံးစွဲလာမှုနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ်က ခရိုင်များအတွင်းရှိ ခွဲရုံအသီးသီး၏ ဓာတ်အားလိုင်းများ အခြေအနေ၊ ခွဲရုံများရှိ ထရန်စဖော်မာများ၏ ဝန်အားနှင့် ဓာတ်အားသုံးစွဲမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များအပေါ် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဖြည့်စွက်ဆွေးနွေးတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှ တာဝန်ရှိသူများနှင့်လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပသည်။

**အများဆုံးသုံးစွဲခွင့်ပြုခဲ့**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မန္တလေးတိုင်းဒေသကြီးရှိ စက်မှုဇုန်/စက်မှုလက်မှုလုပ်ငန်းများတွင် ယခုလက်ရှိသုံးစွဲနေသော ဝန်အားမှာ ၁၆၁ ဒသမ ၇၈၅ မဂ္ဂါဝပ် သုံးစွဲလျက်ရှိပြီးနောက် ထပ်လိုအပ်လာမည့် ဓာတ်အားလိုအပ်ချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးရန်အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စက်မှုဇုန်များ၏ ဓာတ်အားလိုအပ်ချက်ကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးနိုင်ရန် Infrastructure များကိုလည်း အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အများပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ အသုံးပြုနိုင်ရေးအတွက်သာမက စက်မှုလက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ လျှပ်စစ်ဓာတ်အားကို အလုံအလောက် ဖြန့်ဖြူးပေးနိုင်မှသာ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍသည် များစွာတိုးတက်လာနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုရန်ပုံငွေကို အများဆုံးသုံးစွဲခွင့်ပြုခဲ့ကြောင်း။

ဝန်ကြီးဌာနအနေဖြင့် စက်မှုလက်မှုလုပ်ငန်းရှင်များကြုံတွေ့နေရသည့် အခက်အခဲများကို ကူညီဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့ကြုံတွေ့နေရသည့်အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ပြောကြားစေလိုကြောင်း၊ မိမိတို့ဆောင်ရွက်နေမှုသည် ပူးပေါင်းဆောင်ရွက်မှုနည်းလမ်းဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အကြိမ်ကြိမ်တွေ့ဆုံကြခြင်းဖြင့် ရလဒ်များရရှိလာမည်ဖြစ်ပါကြောင်း၊ နောင်တွင်လည်း ဆက်လက်တွေ့ဆုံနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်း**

ထို့နောက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေးစက်မှုဇုန်(၁၊၂၊၃)၊ မြင်းခြံစက်မှုဇုန်၊ မိတ္ထီလာစက်မှုဇုန်များ၏ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများမှ လျှပ်စစ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာ လိုအပ်ချက်များကို အသီးသီးတင်ပြဆွေးနွေးခဲ့ကြရာ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်မှ ထပ်မံဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ယင်းနောက် တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးမှ လိုအပ်သည်များကို မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ တပ်ကုန်းမြို့၌ တွေ့ဆုံ

**နေပြည်တော် မတ် ၂**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် တပ်ကုန်းမြို့နယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်မိရပ်ဖများတွေ့ဆုံပွဲအခမ်းအနားကို မတ် ၁ ရက် နံနက်က တပ်ကုန်းမြို့ အောင်ဆန်းခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**



အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်က ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ရှင်းလင်းတင်ပြသည်။

**ပြန်လည်ရှင်းလင်းဖြေကြား**

ထို့နောက် တက်ရောက်လာကြသည့် ရပ်မိရပ်ဖများ၊ ပြည်သူများက တပ်ကုန်းမြို့နယ်အတွင်း လိုအပ်ချက်များဖြစ်သည့် မြို့ရှောင်လမ်းဖောက်လုပ်ပေးရေး၊ မြို့ပေါ်ရပ်ကွက်နေ ပြည်သူများအား ရေပေးဝေပေးရေး၊ မီးပွိုင့်တစ်ခု ထပ်မံတပ်ဆင်ပေးရေး၊ အနော်ရထာရပ်ကွက်နှင့် တပ်ကုန်းမြို့အကြားမှ မြေယာများအား မြို့မြေကွက်ဖော်ဆောင်ပေးရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေထွက်မြောင်းများ တူးဖော်ပေးရေး ကိစ္စများအား တင်ပြကြရာ တာဝန်ရှိသူများမှ ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်းတာ(တပ်ကုန်း)**

## ကရင်ပြည်နယ်၌ မိုင်တစ်ထောင်ကျော်ရှိ ကျေးလက်လမ်းများ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေ

**ဘားအံ မတ် ၂**

ကရင်ပြည်နယ်တစ်ခုလုံးတွင် ခရိုင်အဖြစ် ဘားအံခရိုင်နှင့် ကော့ကရိတ်ခရိုင်ဟူ၍ ခရိုင်နှစ်ခုရှိပြီး မြို့နယ်ပေါင်း ခုနစ် မြို့နယ်၌ ကျေးရွာအုပ်စု ၃၇၄ အုပ်စုနှင့် ကျေးရွာပေါင်း ၂၀၁၄ ရွာ၌ ကျေးလက်လူဦးရေပေါင်း ၁၁၆၀၅၂၃ ကျော်တို့ နေထိုင်လျက်ရှိကြသည်။

အဆိုပါ ကျေးလက်နေပြည်သူတို့အတွက် ကျေးရွာချင်းဆက်လမ်းပေါင်း ၁၁၈၈ မိုင် ၂ ဖာလုံရှိရာ ကတ္တရာကွန်ကရစ်လမ်း ၁၂၄ မိုင် ၅ ဖာလုံ၊ ကျောက်လမ်း ၁၄၅ မိုင် ၅ ဖာလုံနှင့် မြေသားလမ်း၊ ဂဝံလမ်း၊ မြေနီလမ်း ၉၁၈ မိုင် ၂ ဖာလုံရှိပြီး အဆိုပါလမ်းမိုင်အတွင်း တံတားပေါင်း ၉၇၇ စင်းရှိသည်။

ယင်းလမ်းများထဲမှ ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်း မဖြစ်သေးသည့် ကျေးလက်လမ်းအားလုံးနှင့် ကွန်ကရစ်တံတားမဖြစ်သေးသည့် တံတားများကို ကရင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ရာသီမရွေးသွားနိုင်မည့် ကတ္တရာလမ်း၊ ကွန်ကရစ်လမ်းခင်းခြင်း၊ ကွန်ကရစ်တံတားများ တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ဦးစားပေးအဆင့် သုံးဆင့် သတ်မှတ်၍ လုပ်ငန်းတင်ဒါများ ခေါ်ယူဆောင်ရွက်သွားမည်ဟု သိရသည်။

**ခရမ်းစိုးမြင့်**



## အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် မတ် ၂**

ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့က ဗဟိုဝန်ထမ်းတက္ကသိုလ် နဝရတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်းက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၂၉ ဦး၊ သင်တန်းသူ ၁၀ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရှစ်ပတ်ကြာမြင့်ခဲ့သည်။

**သတင်းစဉ်**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မတ် ၂**

ထူးခြားသည့် နေ့အပူချိန်များမှာ မကွေးမြို့၊ အောင်လံမြို့၊ တောင်တွင်းကြီးမြို့၊ ရွှေကျင်မြို့၊ ညောင်လေးပင်မြို့၊ ဖြူးမြို့၊ ကြို့ပင်ကောက်မြို့၊ ဘော်လခဲမြို့၊ ဘားအံမြို့၊ ကော့ကရိတ်မြို့၊ မြဝတီမြို့၊ သထုံမြို့၊ မော်လမြိုင်မြို့၊ ရေးမြို့နှင့် သိမ်ဇရပ်မြို့တို့တွင် ၃၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မတ် ၂**

၂၀၁၈-၂၀၁၉ ပညာသင်နှစ်၊ အခြေခံပညာအဆင့် အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းအတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်းကို ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနမှ ထုတ်ပြန်လိုက်သည်။

**ယမန်နေ့မှအဆက်**

## အခြေခံပညာဦးစီးဌာန၊ ၂၀၁၉ ခုနှစ်၊ ဒသမတန်း လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၃၂ | မသက်စုမွန် | ပါရမီ(ကပက) | မုံရွာ | မုံရွာ |
| ၃၃ | မောင်သက်ဇော်နိုင် | အထက-ကျားတက် | ဆားလင်းကြီး | ယင်းမာပင် |
| ၃၄ | မမေမြတ်နိုး | အောင်ထက်အောင်(ကပက) | ယင်းမာပင် | ယင်းမာပင် |
| ၃၅ | မောင်ဖြိုးထက်ပိုင် | အထက(၃)ကသာ | ကသာ | ကသာ |
| ၃၆ | မောင်ဇမ်ဘိုဘိုထွန်း | အထက-ထီးချိုင့် | ထီးချိုင့် | ကသာ |
| ၃၇ | မဝင်းသီတာကို | အထက-ဝန်းသို | ဝန်းသို | ကသာ |
| ၃၈ | မခိုင်ဇာဝင်း | အထက-မိချောင်းအင်း | ပင်လည်ဘူး | ကသာ |
| ၃၉ | မောင်ညီမင်းခန့် | အထက(၃)ကလေး | ကလေး | ကလေး |
| ၄၀ | မဖူးသဇင်ခိုင် | အထက(၃)ကလေး | ကလေး | ကလေး |
| ၄၁ | မောင်အောင်ခန့်ဇော် | အထက - မော်လိုက် | မော်လိုက် | မော်လိုက် |
| ၄၂ | မဝင့်ဝါတွယ်တာ | အထက - ဖောင်းပြင် | ဖောင်းပြင် | မော်လိုက် |
| ၄၃ | မောင်မျိုးလွင်ထွန်း | အထက-နောင်ပိုအောင် | ဟုမ္မလင်း | ခန္တီး |
| ၄၄ | မအင်ကြင်းဖြူ | အထက-နောင်ပိုအောင် | ဟုမ္မလင်း | ခန္တီး |
| ၄၅ | မောင်ယဉ်မင်းအောင် | အထက(၃)ထားဝယ် | ထားဝယ် | ထားဝယ် |
| ၄၆ | မအိခင်ချောပြည့် | ပညာရွှေပြည်(ကပက) | ထားဝယ် | ထားဝယ် |
| ၄၇ | မောင်လှဘုန်းဟန် | အထက(၁)မြိတ် | မြိတ် | မြိတ် |
| ၄၈ | မောင်ဝေယံဖြိုး | အထက(၁)ကော့သောင်း | ကော့သောင်း | မြိတ် |
| ၄၉ | မရွှေဇင်သန့် | အထက(၁)မြိတ် | မြိတ် | မြိတ် |
| ၅၀ | မခြူးခြူးယမုံ | အထက-ပုလော | ပုလော | မြိတ် |
| ၅၁ | မောင်ညီညီအောင် | အထက(၁)ပဲခူး | ပဲခူး | ပဲခူး |
| ၅၂ | မထိုက်ထိုက်အောင် | အထက-ဖောင်တော်သီ | ဒိုက်ဦး | ပဲခူး |
| ၅၃ | မောင်ရှိုင်းလင်းအောင် | အထက(၂)ပြွန်တန်ဆာ | ညောင်လေးပင် | ပဲခူး |
| ၅၄ | မရွှေသဇင် | အထက-ပဲခူး | ရွှေကျင် | ပဲခူး |
| ၅၅ | မောင်စိုးမိုးထက် | ဟိန်း(ကပက) | ရေတာရှည် | တောင်ငူ |
| ၅၆ | မောင်အောင်ပြည့်သျှံ | အထက(၁)ကညွတ်ကွင်း | ဖြူး | တောင်ငူ |
| ၅၇ | မစန်းယုယုဖွေး | အထက(၁)တောင်ငူ | တောင်ငူ | တောင်ငူ |
| ၅၈ | မလင်းလက်မွန် | ပန်းပျိုးခင်း(ကပက) | ဖြူး | တောင်ငူ |
| ၅၉ | မောင်လင်းသန့် | အထက-မြို့မ | ပေါင်းတည် | ပြည် |
| ၆၀ | မောင်ဘုန်းမြတ်ပိုင် | အထက(၁)ပြည် | ပြည် | ပြည် |
| ၆၁ | မစိန်စီတိုး | အထက(၁)ပြည် | ပြည် | ပြည် |

*(ဆက်လက်ဖော်ပြပါမည်)*

## အခြေခံပညာဦးစီးဌာန၊ ၂၀၁၉ ခုနှစ်၊ နဝမတန်း လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၃၂ | မသဲသဲဝါ | မိုးဦးပန်း(ကပက) | မုံရွာ | မုံရွာ |
| ၃၃ | မောင်သာဇေတိုး | အထက-ကနီ | ကနီ | ယင်းမာပင် |
| ၃၄ | မကြည်ကြည်ဟန် | အထက-မင်းတိုင်ပင် | ပုလဲ | ယင်းမာပင် |
| ၃၅ | မောင်ခန့်ဆွေဦး | အထက-မဲဇာ | အင်းတော် | ကသာ |
| ၃၆ | မောင်အောင်အောင်ဦး | အထက-ဝန်းသို | ဝန်းသို | ကသာ |
| ၃၇ | မမြတ်သီရိလင်း | အထက-ဝန်းသို | ဝန်းသို | ကသာ |
| ၃၈ | မသိင်္ဂီမီမီကို | အထက(၃)ကသာ | ကသာ | ကသာ |
| ၃၉ | မောင်စည်သူဝင်း | အားမာန်(ကပက) | ကလေး | ကလေး |
| ၄၀ | မသူသူဟန် | အထက(၃)ကလေး | ကလေး | ကလေး |
| ၄၁ | မောင်စိုးထက်ဖြိုး | အထက-ပန်းသာ | မော်လိုက် | မော်လိုက် |
| ၄၂ | မအိသက်မွန်ဇော် | အထက-မော်လိုက် | မော်လိုက် | မော်လိုက် |
| ၄၃ | မောင်ထက်ဖြိုးအောင် | အထက-ခန္တီး | ခန္တီး | ခန္တီး |
| ၄၄ | မရွှေယမင်းသွယ် | အထက(၁)ဟုမ္မလင်း | ဟုမ္မလင်း | ခန္တီး |
| ၄၅ | မောင်ခန့်ဦးအောင် | အထက(၁)ထားဝယ် | ထားဝယ် | ထားဝယ် |
| ၄၆ | မသင်းမြတ်သီရိဖြိုး | ပညာရွှေပြည်(ကပက) | ထားဝယ် | ထားဝယ် |
| ၄၇ | မောင်ဘုန်းသုတ | အထက(၁)မြိတ် | မြိတ် | မြိတ် |
| ၄၈ | မောင်မင်းဟန်ခက် | အထက-ပုလော | ပုလော | မြိတ် |
| ၄၉ | မသိမ့်ရည်နွေး | အထက(၁)မြိတ် | မြိတ် | မြိတ် |
| ၅၀ | မအိကြည်ဖြူကျော် | အထက(ခွဲ)ပုလော | ပုလော | မြိတ် |
| ၅၁ | မောင်ခိုင်ခန့်ကျော် | လင်းရောင်သစ်(ကပက) | ညောင်လေးပင် | ပဲခူး |
| ၅၂ | မနှင်းဝေခိုင် | အထက(၂)ညောင်လေးပင် | ညောင်လေးပင် | ပဲခူး |
| ၅၃ | မောင်ဝေတိုးဇော် | အထက-ကျောက်တံခါး | ကျောက်တံခါး | ပဲခူး |
| ၅၄ | မထက်ရွှေရည်ဖြိုး | အထက-ကဝ | ကဝ | ပဲခူး |
| ၅၅ | မောင်နေနိုင်လွန်း | အထက-နတ်စင်ကုန်း | တောင်ငူ | တောင်ငူ |
| ၅၆ | မောင်ဝေယံဖြိုး | အထက-ဝဲကြီး | ဖြူး | တောင်ငူ |
| ၅၇ | မရွှေမြင့်မြတ် | အထက(၇)တောင်ငူ | တောင်ငူ | တောင်ငူ |
| ၅၈ | နော်သေးနေအော | အထက-ကျောက်ကြီး | ကျောက်ကြီး | တောင်ငူ |
| ၅၉ | မောင်အောင်ဖုန်းပြည့် | အထက(၁)ပြည် | ပြည် | ပြည် |
| ၆၀ | မောင်မင်းပြည့်စုံ | အထက-ပေါင်းတည် | ပေါင်းတည် | ပြည် |
| ၆၁ | မသက်နှင်းလွင်လွင် | အထက-ကြာနီကန် | ရွှေတောင် | ပြည် |
| ၆၂ | မချိုကြည်သာသင်း | အထက-အောင်ဆန်း | ပြည် | ပြည် |

*(ဆက်လက်ဖော်ပြပါမည်)*

## အခြေခံပညာဦးစီးဌာန၊ ၂၀၁၉ ခုနှစ်၊ အဋ္ဌမတန်း လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၃၆ | မောင်အောင်နိုင်သန့် | အထက(၂)ကောလင်း | ကောလင်း | ကသာ |
| ၃၇ | မဆုပြည့်ပြည့်နိုင် | အထက-ထီးချိုင့် | ထီးချိုင့် | ကသာ |
| ၃၈ | မဇင်သန့်မွန် | အထက-ပင်လည်ဘူး | ပင်လည်ဘူး | ကသာ |
| ၃၉ | မောင်ဉာဏ်စင်လင်းထက် | အထက(၆)ကလေး | ကလေး | ကလေး |
| ၄၀ | မနှင်းပွင့်ရွှေရည် | အထက(၆)ကလေး | ကလေး | ကလေး |
| ၄၁ | မောင်ဘုန်းခွန်ဖြိုး | အထက - ဖောင်းပြင် | ဖောင်းပြင် | မော်လိုက် |
| ၄၂ | မသန္တာကျော် | အထက - ဖောင်းပြင် | ဖောင်းပြင် | မော်လိုက် |
| ၄၃ | မောင်မူးငူ | အထက-ခန္တီး | ခန္တီး | ခန္တီး |
| ၄၄ | မခင်သီတာငြိမ်း | အထက-နောင်ပိုအောင် | ဟုမ္မလင်း | ခန္တီး |
| ၄၅ | မောင်မင်းဟန်သာ | အထက(၁)ထားဝယ် | ထားဝယ် | ထားဝယ် |
| ၄၆ | မအိမြတ်ဖူး | အထက-သရက်ချောင်း | သရက်ချောင်း | ထားဝယ် |
| ၄၇ | မောင်ကောင်းစည်သူ | အထက(ခွဲ)အလက(၁) | မြိတ် | မြိတ် |
| ၄၈ | မောင်ဇော်ဘုန်းသန့် | အထက(ခွဲ)အလက(၁) | ကော့သောင်း | မြိတ် |
| ၄၉ | မစိုးဝင်းမြတ် | အထက(၁)မြိတ် | မြိတ် | မြိတ် |
| ၅၀ | မစုမြတ်ဇော်ဇော် | အထက-ပုလော | ပုလော | မြိတ် |
| ၅၁ | မယုသွယ်အောင် | အထက(၂)ဒိုက်ဦး | ဒိုက်ဦး | ပဲခူး |
| ၅၂ | မောင်စံလင်းသန့် | အထက(၁)ဒိုက်ဦး | ဒိုက်ဦး | ပဲခူး |
| ၅၃ | မသံသာမိုးသန့် | အထက(၃)ပဲခူး | ပဲခူး | ပဲခူး |
| ၅၄ | မောင်တိုးတက်လင်း | အထက(၂)ညောင်လေးပင် | ညောင်လေးပင် | ပဲခူး |
| ၅၅ | မောင်စိုင်းမင်းခန့်ထွန်း | လေ့ကျင့်ရေးအလယ်တန်းကျောင်း | တောင်ငူ | တောင်ငူ |
| ၅၆ | မောင်သုထက်နိုင် | အထက-ရေတာရှည် | ရေတာရှည် | တောင်ငူ |
| ၅၇ | မသင်းဆုစန္ဒီ | အထက(၇)တောင်ငူ | တောင်ငူ | တောင်ငူ |
| ၅၈ | မအေးချမ်းမေ | အထက-ရေတာရှည် | ရေတာရှည် | တောင်ငူ |
| ၅၉ | မောင်ဇော်မိုးထိုက် | အထက(၁)ပြည် | ပြည် | ပြည် |
| ၆၀ | မောင်ကောင်းဆက်ဟန် | အထက-ပေါင်းတည် | ပေါင်းတည် | ပြည် |
| ၆၁ | မယွန်းရွှေရည်လင်း | အထက-မင်းကွက် | ပေါင်းတည် | ပြည် |
| ၆၂ | မမေမြတ်သက်နွယ် | အထက(၅)ပြည် | ပြည် | ပြည် |
| ၆၃ | မောင်မြတ်မင်းစံ | အထက- မြို့မ | နတ်တလင်း | သာယာဝတီ |
| ၆၄ | မောင်ဉာဏ်မင်းနိုင် | အထက- မြို့မ | ဇီးကုန်း | သာယာဝတီ |
| ၆၅ | မမျိုးမြမြနှင်း | အထက-သုံးဆယ် | သာယာဝတီ | သာယာဝတီ |
| ၆၆ | မသွန်းနဒီစံ | အလက(ခွဲ)ရန်ကုန်ပြည်လမ်း | ကြို့ပင်ကောက် | သာယာဝတီ |
| ၆၇ | မောင်ကောင်းထက် | အထက(၁)မကွေး | မကွေး | မကွေး |
| ၆၈ | မောင်ထူးဝင့်အောင် | အထက(၁)ရေနံချောင်း | ရေနံချောင်း | မကွေး |
| ၆၉ | မအိမ့်ဆုပြည့် | အလက-ကန်သာ | မကွေး | မကွေး |

*(ဆက်လက်ဖော်ပြပါမည်)*

# ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများ ဖိတ်ခေါ်ခြင်း

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၁၉ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ (၂၂)ကြိမ်မြောက် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာ ပန်းချီ ပြိုင်ပွဲများအတွက် ယှဉ်ပြိုင်မည့် စာမူနှင့် လက်ရာများ ဖိတ်ခေါ်ပါသည်။

(၁) ပြိုင်ပွဲဝင်ရမည့် ဆောင်ပုဒ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -
- (က) "အနာဂတ်ပန်းများပွင့်လန်းဖို့ မူးယစ်အန္တရာယ်ကာကွယ်စို့"
- (ခ) "အပေါင်းအသင်းရွေးချယ်ပါ"
- (ဂ) "ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ မူးယစ်ရန်မီးငြိမ်းသတ်စို့"
- (ဃ) "နိုင်ငံကိုချစ် လူမျိုးချစ်၊ မူးယစ်မှန်သမျှ တိုက်ဖျက်ပစ်"
- (င) "မျိုးဆက်သစ်ဘဝ လှပဖို့၊ မူးယစ်ဟူသမျှ ရှောင်ရှားစို့"
- (စ) " ဦးစွာနားထောင်ပါ "

Listen FIRST | Listening to children and youth is the first step to help them grow healthy and safe

(၂) **ဝတ္ထုတို**နှင့် **ဆောင်းပါး**စာမူကို စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ သို့မဟုတ် ကွန်ပျူတာစာစီ၍ မူရင်းနှင့် မိတ္တူပေါင်း ၂ စောင် ပေးပို့ရမည်။ စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အတွင်း ဖြစ်သည်။

(၃) **ကဗျာ**စာမူကို စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ သို့မဟုတ် ကွန်ပျူတာစာစီ၍ မူရင်းနှင့်မိတ္တူပေါင်း ၂ စောင် ပေးပို့ရမည်။ စပ်ထုံးစပ်နည်း မှန်ကန်ပြီး စာကြောင်းရေ ၅၀ မှ ၁၀၀( ပါဒ ၁၀၀ မှ ၂၀၀ )အတွင်း ရှိရမည်။

(၄) **တေးသီချင်း** သည် တစ်ဦးချင်း သို့မဟုတ် အဖွဲ့နှင့် သီဆိုနိုင်၍ ပရိသတ် နားစွဲလွယ်သော ကိုယ်ပိုင်သံစဉ် သီချင်းသစ်ဖြစ်ပြီး စကားလုံး ကျစ်လျစ်ထိရောက်ရမည်။ အပြီးသတ်အချောသွင်းထားသော သီချင်း CD Master နှင့်အတူ စာသားကို သပ်ရပ်စွာရေး၍ (သို့မဟုတ်) ကွန်ပျူတာစာစီ၍ မူရင်း ၁ စောင်ကို ဂီတသင်္ကေတ မူရင်း ၁ စောင် နှင့်အတူ ပေးပို့ရမည်။

(၅) **ဓာတ်ပုံ**သည် Photo Essay အဖြစ် ရောင်စုံသို့မဟုတ် Monochrome ဖြစ်ပြီး ရွေးချယ်ထားသည့် ဆောင်ပုဒ်နှင့် လျော်ညီစွာ ရိုက်ကူးထားသော ပုံသေး ၃ ပုံမှ ၅ ပုံ အထိ ထည့်သွင်းပေးပို့ရမည်။ အဆိုပါ ပုံငယ်များ၏ Original Files များနှင့် ၁၂" × ၁၈" အရွယ်ဓာတ်ပုံ၏ FINAL OUTPUT PRINT FILE ကို CD တွင် ထည့်သွင်းပေးပို့ရမည်။

(၆) **ကွန်ပျူတာပိုစတာ**သည် ခေါင်းစဉ်နှင့်ရေးဆွဲမှု ထိရောက်သေချာရမည်။ တင်ပြပုံ ရှင်းလင်းသပ်ရပ်ရမည်။ ယှဉ်ပြိုင်သည့်ပုံအား ၇" × ၉" အရွယ် A 4 Size စက္ကူနှင့် ပုံထုတ်ပြီး CD ဖြင့် ကူးယူပေးပို့ရမည်။ ယခင်နှစ်များမှ ဆုရရှိပြီးသောပုံများအား ကူးယူရေးဆွဲခြင်းနှင့် ရေးဆွဲသည့်ပုံတွင် ရေးဆွဲသူ၏ ကိုယ်ရေးအချက်အလက်များ ထည့်သွင်းရေးဆွဲခြင်းမပြုရ။ ရေးဆွဲသည့်ပုံတွင် မိမိရွေးချယ်သော ခေါင်းစဉ်အား ပေါ်လွင်အောင် ထည့်သွင်းရေးဆွဲရမည်။

(၇) **ပန်းချီ၊ ကာတွန်း၊ ပိုစတာ**ပြိုင်ပွဲများကို မူလတန်း၊ အလယ်တန်းနှင့်အထက်တန်းဟူ၍ ၃ ဆင့် ယှဉ်ပြိုင်ခွင့်ပြုသည်။ မူလတန်းအဆင့် (၃/၄ တန်း)၊ အလယ်တန်းအဆင့် (၅/၆/၇ တန်း)နှင့် အထက်တန်းအဆင့် (၈/၉/ /၁၀ တန်း) ဖြစ်ပါသည်။ ရေးဆွဲမည့်စက္ကူ ယူလာရန်မလိုပါ။ ၁၅" × ၂၀"အရွယ် ရေးဆွဲရမည်။ ခဲတံ(သို့မဟုတ်) ရောင်စုံခဲတံဖြင့် ရေးဆွဲခြင်းမပြုရ။ နှစ်သက်ရာဆေးကိုယူလာပြီး နှစ်သက်ရာနည်းဖြင့် ပန်းချီ၊ ပိုစတာရေးဆွဲချိန် ၃ နာရီ၊ ကာတွန်းရေးဆွဲချိန် ၂ နာရီ သတ်မှတ်၍ ကျောဘက်တွင် လက်မှတ်ရေးထိုးရမည်။

(၈) **ကွန်ပျူတာပန်းချီ**ပြိုင်ပွဲကို အလယ်တန်းနှင့် အထက်တန်းဟူ၍ နှစ်ဆင့် ခွဲပြီး ယှဉ်ပြိုင်ခွင့်ပြုသည်။ အလယ်တန်းအဆင့် (၅/၆/၇ တန်း)နှင့် အထက်တန်းအဆင့် (၈/၉/၁၀ တန်း) ဖြစ်ပါသည်။ ပြိုင်ပွဲအချိန်အတွင်း ရေးဆွဲထားသောပုံ ဖြစ်ရမည်။ အသင့်ရေးဆွဲထားသောပုံမပါစေရ။ Software Programme ကို Corel draw, Photoshop, Claris office ကြိုက်ရာတစ်မျိုးမျိုးဖြင့် ရေးဆွဲနိုင်ပါသည်။ ရေးဆွဲချိန် ၃ နာရီ သတ်မှတ်ရမည်။ ယှဉ်ပြိုင်သည့် ပုံအား A4 Size စက္ကူနှင့် ပုံထုတ်ပြီး CD ဖြင့် ကူးယူရာတွင် မူရင်းပုံအပြင် Jpeg Format ဖြင့် ပုံကို သိမ်းဆည်း၍ ပေးပို့ရမည်။ ယခင်နှစ်များမှ ဆုရရှိပြီးသောပုံများအား ကူးယူရေးဆွဲခြင်းမပြုရ။

(၉) **ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ**ပြိုင်ပွဲတို့တွင် ပြိုင်ပွဲတစ်ခုစီအတွက် တစ်ဦးလျှင် စာမူတစ်စောင်၊ တေးသီချင်းပြိုင်ပွဲတွင် တစ်ဦးလျှင်တစ်ပုဒ်၊ ကွန်ပျူတာပိုစတာပြိုင်ပွဲတွင် တစ်ဦးလျှင် တစ်ပုံယှဉ်ပြိုင်ခွင့်ရှိသည်။

(၁၀) **ဓာတ်ပုံ**ပြိုင်ပွဲဝင်တစ်ဦးလျှင် ၁၂ " × ၁၈" အရွယ် Photo Essay ၄ ပုံ အထိ ယှဉ်ပြိုင်နိုင်သည်။ ပုံများ၏အကြောင်းအရာ Caption ကို စာကြောင်းရေ ၅ ကြောင်းခန့် ရေးသားပြီး ဓာတ်ပုံ၏ နောက်ဘက်တွင် ကပ်ထားရမည်။ ပြိုင်ပွဲဝင် ၁ ဦးလျှင် ဆုကြီး ၁ ဆုနှင့် နှစ်သိမ့်ဆု ၂ ဆု ခံစားခွင့်ရှိသည်။

(၁၁) **ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ** ပြိုင်ပွဲဝင်များသည် အတန်း အထောက်အထားအတွက် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်ဖြင့် တိုင်းဒေသကြီး/ ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များမှ ကြီးမှူးကျင်းပသည့် လက်တွေ့ရေးဆွဲ ယှဉ်ပြိုင်ပွဲများမှတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်။ တိုင်းဒေသကြီး/ ပြည်နယ်များမှ သင့်လျော်သည့် နေ့ရက်တွင် ပြိုင်ပွဲကျင်းပရမည်။

(၁၂) ပြိုင်ပွဲဝင်များအားလုံးသည် ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၂ ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ ကိုယ်ရေးအကျဉ်း၊ ကိုယ်တိုင်ရေးသား၊ သီကုံး၊ ရိုက်ကူး၊ ရေးဆွဲခြင်းဖြစ်ကြောင်း၊ မည်သည့် စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိကြောင်းနှင့် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက် ပူးတွဲပေးပို့ရမည်။

(၁၃) ပြိုင်ပွဲဝင် စာမူများနှင့် လက်ရာများကို တာဝန်ခံ၊ မူးယစ်ပြတိုက်၊ ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လိပ်မူပေးပို့ရမည်။ ဆက်သွယ်ရန် ဖုန်းအမှတ်မှာ ၀၁ - ၅၀၅၂၆၁ ဖြစ်ပါသည်။

(၁၄) ပြိုင်ပွဲဝင်စာမူနှင့် လက်ရာများ၊ နောက်ဆုံးရောက်ရှိရမည့် နေ့ရက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | တေးသီချင်း | ၃-၅-၂၀၁၉ |
| (ခ) | ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ | ၁၃-၅-၂၀၁၉ |
| (ဂ) | ဓာတ်ပုံ | ၇-၆-၂၀၁၉ |
| (ဃ) | ကွန်ပျူတာပိုစတာ | ၆-၆-၂၀၁၉ |
| (င) | ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ | ၁၁-၆-၂၀၁၉ |

(၁၅) ပြိုင်ပွဲအားလုံးတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆု ၃ ဆု ရွေးချယ်မည်ဖြစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များမှ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုချီးမြှင့်မည် ဖြစ်ပါသည်။ အလွတ်တန်းပြိုင်ပွဲများမှ ပထမဆု ရရှိသူ ၆ ဦးကို နေပြည်တော်တွင် ဆုချီးမြှင့်မည်ဖြစ်ပါသည်။

(၁၆) ရွေးချယ်ခြင်းမခံရသည်များကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

**မှတ်ချက်။** မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူကာ ပြည်သူအားလုံးမှ တက်ကြွစွာ ပူးပေါင်းပါဝင်ယှဉ်ပြိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့က မြို့နယ်များ၌ မှုခင်းအသိပညာပေးဟောပြော

**တာမွေ**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မေတ္တာညွန့် ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဖေဖော်ဝါရီလနောက်ဆုံးပတ်က တာမွေ မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှဘုန်း ကျော်က ရပ်ကွက်နေ ပြည်သူ ၄၅ ဦးခန့်ကို မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါး တားဆီးရေးနှင့် ပပျောက်ရေးအတွက် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **မြန်မာ့အလင်း**

**လှည်းကူး**

လှည်းကူးမြို့နယ် ညောင်နှစ်ပင်(ဂ) ကျေးရွာအုပ်စု ညောင်နှစ် ပင်(ဂ)အခြေခံပညာအထက်တန်း(ခွဲ) ကျောင်း၌ ဖေဖော်ဝါရီလနောက်ဆုံးပတ်က မှုခင်းကျဆင်းရေးအသိပညာပေး ဟောပြောပွဲကို ညောင်နှစ်ပင်(ဂ) နယ်မြေရဲစခန်းမှူး ရဲအုပ်ချမ်းငြိမ်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးသူဇာလွင်တို့က ဟောပြောပို့ချပြီး တက်ရောက်လာသော မိဘဆရာများ၊ ကျောင်းသားကျောင်းသူ ၃၅၀ တို့ကို အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဟန်စိုး**

**သာကေတ**

ရန်ကုန်မြို့ သာကေတမြို့နယ်ရဲတပ်ဖွဲ့ သာကေတနယ်မြေရဲစခန်း ရဲအုပ်သန်းစိုး (စခန်းမှူး)က ဖေဖော်ဝါရီလ နောက်ဆုံးပတ်က ၁၀/မြောက်ရပ်ကွက်၊ ရတနာလမ်းမွာရုံ၌ သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေးအတွက် ရပ်ကွက်နေပြည်သူများအား အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **မြန်မာ့အလင်း**

**နေပြည်တော်**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရဲတပ်ဖွဲ့မှူး၏ ဦးဆောင်မှုဖြင့် အသိပညာပေးဟောပြောမှုကို ဖေဖော်ဝါရီလနောက်ဆုံးပတ်က သပြေတန်းကျေးရွာဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးလွင်နှင့် ပတ္တာနယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းရွှင်၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ဇော်လင်းထက်တို့က လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏အန္တရာယ်၊ ပြစ်မှုပြစ်ဒဏ်တို့ကို အသိပညာပေးဟောပြောရာ အုပ်ချုပ်ရေးမှူး ဦးဇော်ဦးနှင့် ဒေသခံ ၈၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်လှိုင်သင်း (နေပြည်တော်)**

**ရန်ကင်း**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁၁) ရပ်ကွက် မင်္ဂလာသိဒ္ဓိ ဘုန်းတော်ကြီးကျောင်း သာသနာ့ရံသိမ္မာရုံ၌ ဖေဖော်ဝါရီလနောက်ဆုံးပတ်က ရန်ကင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူး သိန်းထွန်းအောင်က သက်ငယ်မုဒိမ်း ကျဆင်းရေးနှင့် မှုခင်းကျဆင်းရေးအတွက် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **မြန်မာ့အလင်း**



**စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် ငါးရဟိုးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ရဲလွင်ဦးစီးသည့်တပ်ဖွဲ့ဝင်များသည် သက်ငယ်မုဒိမ်းမှုများမဖြစ်ပွားရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးများကို လည်းကောင်း၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး အောင်စိုးနိုင်က မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်/လမ်းစည်းကမ်းလိုက်နာရေးတို့ကို လည်းကောင်း အသိပညာပေးဟောပြောစဉ်။** ရဲပြန်ကြား



# ပေကျင်းမြို့၌ ကျင်းပမည့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံညီလာခံသို့ တက်ရောက်သတင်းရယူရန် မြန်မာမီဒီယာကိုယ်စားလှယ်အဖွဲ့ ထွက်ခွာ

**ရန်ကုန် မတ် ၂**

တရုတ်နိုင်ငံပေကျင်းမြို့၌ ကျင်းပမည့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံညီလာခံ (CPPCC) နှင့် အမျိုးသားပြည်သူ့ ကွန်ဂရက်(NPC) တို့တွင် တက်ရောက်သတင်းရယူနိုင်ရန် မြန်မာမီဒီယာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ခရီးထွက်ခွာသွားကြောင်း သိရသည်။ **(အပေါ်ပုံ)**

တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံညီလာခံ (CPPCC) ကိုပေကျင်းမြို့၌ မတ် ၃ ရက်တွင် လည်းကောင်း၊ အမျိုးသားပြည်သူ့ကွန်ဂရက်(NPC) ကို မတ် ၅ ရက်တွင်လည်းကောင်း ကျင်းပမည်ဖြစ်ရာအစိုးရနှင့် ပုဂ္ဂလိကမီဒီယာအချို့မှ တာဝန်ရှိသူများနှင့် သတင်းသမားများ ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မတ် ၂ ရက်က China Airline ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တရုတ်နိုင်ငံပေကျင်းမြို့သို့ ထွက်ခွာသွားသည်။

အဆိုပါကိုယ်စားလှယ်အဖွဲ့တွင် ဒီမိုကရေစီတူဒေးသတင်းစာမှ အယ်ဒီတာချုပ် ဦးလှိုင်ဝင်းနှင့်အတူ အစိုးရနှင့်ပုဂ္ဂလိက သတင်းမီဒီယာသမား ၁၁ ဦးတို့ လိုက်ပါသွားခဲ့ကြပြီး အဆိုပါကိုယ်စားလှယ်အဖွဲ့ကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများက လိုက်လံပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရသည်။

**ဒီတီ**

❍ *ကျောဖုံးမှ*

စိုးအာကာ (မကွေး)၊ ထွန်းနန္ဒဦး (မြဝတီ)၊ **နောက်တန်း-**ဝင်းမိုးကျော် (မကွေး)၊ ထူးခန့်လွင်၊ သူရိန်စိုး (ရန်ကုန်)၊ ရဲရင့်အောင် (၁) (ရတနာပုံ)၊ ဇင်ရဲနောင် (အား/ကာ သိပ္ပံ)၊ စိုးမိုးကျော် (ရောဝတီ)၊ ရဲမင်းသူ၊ ဟိန်းဖြိုးဝင်း၊ ဇွဲထက်မင်း (ရှမ်း)၊ **အလယ်တန်း-**လွင်မိုးအောင် (ရောဝတီ)၊ အောင်နိုင်ဝင်း၊ မြတ်ကောင်းခန့်၊ ရဲရင့်အောင် (၂) (ရတနာပုံ)၊ မြတ်ထွန်းသစ်၊ ဇေယျာနိုင်၊ စိုးလွင်လွင် (မကွေး)၊ ဟိန်းထက်အောင် (ဟံသာဝတီ)၊ ဇွဲသက်ပိုင် (ရှမ်း)၊ **ရှေ့တန်း-**ကောင်းထက်စိုး၊ လှမ်းမိုးဦး (ရန်ကုန်)၊ ဝင်းနိုင်ထွန်း (ရတနာပုံ)၊ ထက်ဖြိုးဝေ၊ စအောင်ပြည့်ကို (ရှမ်း)၊ အောင်ကောင်းမာန် (ရောဝတီ) တို့ ပါဝင်ကြသည်။

မြန်မာ ယူ-၂၂ အသင်းသည် မတ် ၄ ရက် ညနေပိုင်းတွင် လေ့ကျင့်မှု စတင်ပြုလုပ်မည်ဖြစ်ပြီး ခြေစစ်ပွဲမတိုင်မီ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် မတ် ၉ ရက်တွင် စင်ကာပူလိဂ်၌ လာရောက်ကစားနေသည့် ဂျပန်ကလပ် နီဂါတာအသင်းနှင့် ရန်ကုန်မြို့၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ပြည်တွင်းခြေစမ်းပွဲများလည်း ထပ်မံကစားမည်ဖြစ်သည်။ မြန်မာအသင်းပါဝင်သည့် အာရှ ယူ-၂၃ ခြေစစ်ပွဲကို ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ပြီး ဂျပန်၊ မကာအို၊ တီမောအသင်းတို့နှင့်အတူ ကျရောက်နေသည်။ **ညီမြတ်သော်တာ**

# (၁၉)ကြိမ်မြောက် ပွန်ဂဲလ်(ခ)ကောက်သစ်စားပွဲနှင့် တောင်သူလယ်သမား ဦးကြီးများအား ဂုဏ်ပြုပွဲ ကျင်းပ

**ရန်ကုန် မတ် ၂**

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)က ကြီးမှူးပြီး (၁၉)ကြိမ်မြောက် ပွန်ဂဲလ်(ခ) ကောက်သစ်စားပွဲနှင့် တောင်သူလယ်သမားဦးကြီးများအား ဂုဏ်ပြုသည့်အခမ်းအနားကို ယနေ့ညပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏလမ်းဆုံအနီး သုဝဏ္ဏဘူမိ Event Park ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြို့တော်ဝန် ဦးမောင်မောင်စိုး၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ် ဟိန္ဒူဖောင်ဒေးရှင်းမှ တာဝန်ရှိသူတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆီမီးထွန်းညှိ၍ အခမ်းအနားကို စတင်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးသိန်းလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်၍ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူ ဖောင်ဒေးရှင်း အထွေထွေအတွင်းရေးမှူး ဦးချစ်ဝင်းက တမီလ်ဘာသာဖြင့် အသင်း၏လုပ်ဆောင်ချက်များကို ရှင်းလင်းပြောကြားသည်။



အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ရှိသူများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်းနှင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအသင်းတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တမီလ်လူမျိုးများ တက်ရောက်ကြသည်။

ယနေ့ကျင်းပသည့် ပွန်ဂဲလ်(ခ) ကောက်သစ်စားပွဲနှင့် တောင်သူလယ်သမားများအား ဂုဏ်ပြုသည့် ကောက်သစ်စားပွဲ အခမ်းအနားတွင် မြန်မာ့ရိုးရာအကများ၊ အိန္ဒိယနိုင်ငံမှ အနုပညာရှင်များက အဆို၊ အက၊ ဟာသများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**မင်းသစ်**

**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြို့တော်ဝန် ဦးမောင်မောင်စိုး၊ အိန္ဒိယသံအမတ်ကြီးနှင့် တာဝန်ရှိသူများက ဆီမီးထွန်းညှိ၍ အခမ်းအနားကို စတင်စဉ်။**

ဓာတ်ပုံ-ဇော်မင်းလတ်

---

✤ *ကျောဖုံးမှ*

မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းဟု မသိရသော လူများက ဖမ်းဆီးခေါ်ဆောင်သွားခံရမှုများ၊ အစိုးရအဖွဲ့က တာဝန်ယူဖြေရှင်းနေရသည့် တိုက်ပွဲရှောင်ဒုက္ခသည်များ၊ ၎င်းကိစ္စများ အများကြီး ဖြစ်ပျက်နေသည့်ကိစ္စနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် အဓိကထားကာ ဆောင်ရွက်နေကြခြင်း ဖြစ်ပါကြောင်း။

**မဖြစ်သင့်သည်များမဖြစ်ရအောင် ကြိုတင်လုပ်ဆောင်ရ**

ယခုဖြစ်စဉ်က သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့များ၊ တာဝန်ရှိသူများက ၎င်းတို့တာဝန်များကို ထမ်းဆောင်သည့်နေရာမှာ သတင်းလက်ဦးမှုရယူပြီး သတင်းတည်ဆောက်ကာ ကြိုတင်မဖြစ်သင့်သည်များကို မဖြစ်ရအောင် ကြိုတင်လုပ်ဆောင်ရခြင်းများလည်း ရှိပါကြောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးဖြစ်ဖြစ်၊ ပြည်သူများဖြစ်ဖြစ် အားလုံးပြည်သူပြည်သားများသည် အခြေခံဥပဒေအောက်တွင် နေထိုင်ရခြင်းဖြစ်သည့်အတွက်ကြောင့် ဥပဒေဘောင်အတွင်းမှာမရှိသည့်၊ မနေသည့် အဖွဲ့အစည်းများ၊ လူများသည် အရေးယူခံရခြင်း၊ ခေါ်ယူစစ်ဆေးခံရခြင်းများရှိနိုင်ပါကြောင်း၊ လုံခြုံရေးကိစ္စများနှင့် ပတ်သက်၍လည်း ရဲတပ်ဖွဲ့မှ ရှင်းလင်းသွားမည်ဖြစ်ကြောင်း။

လက်ရှိ မြောက်ဦးမြို့နယ်တွင် ကျေးရွာအုပ်ချုပ်ရေးမှူး ၆၆ ဦး နုတ်ထွက်သွားသည့် ကိစ္စနှင့်ပတ်သက်၍ ကျေးရွာအုပ်ချုပ်ရေးမှူးများသည် ရပ်ရွာပြည်သူများက တင်မြှောက်ထားသော အုပ်ချုပ်ရေးမှူးများဖြစ်ပါကြောင်း၊ ၎င်းတို့သည် တည်ဆဲဥပဒေများကို လိုက်နာရသူများ ဖြစ်ပါကြောင်း၊ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရသည့် အဖွဲ့အစည်းများဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့်ဆိုလျှင် နိုင်ငံတော်က စရိတ်နှင့်ထောက်ပံ့ကြေးများပေးပြီး ကျေးရွာဖွံ့ဖြိုးရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် မိမိ၏ကျေးရွာမှာ တာဝန်ခံနိုင်သည့်ပုဂ္ဂိုလ်များကို ရွေးကောက်ကာ ခန့်ထားခံရသူများဖြစ်ပါကြောင်း၊ တာဝန်ပေးအပ်သည့်အခါတွင်လည်း ရပ်ကျေးဥပဒေထဲမှာ ကျေးရွာအုပ်ချုပ်ရေးမှူး လုပ်ဆောင်ရမည့်တာဝန်များ၊ လိုက်နာရမည့်ကျင့်ဝတ်များ ပါပြီးဖြစ်ပါကြောင်း၊ လက်နက်ကိုင်အဖွဲ့အစည်းဝင်နှင့် မတရားအသင်းအဖွဲ့များ၌ ပါဝင်သူ၊ ဆက်သွယ်သူများ မဟုတ်ခြင်းဆိုပြီး ဆောင်ရွက်ထားပါကြောင်း။

**ဆောင်ရွက်နေ**

ထို့ကြောင့်လက်နက်ကိုင်အဖွဲ့အစည်းဝင်များနှင့် ပတ်သက်ခြင်း၊ ဆက်သွယ်နေခြင်းရှိလျှင် တည်ဆဲဥပဒေနှင့် ငြိစွန်းနေမည်ဖြစ်သည့်အတွက်ကြောင့် သက်ဆိုင်ရာဥပဒေကို ဆောင်ရွက်နေသည့် ပုဂ္ဂိုလ်များက တားဆီးကာကွယ်ပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားကြရမှာ ဖြစ်ပါကြောင်း၊ ယခုကိစ္စနှင့်ပတ်သက်ပြီး လက်ရှိအနေအထားတွင် မြောက်ဦးခရိုင်၌ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများကိုလည်း ၎င်းကိစ္စများနှင့်ပတ်သက်၍ ရပ်ကျေးအုပ်ချုပ်ရေးမှူးများကိုခေါ်ယူကာ ရှင်းပြရန်နှင့် ရပ်မိရပ်ဖများ၊ သက်ဆိုင်ရာအဖွဲ့များကို လက်ရှိဆောင်ရွက်ရမည့်ကိစ္စများနှင့် ချပြ ရှင်းလင်းခိုင်းထားပါကြောင်း၊ ချပြရှင်းလင်းသည့်ကိစ္စကိုလည်း ဆောင်ရွက်နေကြပါကြောင်း။

**ပြည်သူအများသိရှိအောင် ဝိုင်းဝန်းကူညီပေး**

လက်ရှိပြည်နယ်မှာလည်း စတုတ္ထမဏ္ဍိုင်ဖြစ်သည့် မီဒီယာများနှင့်တွေ့ဆုံကာ ဖြစ်သင့်သည့်၊ ဖြစ်နေသည်များကို အမြင်မှားနေသော ကိစ္စများနှင့်ပတ်သက်ကာ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နေသည်ကို ချပြရှင်းလင်းခြင်းဖြစ်ပါကြောင်း၊ မီဒီယာများအနေဖြင့်လည်း မိမိတို့ တတ်နိုင်သည့်ဘက်က ပြည်သူအများသိရှိအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် ပြောကြားလိုပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီး မောင်မောင်စိုးက နယ်မြေလုံခြုံရေးဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော သတင်းမီဒီယာများမှ သိရှိလိုသည်များကို မေးမြန်းကြရာ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးအောင်နှင့် ဒုတိယရဲမှူးကြီး မောင်မောင်စိုးတို့က ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

အဆိုပါသတင်းစာရှင်းလင်းပွဲသို့ ရခိုင်ပြည်နယ်အခြေစိုက် သတင်းမီဒီယာများ တက်ရောက်သတင်းယူကြသည်။

**တင်ထွန်း၊ ဟန်လင်းထက်**

---

# နေပြည်တော်ရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဆေးရုံ ခုတင် ၃၀၀ တွင် ဆီးချို၊ သွေးချိုရောဂါ အထူးကုပြင်ပလူနာကုသဆောင်ဖွင့်လှစ်

**နေပြည်တော် မတ် ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဆေးရုံ ခုတင် ၃၀၀ တွင် ဆီးချို၊ သွေးချိုရောဂါအထူးကု ပြင်ပလူနာကုသဆောင် ဖွင့်လှစ်ခြင်းအား ဖေဖော်ဝါရီ ၂၈ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဝယ်ယူရေးနှင့်ဖြန့်ဖြူးရေးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်က အဖွင့်အမှာစကားပြောကြား၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သီတာလှ၊ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းဆေးရုံအုပ်ကြီး ဒေါက်တာယဉ်သန္တာလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး **(ယာပုံ)**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကူးစက်ရောဂါကာကွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါက်တာ ကျော်ကံကောင်းက Glucometer သုံးခုနှင့် Test Strip ၆၀၀၀ တို့အား ဆေးရုံအုပ်ကြီး ဒေါက်တာယဉ်သန္တာလွင်ထံသို့ ပေးအပ်ခဲ့သည်။

ယခု ဆီးချို၊ သွေးချိုရောဂါအထူးကု ပြင်ပလူနာကုသဆောင် ဖွင့်လှစ်သည့် ခုတင် ၃၀၀ ဆေးရုံကြီးသည် "အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဆေးရုံ" ဟု ဆိုင်းဘုတ်တပ်ဆင်ထားသော်လည်း ဆေးရုံသို့ တက်ရောက်ကုသမည့် ပြည်သူများ




အနေဖြင့် ပြင်ပမှပုဂ္ဂိုလ်များ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် ဝန်ထမ်း ဖြစ်ခြင်း/ မဖြစ်ခြင်း၊ အငြိမ်းစား ဖြစ်ခြင်း/ မဖြစ်ခြင်း ခွဲခြားသတ်မှတ် ထားမှုမရှိကြောင်း သိရသည်။

**ကျော်လှိုင်သင်း(နေပြည်တော်)**

---

# ပြည်တွင်းရွှေဈေး ဆက်လက်ကျဆင်း

နေပြည်တော် မတ် ၂

**ပြီးခဲ့သည့် ဖေဖော်ဝါရီလဝက်ကျော်က ကမ္ဘာ့ရွှေဈေးမြင့်တက်မှုနှင့်အတူ ပြည်တွင်းရွှေဈေးမှာ တစ်ကျပ်သားလျှင် ၁၀၈၀၀၀၀ ကျော်အထိ မြင့်တက်ခဲ့ရာမှ ယနေ့(မတ်လ ၂ ရက်)တွင် တစ်ကျပ်သားလျှင် ၁၀၅၈၀၀၀ အထိ ဆက်လက်ကျဆင်းနေကြောင်း ရွှေရောင်းဝယ်သူများထံမှ သိရသည်။**

လက်ရှိ ပြည်တွင်းရွှေဈေးမှာ တအိအိကျဆင်းနေပြီး ဆက်လက်ကျဆင်းရန်လည်းရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောသည်။

ထို့ပြင် ကမ္ဘာ့ရွှေဈေးသည်လည်း မတ်လ ၁ ရက်တွင် တစ်အောင်စလျှင် ကန်ဒေါ်လာ ၁၃၀၇ ဒေါ်လာရှိရာမှ ယနေ့(မတ်လ ၂ ရက်)တွင် ၁၂၉၃ ဒေါ်လာအထိ ဖြစ်ပေါ်ခဲ့ကာ တစ်ရက်အတွင်း ၁၄ ဒေါ်လာ ကျဆင်းခဲ့ကြောင်း ရွှေရောင်းဝယ်သူများထံမှ သိရသည်။

"ကမ္ဘာ့ရွှေဈေးက တအားကျသွားတာ၊ ၁၄ ဒေါ်လာ၊ ၁၅ ဒေါ်လာလောက် ကျသွားတယ်၊ တကယ်တမ်းမှန်းတာတော့ ၁၂၈၇ ကျပ်အထိပဲ ကျွန်တော်တို့မှန်းတယ်၊ ၁၃၀၀ အောက်ရောက်ရင်လည်း နည်းနည်းရောက်မယ်လို့ထင်တာ၊ အမှန်က ၁၂၈၇ ကျပ်မကဘူး၊ နောက်ထပ် ၅ ကျပ်ထပ်ကျပြီး ၁၂၈၂ ကျပ်မှာ ပိတ်သွားတယ်၊ တော်တော်လေး ကျတယ်ဆိုတော့ ဆက်ကျနိုင်မလား နည်းနည်းပြန်ကန်မလားဆိုတာ ပြောလို့မရဘူး" ဟု မန္တလေးတိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်ထွန်းက ပြောသည်။

**ဒေါ်လာဈေး ပြန်လည်မြင့်တက်**

လက်ရှိ ကမ္ဘာ့ရွှေဈေးကျဆင်းမှုနှင့်အတူ ပြည်တွင်းရွှေဈေးကျဆင်းသော်လည်း ငွေကြေးဈေးကွက်တွင် ကန်ဒေါ်လာတန်ဖိုးမှာ အတက်ဘက်တွင်ရှိနေကာ ပြီးခဲ့သည့် ဖေဖော်ဝါရီလကုန်တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၁၅၀၀ အောက် ရောက်ရှိခဲ့ရာမှ ယနေ့(မတ်လ ၂ ရက်)တွင် တစ်ဒေါ်လာလျှင် ကျပ် ၁၅၁၀ ကျော်ခန့် ပြန်လည်မြင့်တက်ခဲ့သည်။

"အမေရိကန်ဒေါ်လာက ပြန်တက်သွားတယ်၊ မြောက်ကိုရီးယားနဲ့ အမေရိကန်နဲ့ ဆွေးနွေးတာ အဆင်မပြေတော့ ဒေါ်လာက ပြန်ပြီးတက်သွားတယ်၊ ရွှေဈေးက နည်းနည်းပြန်ကျသွားတယ်၊ ပြည်တွင်းမှာကျတော့ ဗဟိုဘဏ်ကလည်း ပြင်ပပေါက်ဈေးထက် ပိုပြီးတော့ဝယ်တယ်၊ ဒါပေမယ့် အခုနည်းနည်း သူလည်းပြန်ပြီး လျော့လျော့ဝယ်တဲ့အခါကျတော့ ပြင်ပပေါက်ဈေးနဲ့ မတိမ်းမယိမ်း ဝယ်တဲ့အခါကတော့ လုပ်လို့ကိုင်လို့ကတော့ ရွှေဈေးက ကျမယ့်သဘော ရှိတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောသည်။

၂၀၁၉ ခုနှစ် နှစ်စမှစ၍ ပြည်တွင်းရွှေဈေးမှာ ကမ္ဘာ့ရွှေဈေး မြင့်တက်မှုနှင့်အတူ စံချိန်သစ်များ ထပ်ကာထပ်ကာ ချိုးလာခဲ့ရာ ၂၀၁၉ ခုနှစ် နှစ်စ ဇန်နဝါရီ ၁၇ ရက်မှ ၂၉ ရက်အတွင်း တစ်ကျပ်သားလျှင် ကျပ် ၁၀၅၀၀၀၀ ကျော်၊ ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၇ ရက်အတွင်း ၁၀၆၀၀၀၀ ကျော်၊ ဖေဖော်ဝါရီ ၈ ရက်မှ ၁၈ ရက်အတွင်း ၁၀၇၀၀၀၀ ကျော်၊ ဖေဖော်ဝါရီ ၁၉ မှ ၂၁ ရက်အတွင်း ၁၀၈၀၀၀၀ ကျော်အထိ စံချိန်သစ်များ အသီးသီးထပ်တင်ခဲ့ပြီး ယနေ့(မတ်လ ၂ရက်)တွင်မူ ကျပ် ၁၀၅၈၀၀၀ အထိ တအိအိကျဆင်းလာကြောင်း ရွှေရောင်းဝယ်သူများထံမှ သိရသည်။

**မြင့်တက်ခဲ့**

ပြည်တွင်းရွှေဈေးသည် ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် ဇူလိုင် ၂၁ ရက်မှ စတင်ကာ ကျပ် ၉၀၀၀၀၀ အထက်ရောက်ရှိခဲ့ပြီး ကမ္ဘာ့ရွှေဈေး မြင့်တက်မှုနှင့်အတူ စံချိန်တင်ဈေးနှုန်းများအဖြစ် ဩဂုတ်လအတွင်းနှင့် စက်တင်ဘာလလယ်အထိ ဆက်တိုက်မြင့်တက်ခဲ့ကြောင်း၊ စက်တင်ဘာ ၁၅ ရက်တွင် ၉၅၇၈၀၀ ဖြင့် တင်ထားသော စံချိန်ကို ဩဂုတ် ၂၈ ရက်တွင် ၉၈၅၀၀၀ အထိ အမြင့်ဆုံး ဖြစ်ပေါ်ခဲ့သည်။ ထို့နောက် ဩဂုတ် ၃၀ ရက်တွင် ၉၆၉၀၀၀ အထိ ပြန်လည်ကျဆင်းခဲ့ပြီး စက်တင်ဘာ ၂၀ ရက်တွင် အမြင့်ဆုံးစံချိန်အဖြစ် ကျပ် ၁၀၄၇၇၀၀ အထိ မြင့်တက်ခဲ့သည်။

**ငြိမ်းငြိမ်း**

# သီပေါပေါ်ကြိုဘုရားကြီးအား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီး ဖူးမြော်

**သီပေါ မတ် ၂**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ကမ္ဘာ့ငြိမ်းချမ်းရေးဆုရှင်(နဝမမြောက်) ဗန်းမော်ဆရာတော်အဘိဇဗမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသဆရာတော်ကြီးသည် ဖေဖော်ဝါရီ ၂၆ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် ရှေးဟောင်းသမိုင်းဝင်ပေါ်ကြိုဘုရားကြီးအား ကြွရောက်ဖူးမြော်ကြည်ညိုသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ကြီးသည် ပေါ်ကြိုမြတ်စွာဘုရားဆင်းတုတော်လေးဆူတို့အား လှည့်လည်ဖူးမြော်ပြီး ရွှေသင်္ကန်းကပ်လှူပူဇော်ခဲ့သည်။

**စိုင်း(သီပေါ)**



ဗန်းမော်ဆရာတော်ကြီးအား တပည့်ဒါယကာများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

❑ *ကျော်ဖုံးမှ*

ဦးစထက်နိုင်ဝင်း၊ ဒေါ်ဇင်မာဝမ်း၊ **ဂိုးနည်းပြ** - ဦးမြကိုမင်း၊ အားကစားသမားများအဖြစ် **ဂိုးသမား** - ဇာဇာမြင့်၊ မေဇင်နွယ်၊ မေသဇင်ထွန်း၊ **နောက်တန်း**- ဝေဝေအောင်၊ အိရတနာဖြိုး၊ ခင်သန်းဝေ၊ အေးအေးမိုး၊ ခင်မျိုးဝင်း၊ ချစ်ချစ်၊ ခိုင်သဇင်၊ ဇင်ဇင်နိုင်၊ **အလယ်တန်း**- ရူပါခိုင်၊ ငယ်ငယ်ထွေး၊ ခင်မိုမိုထွန်း၊ သန္တာဦး၊ သင်းသင်းယု၊ လဲ့လဲ့လှိုင်၊ နုနု၊ ခင်မိုးဝေ၊ ခင်မာလာထွန်း၊ **ရှေ့တန်း** - ရီရီဦး၊ ဝင်းသိင်္ဂီထွန်း၊ လှယဉ်ဝင်း၊ ဂျူလိုင်ကျော်တို့ ပါဝင်ကြသည်။ **ညီမြတ်သော်တာ**

# MNL ပြိုင်ပွဲတွင် မကွေးနိုင်ပွဲစရပြီး ရောဝတီနှင့် Southern သရေကျ

**ရန်ကုန် မတ် ၂**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၅) ပထမနေ့ကို ယနေ့ညနေပိုင်းက ပြန်လည်ကျင်းပရာ မကွေးအသင်းနိုင်ပွဲစရပြီး ရောဝတီနှင့် Southern အသင်းတို့ သရေကျခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် မကွေးအသင်းက တန်းတက်ဒဂုံအသင်းကို နှစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မကွေးအသင်းသည် ပထမပိုင်းကတည်းက ဂိုးရရန် နီးစပ်ခဲ့သော်လည်း ၃၂ မိနစ်တွင် အောင်မြင့်ထွန်း၏ကန်ချက် ဘေးထွက်သွား၍ နစ်နာခဲ့ရသည်။ မိနစ် ၆၀ နောက်ပိုင်းတွင် မကွေးအသင်းက ပွဲကိုစိုးမိုးလာနိုင်ပြီး ၆၄ မိနစ်တွင် နိုင်နိုင်ကျော်က အဖွင့်ဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင်လည်း မကွေးအသင်းကသာ ပွဲကို ထိန်းချုပ်နိုင်ခဲ့ပြီး ၉၀+၁ မိနစ်တွင် စိုးလွင်လွင်ကဒုတိယဂိုး သွင်းယူခဲ့သည်။

ပုသိမ်မြို့ရှိ ကျောက်တိုင်ကွင်း၌ ကျင်းပသည့်ပွဲတွင် ရောဝတီနှင့် Southern အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ ဒုတိယနေ့ကို မတ် ၃ ရက် (**ယနေ့**) ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ Chinland နှင့် ရှမ်းယူနိုက်တက်၊ ဗထူးကွင်း၌ ရတနာပုံနှင့် ဟံသာဝတီ၊ ဝေဘာလီကွင်း၌ ရခိုင်နှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

**မန္တလေး မတ် ၂**

၂၀၁၉ ခုနှစ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလားမြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား / အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့တွင် မန္တလေးမြို့ ဗထူးအားကစားခန်းမ၌ ကျင်းပသည်။ အမျိုးသမီးဗိုလ်လုပွဲတွင် ကျောက်ဆည်မြို့နယ်အသင်းက သာစည်မြို့နယ် အသင်းကို သုံးပွဲပြတ်ဖြင့်နိုင်ပြီး အမျိုးသားပွဲစဉ်ပြိုင်ပွဲတွင် ကျောက်ဆည်မြို့နယ်အသင်းက မတ္တရာမြို့နယ် အသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရဗိုလ်စွဲသွားကြောင်း သိရသည်။

ပြိုင်ပွဲအပြီးဆုများချီးမြှင့်ရာ အမျိုးသမီးပြိုင်ပွဲ ဒုတိယဆုရသာစည်မြို့နယ်အသင်းကို တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီနာယက ဦးအောင်ဆန်းက ချီးမြှင့်ပြီး ပထမဆုရ ကျောက်ဆည်မြို့နယ်အသင်းအား တိုင်းဒေသကြီး ဘော်လီဘော ဆပ်ကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်း(အောင်သမာဓိ)က ဆုချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ အမျိုးသားပြိုင်ပွဲတွင် တတိယဆုရ အမရပူရမြို့နယ်အသင်း၊ ဒုတိယဆုရ မတ္တရာမြို့နယ်အသင်းနှင့် ပထမဆုရ ကျောက်ဆည်မြို့နယ်အသင်းအား တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်နှင့် တာဝန်ရှိသူများက ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းက ကျောက်ဆည်မြို့နယ် အမျိုးသမီးအသင်းအားဆုငွေနှင့် ပထမတံခွန်စိုက် ဆုဖလားနှင့် ကျောက်ဆည်မြို့နယ် အမျိုးသားအသင်းအားဆုငွေနှင့်ပထမတံခွန် စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# ရန်ကုန်မြို့၌ နွေရာသီအခြေခံအားကစား သင်တန်းများဖွင့် သင်တန်းသား သင်တန်းသူ တစ်သောင်းကျော် လက်ခံသင်ကြားမည်

**ရန်ကုန် မတ် ၂**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များ ပူးပေါင်း၍ နွေရာသီအခြေခံအားကစားသင်တန်းများ ဖွင့်လှစ်ပွဲကို ယမန်နေ့နံနက် ၈ နာရီက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ကျင်းပသည်။

ရှေးဦးစွာမြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အမှာစကားပြောကြားပြီး နွေရာသီအားကစား သင်တန်းတွင် တီရှပ်အကျီပံ့ပိုးပေးသော အဖွဲ့အစည်းများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

**သင်တန်းသား သင်တန်းသူ ၁၅၀၀၀ ခန့်လက်ခံ**

“ကျွန်တော်တို့ နှစ်စဉ်ရောက်တိုင်း အားကစားသင်တန်းတွေကို တစ်ချိန်တည်း တစ်ပြိုင်တည်း ဖွင့်လှစ်သင်ကြားလျက်ရှိပါတယ်။ နွေရာသီကျောင်းပိတ်ရက်တွေမှာ ကလေးငယ်တွေ အချိန်ကိုအကျိုးရှိစွာ အသုံးချစေဖို့၊ အားကစားကို စိတ်ပါဝင်စားလာပြီး အဆင့်မြင့်စနစ်တွေကို တတ်ကျွမ်းလာစေဖို့နဲ့ မျိုးဆက်သစ်အားကစားသမားပေါ်ထွက်လာစေဖို့ ရည်ရွယ်ဖွင့်လှစ်တာပါ။ အားကစားနည်း ၃၅ နည်း၊ သင်တန်းသား သင်တန်းသူ ၁၅၀၀၀ ခန့် လက်ခံဖွင့်လှစ်သင်ကြားပေးမှာဖြစ်ပါတယ်” ဟု ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ပြောသည်။

အဆိုပါနွေရာသီအခြေခံအားကစားသင်တန်းကို အားကစားနည်း ၃၅ မျိုးဖြင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်အသီးသီး၏ သတ်မှတ်ထားသော အားကစားလေ့ကျင့်ရေးစခန်းများတွင် မတ် ၂၉ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

# မြန်မာနှင့် ဗီယက်နမ် ယူ- ၁၉ အမျိုးသမီးအသင်း သရေကျ

**ရန်ကုန် မတ် ၂**

ဂျပန်- အာဆီယံ ယူ- ၁၉ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ပွဲစဉ် (၅) ပထမနေ့ကို ယနေ့နံနက်ပိုင်းက ဂျပန်နိုင်ငံ၌ စတင်ကျင်းပရာ မြန်မာယူ- ၁၉ အသင်းနှင့် ဗီယက်နမ် ယူ-၁၉ အသင်းတို့ဂိုးမရှိ သရေကျခဲ့သည်။

မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် အုပ်စုကျပ်အတွင်း ကျရောက်နေပြီး အဖွင့်ပွဲတွင်အာဆီယံထိပ်သီး ဗီယက်နမ်အသင်းနှင့် ဂိုးမရှိသရေကျခဲ့ခြင်းဖြစ်သည်။ အုပ်စုပွဲများကို ရက်ဆက်ကစားရမည်ဖြစ်သောကြောင့် တစ်ပွဲလျှင် မိနစ် ၃၀ နှစ်ပိုင်းသာ ယှဉ်ပြိုင်ကစားရခြင်းဖြစ်ပြီး မြန်မာအသင်းသည် ဂိုးသွင်းခွင့်အချို့ကို အသုံးမချနိုင်ခဲ့၍ သရေကျခဲ့ခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အသင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်နေပြီး ငါးသင်းနှစ်အုပ်စုခွဲကာ ယှဉ်ပြိုင်ကစားစေလျက်ရှိသည်။ ဖိတ်ခေါ်ပြိုင်ပွဲဖြစ်သောကြောင့် အုပ်စုပွဲများသာ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စုလေးပွဲကို လေးရက်ဆက်တိုက် ကစားရမည်ဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် မတ် ၃ ရက် (**ယနေ့**) နံနက်ပိုင်းတွင် အိမ်ရှင် ဂျပန် ယူ-၁၉ အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၂၀) ဆက်လက်ကျင်းပ

**ရန်ကုန် မတ် ၂**

၂၀၁၈-၂၀၁၉ ရာသီ MFF Myanmar ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၂၀) ကို ယနေ့နံနက်ပိုင်းမှစ၍ အမျိုးသားအားကစားပြိုင်ပွဲရုံ- ၁ သုဝဏ္ဏ၌ ကျင်းပခဲ့ပြီး ဇယားထိပ်ပိုင်းမှ အသင်းများအားလုံး နိုင်ပွဲရယူနိုင်ခဲ့သည်။

ပွဲစဉ် (၂၀) အဖြစ် MIC အသင်းက PU အသင်းကို ၁၉ ဂိုး-တစ်ဂိုး၊ VUC အသင်းက Comrade အသင်းကို ၁၁ ဂိုး-တစ်ဂိုး၊ Titan XII အသင်းက AMM အသင်းကို ခြောက်ဂိုး- လေးဂိုး၊ GV Athletic အသင်းက UPT အသင်းကို လေးဂိုး-ဂိုးမရှိ၊ White Colour အသင်းက MFF ယူ-၁၉ အသင်းကို လေးဂိုး-သုံးဂိုး၊ မြို့မ YTD အသင်းက ရွှေမြဝတီအသင်းကို သုံးဂိုး- နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယနေ့ကျင်းပသည့်ပွဲစဉ်တွင်ထိပ်ဆုံးမှ MIC အသင်း ပွဲ ၂၀ ဆက်တိုက်အနိုင်ရခဲ့ပြီး ဇယားအောက်ပိုင်းမှ Titan XII နှင့် White Colourအသင်းတို့ နိုင်ပွဲရခဲ့၍ ရပ်တည်မှုများ အပြောင်းအလဲဖြစ်ပေါ်ခဲ့ပြီး ရှုံးပွဲကြုံတွေ့ခဲ့သည့် လက်ရှိချန်ပီယံ PU အသင်းမှာ ဇယားအောက်ဆုံးသို့ ရောက်ရှိခဲ့သည်။

ပွဲစဉ် (၂၀) အပြီးတွင် MIC အသင်းက ရမှတ် ၆၀၊ VUC အသင်းက ၅၇ မှတ်၊ GV Athletic အသင်းက ၄၂ မှတ်၊ မြို့မ YTD အသင်းက ၃၉ မှတ်၊ UPT အသင်းက ရမှတ် ၃၀၊ AMM အသင်းက ၂၇ မှတ်၊ ရွှေမြဝတီအသင်းက ၂၄ မှတ်၊ Comrade အသင်းက ၁၇ မှတ်၊ Titan XII အသင်းက ၁၆ မှတ်၊ MFF ယူ-၁၉ အသင်းက ၁၅ မှတ်၊ White Colour အသင်းက ၁၄ မှတ်၊ PU အသင်းက ၁၃ မှတ် ရရှိထားသည်။ ပွဲစဉ် (၂၁) ကို မတ် ၁၃ ရက်တွင် ဆက်လက် ကျင်းပမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**ရာနီရေရီအား နည်းပြအဖြစ်မှ ထုတ်ပယ်**

ဖူလ်ဟမ်အသင်းသည် နည်းပြ ရာနီရေရီကို အသင်းအား ၁၀၆ ရက်အကြာ ကိုင်တွယ်ပြီးနောက်တွင် နည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ နိုဝင်ဘာလတွင် ဂျိုကိုနိုဗစ်၏ နေရာကို အစားထိုးခန့်အပ်ခဲ့သော ရာနီရေရီ (၆၇နှစ်) သည် ဖူလ်ဟမ်အသင်းအား ၁၇ ပွဲတွင် သုံးပွဲသာ နိုင်ပွဲရယူပေးထားနိုင်ကြောင်း သိရသည်။

**ဆွန်ဟောင်မင်၊ ရိုက်စ်တို့ အကောင်းဆုံးဆုရရှိ**

ပရီမီယာလိဂ်၏ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို တော့တင်ဟမ်နှင့် တောင်ကိုရီးယားတိုက်စစ်မှူး ဆွန်ဟောင်မင် (၂၆နှစ်) က ဆွတ်ခူးရရှိခဲ့ပြီး အကောင်းဆုံး လူငယ်ကစားသမားဆုကို ဝက်စ်ဟမ်းအသင်းမှ အသက် ၂၀ အရွယ် ရိုက်စ်က ဆွတ်ခူးရရှိခဲ့ကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသည်။

**ကိုပါဒယ်ရေးဗိုလ်လုပွဲ ဘာစီလိုနာနှင့် ဗလင်စီယာတို့ယှဉ်ပြိုင်မည်**

ယမန်နေ့က စပိန်ကိုပါဒယ်ရေးဒုတိယအကျော့ပွဲစဉ်အဖြစ် ဗလင်စီယာနှင့် ရီးရဲဘက်တစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဗလင်စီယာအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးဖြင့် ကိုပါဒယ်ရေးဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။ ဗလင်စီယာအသင်းသည် ဗိုလ်လုပွဲတွင် ဘာစီလိုနာအသင်းနှင့် မေ ၂၅ ရက်တွင် ယှဉ်ပြိုင်သွားရမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဇော်**

# မန်ယူ၊ မန်စီးတီးနိုင်ပွဲရယူခဲ့သည့် ပရီမီယာလိဂ် ပွဲစဉ်(၂၉)

အင်္ဂလန် ပရီမီယာလိဂ် ပွဲစဉ်(၂၉) ပွဲစဉ်များကို မတ် ၂ ရက် စနေနေ့ညပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့ကာ အိုးထရက်ဖို့ဒ်ကွင်းတွင် ယှဉ်ပြိုင်ခဲ့သည့် မန်ယူနှင့် ဆောက်သမ်တန် ပွဲတွင် မန်ယူအသင်း သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် ပထမပိုင်း ပွဲချိန် ၂၆ မိနစ်၌ ဗယ်လာရီက ဆောက်သမ်တန်အတွက် ဦးဆောင်ဂိုး သွင်းယူခဲ့ပေးခဲ့သည်။ ဒုတိယပိုင်း ၅၄ မိနစ်တွင် ပါရဲရားက မန်ယူအတွက် ချေပဂိုးသွင်းယူခဲ့ပြီး ၅၉ မိနစ်တွင် လူကာကူက မန်ယူအတွက် ဦးဆောင်ဂိုး ပြန်လည်သွင်းယူပေးခဲ့သည်။ ပွဲချိန် ၇၅ မိနစ်တွင် ကွင်းလယ်ကစားသမား ပရိုစီက ဆောက်သမ်တန်အတွက် ချေပဂိုးသွင်းယူခဲ့သည်။ မန်ယူအသင်းအတွက် အနိုင်ဂိုးကို ပွဲပြီးခါနီး ၈၉မိနစ်တွင် တိုက်စစ်မှူးလူကာကူက သွင်းယူပေးခဲ့သည်။ နာကျင်အချိန်ပိုတွင် မန်ယူအသင်း ပယ်နယ်တီအခွင့်အရေးရရှိကာ ကွင်းလယ်ကစားသမား ပေါ့ဘာသွင်းယူခဲ့သော်လည်း ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ပေ။ မန်ယူအသင်းသည် ရမှတ် ၅၈ မှတ်ဖြင့် အဆင့် ၄ နေရာသို့ တက်ရောက်ခဲ့ပြီး ဆောက်သမ်တန်အသင်းသည် ရမှတ် ၂၇ မှတ်ဖြင့် တန်းဆင်းဇုန်အထက် အဆင့် ၁၇ တွင် ရုန်းကန်ရဦးမည်ဖြစ်သည်။

**အခြားပွဲစဉ် ရလဒ်များ**

ပရီမီယာလိဂ် အခြားပွဲစဉ် ရလဒ်များအဖြစ် စနေနေ့ည အစောဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ခဲ့သော စပါးနှင့် အာဆင်နယ်ပွဲတွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့ပြီး မန်စီးတီးအသင်းသည် ဘုန်းမောက်ကို တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဘရိုက်တန်က ဟက်ဒါဖီးလ်ကို တစ်ဂိုး- ဂိုးမရှိ၊ ပဲလေ့စ်က ဘန်လေကို သုံးဂိုး-တစ်ဂိုးနှင့် ဝုလ်က ကာဒစ်ဖ်ကို နှစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

**သီဟ**

# မောင်တောနှင့် တာချီလိတ်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



ဟာမက်ဆီရက်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် မတ် ၂**

မူးယစ်တပ်ဖွဲ့စု(၄၆) မောင်တောမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁ ရက် မွန်းလွဲပိုင်းက မောင်တောမြို့နယ် မြို့ဦးကျေးရွာအုပ်စုအောက် (လက်သာ)ကျေးရွာနေ ဟာမက်ဆီရက်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၆၀ ကို လည်းကောင်း။

အလားတူ ယင်းနေ့ နံနက်ပိုင်းက မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်နေ လော်ရာ၏ နေအိမ်ကို ရှာဖွေရာ လော်ရာနှင့်အတူ ထိုင်းနိုင်ငံသားများဖြစ်ကြသည့် Mr. Muhammatnase Tohyoh၊ Mr. Aree Rakamit၊ Mr. Ismaael Tohem တို့အား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ပြား၊ ထိုင်းနိုင်ငံသုံး ဘတ်ငွေ ၂၀၀၀၀၊ Bangkok ဘဏ်ကတ်တစ်ခု၊ ဖုန်းငါးလုံးနှင့် ဆိုင်ကယ်နှစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ရမည်းသင်းမြို့နယ်တွင် ရွှေပါဝင်သည့် ဖြုန်းကျောက်များ သယ်ဆောင်လာသူများကို ဖမ်းဆီးရမိ

**ရမည်းသင်း မတ် ၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ရွှေပါဝင်သည့် ဖြုန်းကျောက်များ သယ်ဆောင်လာသူများအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက ရမည်းသင်းမြို့နယ် မိုးထိမိုးမိဒေသ၌ အမှတ်(၂) သတ္တုတွင်းလုပ်ကွက်မှ လက်ထောက်(၁)ဦးစိုးနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲအုပ် အေးအောင်စိုး ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် မိုးထိမိုးမိဒေသ၌ လုံခြုံရေးဆောင်ရွက်စဉ် ဆင်သေလျှိုအဆင်း လမ်းပေါ်၌ သပြေပင်ကျေးရွာနေ ဆန်းကို၊ အောင်သူဟိန်း၊ သီဟ၊ မောင်ဖြူတို့လေးဦးအား အိတ်ပိုင်းတစ်ပိုင်းစီ ထမ်းပိုးလျက်လာသည်ကို တွေ့ရှိရ၍ အဆိုပါ အိတ်ပိုင်းများကို စစ်ဆေးကြည့်ရှုရာ အိတ်ပိုင်းများအတွင်းထဲတွင် ရွှေပါသည်ဟု ယူဆရသော ဖြုန်းကျောက်ခဲများနှင့် ရွှေတူးရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ တွေ့ရှိရ၍ သက်သေများ ရှေ့တွင် ရှာဖွေပုံစံဖြင့် ရေးသွင်းသိမ်းဆည်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးစိုးနိုင်က တရားလိုပြုလုပ်၍ ရမည်းသင်းမြို့မရဲစခန်းသို့ တိုင်တန်းရာ ဆန်းကိုပါ လေးဦးအား ရမည်းသင်းမြို့မရဲစခန်းက အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ် (ရှုပဗေဒ)**

# ကော့မှူးမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား

**ကော့မှူး မတ် ၂**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် မကျီးကန်ကျေးရွာတွင် ယနေ့နံနက် ၉ နာရီခွဲခန့်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ပြီး အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သက်မင်းနိုင်(၄၇နှစ်) မောင်းနှင်သော မော်တော်ယာဉ်သည် ကျိုက်ထော်-ကော့မှူးကားလမ်းအတိုင်း မောင်းနှင်လာရာ မကျီးကန်ကျေးရွာ မဟာစည်ဘုန်းကြီးကျောင်းအရှေ့မိုင်တိုင်အမှတ်(၀/၁)အနီး ကုန်းဆင်းအရောက်တွင် ကော့မှူးမှ ကျိုက်ထော်ဘက်သို့ ဦးမြိုင်အေးမောင်းနှင်ပြီး အနောက်တွင် ဇနီးဖြစ်သူ ဒေါ်ခင်သန်းနုအား တင်ဆောင်လာသော ဆိုင်ကယ်နှင့် ယာဉ်၏ဝဲဘက်ခြမ်းတို့ လမ်းလယ်တွင် ပွတ်ချိတ်တိုက်မိခဲ့ရာ ဆိုင်ကယ်တိမ်းမှောက်ပြီး ဒေါ်ခင်သန်းနုနှင့် ဦးမြိုင်အေးတွင် ဒဏ်ရာများရရှိသဖြင့် ရဲဆေးစာဖြင့် ကော့မှူးဆေးရုံသို့ ပို့ဆောင်ခဲ့စဉ် ဦးမြိုင်အေးမှာ ရရှိသောဒဏ်ရာများဖြင့် ဆေးရုံအရောက်တွင် သေဆုံးသွားကြောင်း၊ ဒေါ်ခင်သန်းနုအား ကော့မှူးဆေးရုံမှတစ်ဆင့် ရန်ကုန်ဆေးရုံကြီးသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်သူရ (ကော့မှူး)**

# ပင်လည်ဘူးမြို့နယ်၌ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**ပင်လည်ဘူး မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် ကန်ကုန်းကျေးရွာအနီး၌ မတ် ၁ ရက်က တရားမဝင် တမလန်းခားရွှေတုံးများ တင်ဆောင်ထားသော ယာဉ်တစ်စီး ဖမ်းမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၁ ရက် နံနက် ၉ နာရီခွဲခန့်က ပင်လည်ဘူးမြို့နယ် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့သည် သတင်းအရ ပင်လည်ဘူးမြို့နယ် ကန်ကုန်းကျေးရွာအနီး တောလမ်းတွင် ဝင်ရောက်ရှာဖွေနေစဉ် မသင်္ကာဖွယ် ခြောက်ဘီးယာဉ်တစ်စီး ရပ်ထားသဖြင့် ယင်းယာဉ်အား စစ်ဆေးရာ တရားမဝင်တမလန်းခားရွှေတုံး ၃၉ တုံး(၇ ဒသမ ၁၄၆၈ တန်) ရှာဖွေစစ်ဆေးတွေ့ရှိရသဖြင့် သစ်တောဥပဒေအရ ရေးယူဆောင်ရွက်ထားပြီး ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် သစ်ပိုင်ရှင်ကို ဖမ်းမိရေးအတွက် စုံစမ်းဖော်ထုတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**လူအောင်(ကသာ)**

# မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်အတွင်း အထောက်အထားမဲ့ ဝင်ရောက်လာသူများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂**

မင်းလှမြို့နယ်ရဲတပ်ဖွဲ့ ရေနံမနယ်မြေရဲစခန်းမှူး ရဲအုပ်မျိုးမင်းထွန်း ဦးစီးအဖွဲ့သည် မင်းလှမြို့နယ် ပရဆိုင်ကျေးရွာ ရွာလယ်ဇရပ်၌ မသင်္ကာလူစိမ်းများ ရောက်ရှိနေကြောင်း သတင်းအရ မတ် ၂ ရက်တွင် သွားရောက်စိစစ်ရာ အထောက်အထားမဲ့ ဝင်ရောက်လာသူ ရခိုင်ပြည်နယ် မင်းပြားမြို့နယ် သာဒါကျေးရွာအုပ်စုနေသူ ဂျာဘူရ်အီဆော်လော်(ခ)မောင်မောင်ကျော် အပါအဝင် အမျိုးသားငါးဦးအား ဖမ်းဆီးရမိသည်။

အဆိုပါ ဖမ်းဆီးရမိသူ ငါးဦးအား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ၁၉၄၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး အက်ဥပဒေပုဒ်မ-၆(၂)/ ၆(၃)ဖြင့် အရေးယူရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။

**မောင်လူမော်**

# မော်လူး၌ အမျိုးသားတစ်ဦး ဆိုင်ကယ်တိမ်းမှောက် သေဆုံး

**မော်လူး မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးရဲစခန်းပိုင်နယ်မြေ ပြည်ထောင်စုလမ်းမကြီးပေါ်တွင် မတ် ၁ ရက်က အမျိုးသားတစ်ဦး ဆိုင်ကယ်မှောက်ပြီး ဒဏ်ရာများဖြင့် သေဆုံးလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၁ ရက် ည ၇နာရီခွဲခန့်က မော်လူးနယ်မြေရဲစခန်းမှ ဒုတကနေဝင်းထွန်းသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း တာဝန်ဆောင်ရွက်နေစဉ် ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ နန့်စီးအောင်-မော်လူးကြားတွင် ဆိုင်ကယ်မှောက်၍ လူတစ်ဦး ဒဏ်ရာများဖြင့် လဲကျနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ အခင်းဖြစ်နေရာတွင် အသက် ၂၇ နှစ်ခန့်ရှိ အမျိုးသားတစ်ဦး(စုံစမ်းဆဲ) စီးနင်းလာသည့် ဆိုင်ကယ်မှာ လမ်းဘေးတွင်တိမ်းမှောက်လဲကျနေပြီး ၎င်းတွင် ဒဏ်ရာများရရှိသဖြင့် ရဲဆေးစာနှင့် ဆေးရုံသို့ပို့ဆောင်စဉ် လမ်းခရီးတွင် သေဆုံးသွားကြောင်း သိရသည်။

**နီတိုး**

# နမ့်ခမ်းမြို့နယ်၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**နေပြည်တော် မတ် ၂**

နမ့်ခမ်းမြို့နယ် ပန်းဆေးကျေးရွာ အနောက်မြောက်ဘက် ငါးမိုင်ခန့် အကွာ၌ အမြင့်တစ်ပေခန့်ရှိ ဘိန်းစိုက်ခင်း ၁ ဒသမ ၅ ဧကခန့်ကို နမ့်ခမ်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က မတ် ၁ ရက်တွင် ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

## မြန်မာ့ရုပ်မြင်သံကြား

၃- ၃ -၂၀၁၉ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - "Line Walker-2မှသည်"
၁၀း၀၀ - Sunday Talk
၁၀း၃၀ - ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သိကောင်းစရာများ (သင်္ချာဘာသာရပ်)
၁၁း၃၀ - BBC ခံစားကြည့်
၁၂း၄၅ - မြန်မာဂန္ထဝင်ရုပ်ရှင် "သူရဲကောင်းလေးများ"
၁၄း၄၅ - "ကြယ်ရောင်လမ်း"(၃) (အကယ်ဒမီမေသန်းနုနှင့် တွေ့ဆုံခြင်း)(အပိုင်း-၁)

**ညပိုင်း**

၁၅း၁၅ - MPT Myanmar National League 2019 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Yadanarbon Fc Vs Hantharwady United Fc)
၁၇း၄၅ - "AFC U-16 Women's Championship Thailand 2019 Qualifiers Round(2) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်" (မြန်မာအမျိုးသမီးအသင်းနှင့် ဖိလစ်ပိုင်အမျိုးသမီးအသင်း)
၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀း၃၅ - "ဖိတ်ခေါ်ပါသည် ဆင်ပြတိုက်ဆီ"
- တမ်းတမ်းတတဖြစ်ခဲ့ရသော ရုပ်ရှင်တေးများ
- မြန်မာ့အငြိမ့်သဘင်ရေစီးကြောင်း "ရွှေလိပ်ပြာ မအေးကြည် အငြိမ့်" မင်းသမီး-ဝမ်းကေဇင်၊ လူရွှင်တော်-ချက်ကြီး၊ ပေါင်မုန့်၊ ချန်နယ်၊ အာကာ

# နောင်ချိုမြို့မဈေးအတွင်း၌ ငွေကျပ်တစ်သောင်းတန်အတုများ သုံးစွဲသူကို ဖမ်းဆီးရမိ

**နောင်ချို မတ် ၂**

နောင်ချိုမြို့မရဲစခန်းမှ နယ်ထိန်းတပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြို့မဈေးကြီးထဲ၌ ငွေတစ်သောင်းကျပ်တန်အတုအား သုံးစွဲနေစဉ် သက်သေခံငွေ တစ်သောင်းကျပ်တန်နှင့် ငွေကျပ်ရောရာမျိုးစုံတို့ကို ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၁ ရက် ညနေ ၄ နာရီခန့်က ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ချောင်းပြဲကျေးရွာအုပ်စု ကံဆိပ်ကျေးရွာနေထိုင်သူ ဦးသန်းထွန်း (၄၀ နှစ်)အား တာဝန်ရှိသူများက မသင်္ကာ၍ ရှာဖွေစစ်ဆေးရာ ငွေစက္ကူတစ်သောင်းတန် ၄၃ ရွက်၊ ငါးထောင်တန် ၆၈ ရွက်၊ တစ်ထောင်တန် ၃၈၁ ရွက်၊ ငါးရာတန် ၃၉ ရွက်၊ နှစ်ရာတန် ၁၁၀ ရွက်၊ တစ်ရာတန် ရှစ်ရွက်နှင့် အလေးချိန် တစ်ကျပ် တစ်မတ်သား ရွှေရောင်ဆွဲကြိုးအတုတစ်ကုံး၊ လက်စွပ်အတုတစ်ကွင်းတို့ကို တွေ့ရှိပြီး ငွေကျပ်တစ်သောင်းတန် ၄၃ ရွက်မှာ အတုဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် သိမ်းဆည်းပြီး ဦးသန်းထွန်းအား နောင်ချိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# ရေပူစစ်ဆေးရေးအဖွဲ့ အမိုနီယမ်နိုက်ထရိတ်အိတ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၂၉ စီး၊ သွင်းကုန် ၅၀၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ပို့ကုန် ခုနစ်စီး၊ သွင်းကုန် ၂၂၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၁ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၁ ဒသမ ၃၇၀ သန်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် လေးသန်း၊ စုစုပေါင်းတားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၅ ဒသမ ၃၇၀ သန်းအား ဖမ်းဆီးရမိကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် မစ်ဆူဘီရှီကန်တာ ခြောက်ဘီးယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အမိုနီယမ်နိုက်ထရိတ်စာတန်းပါ ခတ်မြေဩဇာအိတ် ၁၂၀ နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈ ဒသမ ၆ သန်းအား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဘူးသီးတောင်မြို့နယ် မောင်နှမကျေးရွာ၌ မီးလောင်

**မောင်တော မတ် ၂**

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ် ကွမ်ခိုင်ကျေးရွာအုပ်စု မောင်နှမကျေးရွာ၌ ယနေ့ညနေပိုင်းက မီးလောင်ကာ အိမ်ခြေ ၂၅ လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။ **(ဓာတ်ပုံ)**

ဖြစ်စဉ်မှာ မောင်နှမကျေးရွာမှ တစ်ဖက်နိုင်ငံသို့ နေရပ်စွန့်ခွာသွားသူ ဦးရှုနာ မမျှာ၏ နေအိမ် (၁၈×၁၂×၇)ပေ ဓနိမိုး၊ ဝါးထရံကာ၊ မြေစိုက်နေအိမ်အား မသမာသူ တစ်ဦးက မီးရှို့ခဲ့ရာမှတစ်ဆင့် ဘေးကပ်လျက် နေအိမ်များအပါအဝင် နေအိမ် ၂၅ လုံး မီးလောင်ခဲ့ကြောင်း၊ ညနေ ၃ နာရီ ၁၀ မိနစ်ခန့်တွင် မီးစတင်လောင်ပြီး ညနေ ၄ နာရီ မိနစ် ၄၀ ခန့် တွင် မီးငြိမ်းသွားကြောင်း၊ မီးရှို့သူအား ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် ဗီယက်နမ်နိုင်ငံမှ ပြန်လည်ထွက်ခွာ

**ဟနွိုင်း မတ် ၂**
ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တော်တွင် ပြုလုပ်ခဲ့သော အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့၏ ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးသည် သဘောတူညီချက်မရဘဲ ပြီးဆုံးခဲ့ပြီးနောက် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းသည် မတ် ၂ ရက်က မြောက်ကိုရီးယားနိုင်ငံသို့ ရထားဖြင့် ပြန်လည်ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းသည် ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းနယ်စပ်ရှိ ဘူတာရုံမှ မြောက်ကိုရီးယားနိုင်ငံသို့ ၎င်း၏ ရထားဖြင့် ပြန်လည်ထွက်ခွာသွားခဲ့ရာ မကြာမီအချိန်အတွင်း ၎င်း၏ ရထားသည် တရုတ်နယ်စပ်ကို ဖြတ်ကျော်မည်ဖြစ်သည်။

၎င်းသည် ဗီယက်နမ်နိုင်ငံ ဟနွိုင်းတွင်ကျင်းပသော နှစ်နိုင်ငံခေါင်းဆောင်ကြီးများအစည်းအဝေးကို တက်ရောက်ခဲ့သည်။ အဆိုပါအစည်းအဝေးသည် တစ်ဖက်နှင့်တစ်ဖက် သဘောတူညီချက်မရဘဲ ပြီးဆုံးခဲ့ကြောင်း သိရသည်။

၎င်းအစည်းအဝေးတွင် မြောက်ကိုရီးယားနိုင်ငံအပေါ် ချမှတ်ထားသော နိုင်ငံတကာ ဒဏ်ခတ်ပိတ်ဆို့မှုများအကြောင်းကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ကင်ဂျုံအန်းသည် မြောက်ကိုရီးယားနိုင်ငံသို့ ပြန်လည်မထွက်ခွာမီ ကွယ်လွန်သွားပြီဖြစ်သော ဗီယက်နမ်တော်လှန်ရေးခေါင်းဆောင်ကြီး ဟိုချီမင်းအား သွားရောက်ဂါရဝပြုခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသို့ ပြန်လည်ရောက်ရှိရန် ၎င်း၏ ရထားသည် နှစ်ရက်ကျော်ကြာ ခုတ်မောင်းရမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းတို့၏ ဗီယက်နမ်တွင်ပြုလုပ်ခဲ့သည့် ဒုတိယအကြိမ်မြောက်ထိပ်သီးအစည်းအဝေးသည် မအောင်မြင်ခဲ့သော်လည်း ကင်သည် ထက်မြက်သောခေါင်းဆောင်အစစ်ဖြစ်ကြောင်း သမ္မတထရမ့်က ပြောကြားခဲ့သည်။

ကင်ဂျုံအန်းကို မိမိအနေဖြင့် သဘောကျသလို မိမိတို့နှစ်ဦး၏ ဆက်ဆံရေးသည်လည်း ကောင်းမွန်ကြောင်း ဖောက်စ်သတင်းဌာန၏ တွေ့ဆုံမေးမြန်းခန်းတွင် သမ္မတထရမ့်က ပြောခဲ့သည်။

မြောက်ကိုရီးယားဘက်မှ နျူကလီးယားဖျက်သိမ်းရေးမပြုလုပ်မီ ချမှတ်ထားသည့် အရေးယူဒဏ်ခတ်ပိတ်ဆို့မှုများကို ဖယ်ရှားပေးရန် တောင်းဆိုခဲ့သည့်အတွက် နှစ်နိုင်ငံဆွေးနွေးပွဲသည် သတ်မှတ်သည့်အချိန်မတိုင်မီ စောစီးစွာရပ်နားခဲ့ရကြောင်း သိရသည်။

အမေရိကန်ဘက်မှ နောက်ထပ် ဆွေးနွေးမှုပြုလုပ်ရန် ကမ်းလှမ်းခဲ့လျှင်လည်း မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ၎င်း၏ ရပ်တည်ချက်ကို ပြောင်းလဲမည်မဟုတ်ကြောင်း မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ရီယွန်ဟိုက ပြောသည်။

ယခုလို အမေရိကန်နှင့် မြောက်ကိုရီးယားခေါင်းဆောင်နှစ်ဦး၏ ဒုတိယအကြိမ်ထိပ်သီးဆွေးနွေးပွဲမှ သဘောတူညီချက်မရခဲ့သည့် အတွက်ကြောင့် တောင်ကိုရီးယားက စိတ်ပျက်ရသော်လည်း အဆုံးသတ်သဘောတူညီချက်ရရှိရေး ဆက်လက်ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းက ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**


မတ် ၁ ရက် ညစာစားပွဲတွင်မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် ဗီယက်နမ်သမ္မတငုယင်ဖူထရမ်တို့ကို တွေ့ရစဉ်။

## အမေရိကန်နှင့် တောင်ကိုရီးယား ပူးတွဲစစ်ရေး လေ့ကျင့်မှု အင်အားလျှော့ချကျင်းပမည်ဟု သတင်းများထွက်ပေါ်နေ

**ဝါရှင်တန် မတ် ၂**
အမေရိကန်နှင့် တောင်ကိုရီးယားနှစ်နိုင်ငံကြား နှစ်စဉ်ပုံမှန် ကျင်းပလေ့ရှိသည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ခုကို အင်အားလျှော့ချကျင်းပသွားမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

လာမည့်ရက်အနည်းငယ်အတွင်း ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်မည့်ကိစ္စကို ကြေညာနိုင်ဖွယ်ရှိသည်ဟု အမည်မဖော်လိုသူ အမေရိကန်ကာကွယ်ရေးအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

သို့သော်လည်း ပင်တဂွန်စစ်ဌာနချုပ်က အဆိုပါသတင်းနှင့် ပတ်သက်ပြီး အတည်ပြုချက်တစ်စုံတစ်ရာမပေးကြောင်း သိရသည်။

အမေရိကန်နှင့် မြောက်ကိုရီးယားခေါင်းဆောင်နှစ်ဦး၏ ဆွေးနွေးပွဲတွင် ပြောဆိုခဲ့ကြသည့် ကိုရီးယားကျွန်းဆွယ် နျူကလီးယားလုံးဝကင်းစင်ရေး ညှိနှိုင်းမှုများ ဆက်ပြီးရှိနေစေရန် ယခုကဲ့သို့ ပူးတွဲလေ့ကျင့်မည့်စစ်အင်အားကို လျှော့ချခြင်းလား သို့မဟုတ် အခြားအကြောင်းများလားဆိုသည်ကိုမူ အသေအချာမသိသေးပေ။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အမေရိကန်နှင့် တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် ကုန်ကျစရိတ်များကြောင်း တစ်ချိန်က ပြောဆိုခဲ့ဖူးသည်။

အမေရိကန်နှင့် တောင်ကိုရီးယားပူးတွဲစစ်ရေး လေ့ကျင့်မှုကို ယခုလာမည့် နွေဦးပေါက်ကာလတွင် ကျင်းပလေ့ရှိကြောင်း သိရသည်။

သို့သော်လည်း လွန်ခဲ့သည့် ၂၀၁၈ ခုနှစ်က ပူးတွဲစစ်ရေးလေ့ကျင့်မှုကို မကျင်းပဘဲ ပထမဆုံးအကြိမ်အဖြစ် ရက်ရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## ဗင်နီဇွဲလား သမ္မတ မာဒူရိုနှင့် အပေါင်းအပါများကို အမေရိကန် အရေးယူဒဏ်ခတ်မှုများ ပြုလုပ်

ဝါရှင်တန် မတ် ၂

**အမေရိကန်ပြည်ထောင်စုသည် ဗင်နီဇွဲလား သမ္မတနီကိုလက်စ်မာဒူရိုနှင့်ပတ်သက်ဆက်နွှယ်သူများဖြစ်သည့် မိသားစုဝင်များနှင့် ၎င်း၏အရာရှိများကို ဗီဇာတားမြစ်ပိတ်ပင်မှုများ ထပ်မံပြုလုပ်လျက်ရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ယမန်နေ့က ကြေညာလိုက်သည်။**

အမေရိကန်ပြည်ထောင်စုသည် ဖေဖော်ဝါရီ ၂၈ ရက်က မာဒူရိုနှင့် ပတ်သက်ဆက်နွှယ်သူ ၄၉ ဦး၏ ဗီဇာများကို ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း မတ် ၁ ရက်က ထုတ်ပြန်သော အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အမေရိကန်ပြည်ထောင်စုအနေဖြင့် ဗင်နီဇွဲလား သမ္မတ မာဒူရိုနှင့် ၎င်းအား ထောက်ခံသူများအပေါ် ဆက်လက် အရေးယူပိတ်ဆို့မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ထို့အတူ အခြားနိုင်ငံများကိုလည်း မာဒူရိုနှင့် ၎င်း၏ အပေါင်းအပါများအားလုံးကို စီးပွားရေးဆိုင်ရာ အရေးယူပိတ်ဆို့မှုများ ပြုလုပ်ရန် တိုက်တွန်းထားကြောင်းလည်း ထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။



အမေရိကန်မှ ပေးပို့လိုက်သော အကူအညီပစ္စည်းများကို တွေ့ရစဉ်။

တစ်ချိန်တည်းမှာပင် အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနကလည်း မာဒူရိုနှင့် ပနံရနေသည့် ဗင်နီဇွဲလားလုံခြုံရေးအရာရှိခြောက်ဦးကို ပိတ်ဆို့အရေးယူဒဏ်ခတ်မှုအသစ်များ ထပ်မံလုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ဗင်နီဇွဲလားနိုင်ငံတွင်းသို့ ပို့ဆောင်ထားသည့် အမေရိကန်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများသည် နိုင်ငံတွင်းသို့ မရောက်ရှိသေးဘဲ ကိုလံဘီယာနယ်စပ်တွင်သာ စုပုံနေကြောင်း သိရသည်။

လတ်တလောတွင် ဗင်နီဇွဲလားနိုင်ငံသည် စီးပွားရေးဆိုင်ရာ ကျပ်တည်းမှုများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

**ဆင်ဟွာ**


အမေရိကန်လယ်ယာထွက်ကုန်များအပေါ် အခွန်ကောက်ခံမှုများ ဖယ်ရှားပေးရန် တရုတ်နိုင်ငံအား တောင်းဆိုလိုက်သည့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်။

## အမေရိကန်လယ်ယာထွက်ကုန်များအပေါ် အခွန်ကောက်ခံမှုများ ဖယ်ရှားပေးရန် တရုတ်အား ထရမ့်တောင်းဆို

**ဝါရှင်တန် မတ် ၂**
အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က တရုတ်နိုင်ငံအနေဖြင့် အမဲသားနှင့် ဝက်သားများ အပါအဝင် အမေရိကန်လယ်ယာထွက်ကုန်များအပေါ် ကောက်ခံသော အကောက်ခွန်များအားလုံးကို ချက်ချင်းဖယ်ရှားပေးရန် တရုတ်နိုင်ငံကို တိုက်တွန်းပြောကြားလိုက်ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က တွစ်တာပေါ်တွင် မတ် ၁ ရက်က ယခုလိုမျိုး တောင်းဆိုလိုက်ခြင်းဖြစ်သည်။

ထို့အတူ မိမိကလည်း မတ် ၁ ရက်မှစပြီး တရုတ်ထုတ်ကုန်များအပေါ် အခွန်တိုးမြှင့်ကောက်ခံမှုများကို ပြုလုပ်သွားမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ယခုကိစ္စသည် အမေရိကန်လယ်သမားများအတွက် အလွန်အရေးကြီးကြောင်း သမ္မတထရမ့်က ပြောခဲ့သည်။

အမေရိကန်သည် ယခင်ကအမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံတန်ဖိုးရှိ တရုတ်ပို့ကုန်များကို ၁၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအထိ အခွန်တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်း ယခင်က ပြောခဲ့သည်။

သို့သော်လည်း အမေရိကန်အစိုးရသည် အဆိုပါနှုန်းထားများကို ရွှေ့ဆိုင်းလိုက်သည်။

ဖလော်ရီဒါ၌ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံမည့် ယခုလနောက်ဆုံးပတ်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အနေဖြင့် နှစ်နိုင်ငံကုန်သွယ်မှုတွင် နောက်ဆုံးသဘောတူညီချက် ရချင်နေကြောင်းလည်း သိရသည်။

ထိုသို့မတွေ့ဆုံမီ တရုတ်နိုင်ငံကို အမေရိကန်က ကုန်သွယ်ရေးသဘောတူညီမှုတွင် ပြောင်းလဲတိုးတက်မှုများဖြစ်ပေါ်ရန် စောင့်ကြည့်မည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### အကြမ်းဖက်ခေါင်းဆောင် အိုစမာဘင်လာဒင်၏ သားအား ဆော်ဒီနိုင်ငံသားအဖြစ်မှ ပယ်ဖျက်

**ရီယာ့ဒ် မတ် ၂**

အယ်လ်ကေးဒါး အကြမ်းဖက်အဖွဲ့ ခေါင်းဆောင်ဟောင်း အိုစမာဘင်လာဒင်၏သားဖြစ်သူ ဟမ်ဇာဘင်လာဒင်အား ဆော်ဒီအာရေဗျနိုင်ငံက နိုင်ငံသားအဖြစ်မှပယ်ဖျက်ခဲ့ကြောင်း အယ်လ်အာရေဘီးယား ရုပ်မြင်သံကြားဌာနက ပြောကြားခဲ့သည်။

ဟမ်ဇာဘင်လာဒင်အား နိုင်ငံသားအဖြစ်မှ ပယ်ဖျက်ကြောင်း တော်ဝင်အမိန့်တစ်ရပ်ကို ဆော်ဒီအာရေဗျနိုင်ငံပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

ထို့အပြင် အမေရိကန်ပြည်ထောင်စုက ဟမ်ဇာဘင်လာဒင်အား အစွန်းရောက်ဝါဒပေါ်ထွန်းလာမှုကို ဦးဆောင်သူတစ်ဦးအဖြစ် ပြောကြားခဲ့ပြီးနောက် ၎င်းနှင့်ပတ်သက်ပြီး သတင်းပေးနိုင်သူအား အမေရိကန်ဒေါ်လာတစ်သန်း ဆုချီးမြှင့်မည်ဟု ကမ်းလှမ်းထားသည်။

ဟမ်ဇာဘင်လာဒင်သည် ၎င်း၏ မင်္ဂလာဆောင်အခမ်းအနား ပြုလုပ်ခဲ့ရာနေရာဟု ယူဆရသော အီရန်နိုင်ငံတစ်နေရာတွင် မိခင်ဖြစ်သူနှင့်အတူ နှစ်ပေါင်းများစွာနေထိုင်ခဲ့သလို ယခုထိဆက်လက်အသက်ရှင် နေထိုင်နေသေးကြောင်း သံသယ ဖြစ်ပွားလျက်ရှိသည်။

**ဆင်ဟွာ**

### မြောက်ကိုရီးယားနှင့် ပူးပေါင်းဆောင်ရွက်ရန် ရုရှားဆွေးနွေးမည်

**မော်စကို မတ် ၂**

မြောက်ကိုရီးယားနိုင်ငံနှင့် ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံနှင့်နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရန်အတွက် ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ရုရှားက ပြောကြားလိုက်သည်။

မတ် ၄ ရက်တွင် ရုရှားနိုင်ငံမော်စကိုမြို့၌ ဆွေးနွေးပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြုံယမ်းရှိ ရုရှားသံရုံးက ဖေဖော်ဝါရီ ၂၈ ရက်က ပြောကြားခဲ့သည်။

ရုရှားအရှေ့ဖျားဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဝန်ကြီး အလက်ဇန္ဒြားကိုဇ်လော့ဗ်သည် မြောက်ကိုရီးယားနိုင်ငံ ပြင်ပစီးပွားရေးဆိုင်ရာဝန်ကြီး ကင်ယုံဂျေးနှင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရုရှားနိုင်ငံသည် လတ်တလောတွင် မြောက်ကိုရီးယားနိုင်ငံကို သဘာဝဓာတ်ငွေ့တင်ပို့နိုင်ရေးနှင့် မြောက်ကိုရီးယားကို ဖြတ်ကာ တောင်ကိုရီးယားကို ဦးတည်သည့် ရထားလမ်းကြောင်း ဖောက်လုပ်ရေး အစီအစဉ်များအတွက် မြောက်ကိုရီးယားနှင့် စေ့စပ်ညှိနှိုင်းရန် ဆွေးနွေးနေကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုနှင့် မြောက်ကိုရီးယားနိုင်ငံကြား ဒုတိယအကြိမ် ဆွေးနွေးပွဲပြီးနောက် ရုရှားနိုင်ငံသည် ၎င်း၏ ကဏ္ဍများကို တိုးမြှင့်ရန် ကြိုးစားဆောင်ရွက်နေကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဘဝခါးခါး ဆူးတွေကြားက အပြုံးပန်းဝေဆာတော့မယ့် ဆီးရီးယားပြည်သူများ

***ထွန်းသစ်စ***

**ဆီးရီးယားနိုင်ငံမှာ ကာ့ဒ်တပ်ဖွဲ့တွေဦးဆောင်တဲ့တပ်ဖွဲ့ဝင်တွေဟာ ထိုးစစ်မဆင်နွှဲခင် အိုင်အက်စ်အကြမ်းဖက်သမားတွေ နောက်ဆုံးခြေကုပ်ယူထားတဲ့ဒေသမှာရှိတဲ့ ပြည်သူတွေကို ဘေးကင်းရာသို့ ရွှေ့ပြောင်းနိုင်ရေး ကူညီဆောင်ရွက်ပေးလျက် ရှိပါတယ်။ အိုင်အက်စ်တွေကို ထိုးစစ်မဆင်ခင်မှာ အခုလိုလုပ်ဆောင်ခြင်းဟာ ပြည်သူတွေထိခိုက်မှုကို မလိုလားတဲ့ သဘောပဲဖြစ်ပြီး အဆုံးမှာတော့ အိုင်အက်စ်အကြမ်းဖက်သမားတွေကို ပဝါမကူရေမရှူဘဲ အပြုတ်တိုက်တော့မှာ ဖြစ်ပါတယ်။ အိုင်အက်စ်အကြမ်းဖက်သမားတွေမရှိမှပဲ ဆီးရီးယားနိုင်ငံမှာရှိတဲ့ ပြည်သူတွေအနေနဲ့ စိတ်သက်သာရာရမှာဖြစ်သလို ကမ္ဘာကြီးအတွက်လည်း ဆူးငြောင့်ခလုတ်တွေ ရှင်းသွားပြီး ငြိမ်းချမ်းသာယာမှုတွေ လွှမ်းမိုးလာမှာဖြစ်ပါတယ်။**



ဘေးအန္တရာယ်ကင်းသောနေရာသို့ ရွှေ့ပြောင်းမှုပြုလုပ်ရန် စောင့်ဆိုင်းနေသော ဆီးရီးယားပြည်သူများကို တွေ့ရစဉ်။

အိုင်အက်စ်လို့ လူသိများတဲ့ အကြမ်းဖက်အစွန်းရောက် ဂျီဟတ်များဟာ သူတို့သိမ်းပိုက်ထားတဲ့ ဆီးရီးယားနဲ့ အီရတ်နယ်မြေ တစ်နံတစ်လျားမှာ အစွန်းရောက်စစ်ပွဲ ဆင်နွှဲမယ်လို့ လွန်ခဲ့တဲ့ ၂၀၁၄ ခုနှစ် ဇွန်လက ကြွေးကြော်ခဲ့ ပေမယ့်လည်း တကယ်တော့သူတို့ဟာ အဲဒီအချိန်ကတည်းကစပြီး နယ်မြေတစ်ခုပြီး တစ်ခု ဆုံးရှုံးခဲ့ပါတယ်။

**သိမ်းပိုက်ခဲ့**

၂၀၁၄ ခုနှစ် ဇွန် ၂၉ ရက်မှာ အီရတ်နဲ့ မြေထဲပင်လယ် အရှေ့ဘက်ကမ်းခြေရှိ နိုင်ငံတွေကို အဘူဘာကာ အယ်လ်ဘက်ဂက်ဒါဒီ ဦးဆောင်တဲ့ အိုင်အက်စ်အကြမ်းဖက် အစွန်းရောက်ဂျီဟတ်များက အစွန်းရောက်စစ်ပွဲ ဆင်နွှဲမယ်လို့ကြေညာခဲ့ပါတယ်။ အိုင်အက်စ်တို့ဟာ ဇန်နဝါရီလမှာ ဆီးရီးယားမြောက်ပိုင်း မြို့တော်ရက်ဂွါကို သူပုန်တွေ လက်ထဲက သိမ်းယူခဲ့ပါတယ်။ ထို့အတူပဲ အိုင်အက်စ်တို့ဟာ အီရတ်နိုင်ငံနဲ့ နယ်စပ်ချင်း ထိစပ်လျက်ရှိတဲ့ ဆီးရီးယား နိုင်ငံအရှေ့ပိုင်းပြည်နယ် ဒယ်ရာအယ်ဇာကိုလည်း ထိန်းသိမ်းခဲ့သလို မြောက်ပိုင်းပြည်နယ် အလက်ပိုကိုလည်း သိမ်းပိုက်ခဲ့ပါတယ်။

အီရတ်နိုင်ငံမှာလည်း အိုင်အက်စ်အစွန်းရောက်အဖွဲ့ဟာ မိုဆူးလ်နဲ့ ဆွန်နီအာရပ်နယ်ပယ်တွေကိုလည်း သိမ်းပိုက်ခဲ့ပါတယ်။ ဒီဆွန်နီအာရပ်နယ်ပယ်တွေဟာ ကာ့ဒ်ဒေသနဲ့ နယ်စပ်ချင်း ထိစပ်လျက်ရှိပါတယ်။

အဲဒီအချိန်တုန်းက အီရတ်တပ်ဖွဲ့ဝင်တွေဟာလည်း အိုင်အက်စ်တို့ကို ထိထိရောက်ရောက် မနှိမ်နင်းနိုင်ခဲ့ပါဘူး။ ဒါကြောင့် အိုင်အက်စ်အဖွဲ့ဟာ ရက်ဂွါနဲ့ မိုဆူးလ်တို့ကို သူတို့ရဲ့ မြို့တွေအဖြစ် သိမ်းပိုက်စိုးစံခဲ့တယ်လို့တောင် ပြောလို့ရပါတယ်။

ဇူလိုင်လမှာတော့ အိုင်အက်စ်ခေါင်းဆောင် အဘူဘာကာအယ်လ်ဘက်ဂက်ဒါဒီက ဂျီဟတ်ဝက်ဘ်ဆိုက်ကလွှင့်တင်ခဲ့တဲ့ ရုပ်သံဖိုင်ထဲမှာ နေရာတိုင်းမှာရှိတဲ့ မွတ်စလင်တွေ သူ့ကို လေးစားလိုက်နာဖို့ တိုက်တွန်းခဲ့ပါတယ်။

**ရက်စက်မှုများ**

ရက်ဂွါမှာ အိုင်အက်စ်တွေဟာ ခေါင်းဖြတ်သတ်ခြင်း၊ ကွပ်မျက်ခြင်း၊ မုဒိမ်းမှုကျူးလွန်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ လူမျိုးတုံးသတ်ဖြတ်ခြင်း စတာတွေကိုကျူးလွန်ပါတယ်။ ဒါတင်ပဲလား ဆိုတော့ မဟုတ်ပါဘူး။ တခြား ရက်စက်မှုမျိုးစုံကိုလည်း ကျူးလွန်ခဲ့ကြပါတယ်။

တစ်ခါတစ်ရံမှာ ရုပ်သံဖိုင်၊ ဗီဒီယိုတွေကနေတစ်ဆင့် ဝါဒဖြန့်မှုတွေလုပ်ဆောင်လေ့ ရှိပါတယ်။ ဒီရုပ်သံဖိုင်တွေ၊ ဗီဒီယိုတွေဟာ ဂျီဟတ်တွေရဲ့ ဝါဒဖြန့်ရာ နေရာတစ်ခုလည်းဖြစ်ပါတယ်။ အီရတ်နိုင်ငံမှာလည်း အိုင်အက်စ်အုပ်စုဟာ ဆင်ဂျာဒေသတစ်ခုကရာဇီဒီလူနည်းစုကို နိုင်ထက်စီးနင်းလုပ်ပြီး အမျိုးသားလေးတွေဆို အိုင်အက်စ်တပ်ဖွဲ့ဝင်တွေအတင်းအကျပ်လုပ်ခိုင်းတာ၊ အမျိုးသမီးတွေဆိုရင်လည်း လိင်ကျွန်တွေအထိ လုပ်ခိုင်းပါတယ်။

**ဂျီဟတ်ဆန့်ကျင်မဟာမိတ်များ**

၂၀၁၄ ခုနှစ် သြဂုတ်လမှာ အမေရိကန် စစ်လေယာဉ်တွေက အီရတ်နိုင်ငံမြောက်ပိုင်းမှာရှိတဲ့ အိုင်အက်စ်တွေရဲ့ ခြေကုပ်ယူရာနေရာတွေကို တိုက်ခိုက်ခဲ့ကြပါတယ်။

အမေရိကန်ပြည်ထောင်စုဟာ နိုင်ငံ ၇၀ ကျော်ပါဝင်တဲ့ မဟာမိတ်တပ်ဖွဲ့ကို ဖွဲ့စည်းကာ အီရတ်နဲ့ ဆီးရီးယားမှာရှိတဲ့ အိုင်အက်စ်တွေကို နှိမ်နင်းတိုက်ခိုက်ခဲ့ပါတယ်။ အမေရိကန်ဟာ အိုင်အက်စ်တွေကို နှိမ်နင်းဖို့ တပ်ဖွဲ့ဝင် ၅၀၀၀ လောက်အထိ ဖြန့်ကြက်ချထားတာတွေ ရှိခဲ့ပါတယ်။

**ဆီးရီးယားမှာအိုင်အက်စ်တွေကို အနိုင်ယူခြင်း**

အမေရိကန်လေကြောင်း ထောက်ပံ့မှုတွေနဲ့အတူ ကာ့ဒ်တပ်ဖွဲ့ဟာ ဇန်နဝါရီ ၂၀၁၅ ခုနှစ်မှာ တူရကီနယ်စပ် ကိုဘိန်းမြို့က ဂျီဟတ်တွေကို မောင်းထုတ်နိုင်ခဲ့ပါတယ်။ သြဂုတ်လ ၂၀၁၆ ခုနှစ်မှာ အမေရိကန်ထောက်ခံ ကာ့ဒ်-အာရပ် မဟာမိတ်လို့လူသိများတဲ့ ဆီးရီးယားဒီမိုကရက်တစ်တပ်ဖွဲ့ (အက်စ်ဒီအက်ဖ်)အဖွဲ့ဟာ အလက်ပိုပြည်နယ်ထဲက မန်ဘစ်ချ်ကို ပြန်လည်ရယူနိုင်ခဲ့ပါတယ်။

တူရကီတင့်ကားတွေရဲ့ ပစ်ကူမှုနဲ့အတူ လေကြောင်းတိုက်ခိုက်မှုပါ အားဖြည့် ပံ့ပိုးပေးလိုက်တဲ့အချိန်မှာ အက်စ်ဒီအက်ဖ်အဖွဲ့ဟာ ဂျာရာဘူလက်စ် ဒေသကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီမှာတော့ အလက်ပိုပြည်နယ်ထဲက အယ်လ်ဘတ်ဒေသကို ပြန်လည်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပါတယ်။

မတ်လ ၂၀၁၇ ခုနှစ်မှာလည်း ရုရှားဂျက်လေယာဉ်တွေရဲ့ ပစ်ကူမှုနဲ့အတူ ဆီးရီးယားတပ်ဖွဲ့ဟာ ပါမာရာမြို့ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပါတယ်။ အဲဒီမြို့ဟာဆိုရင် ရှေးဟောင်း အထင်ကရမြို့တော်တစ်ခု ဖြစ်ပါတယ်။

အဲဒီလို ယဉ်ကျေးမှုအမွေတွေ ထွန်းကားခဲ့တဲ့ မြို့တော်ဟာ အိုင်အက်စ်တို့ရဲ့ လက်အောက်မှာ အစိတ်စိတ်အမြွှာမြွှာ ဖြစ်ခဲ့ပါတယ်။

အောက်တိုဘာ ၂၀၁၇ ခုနှစ်မှာ အက်စ်ဒီအက်ဖ်တပ်ဖွဲ့ဟာ ရက်ဂွါမြို့တော်ကို အပြည့်အဝ ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပြီဖြစ်ကြောင်း ကြေညာခဲ့ပါတယ်။

**အီရတ်မှာအိုင်အက်စ်တွေကို အနိုင်ယူခြင်း**

၂၀၁၅ ခုနှစ် မတ်လမှာ အီရတ်ဟာ မြို့တော် ဘဂ္ဂဒက်မြောက်ပိုင်းမှာရှိတဲ့ ဆက်ဒမ်ရဲ့ မွေးရပ်မြေတီကရစ်ကို အိုင်အက်စ်လက်က လွတ်မြောက်ရာမြို့တော်အဖြစ်ကြေညာခဲ့ပါတယ်။ နိုဝင်ဘာလမှာ မဟာမိတ်တပ်တွေဟာ ဆင်ဂျာမြို့ကို ပြန်လည်ရရှိခဲ့ပါတယ်။

၂၀၁၆ ခုနှစ်မှာတော့ အန်ဘာပြည်နယ် မြို့တော်ရာမဒီကို ပြန်လည်သိမ်းပိုက်ခဲ့ပြီး အီရတ်တပ်ဖွဲ့တွေဟာ ဖလူဂျာကို ပြန်လည်ရယူနိုင်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် ဇူလိုင်လမှာ အီရတ်ဝန်ကြီးချုပ် အယ်လ်အာဘာဒီက ကိုးလကြာ ထိုးစစ်ဆင်နွှဲပြီး နောက်မှာ မိုဆူးလ်မြို့ကို အောင်မြင်ခဲ့ပြီလို့ ကြွေးကြော်ခဲ့ပါတယ်။

သြဂုတ်လမှာ အိုင်အက်စ်တွေရဲ့ နောက်ဆုံး ခြေကုပ်ယူရာ အီရတ်နိုင်ငံမြောက်ပိုင်း ကျေးလက်ဒေသတစ်ခုဖြစ်တဲ့ အာဖာဒေသကို အိုင်အက်စ်လက်က လွတ်မြောက်ခဲ့ပြီလို့ ကြေညာခဲ့ပါတယ်။

ဒီဇင်ဘာ ၉ ရက်မှာတော့ အဘာဒီဟာ သုံးနှစ်ကြာဆင်နွှဲခဲ့တဲ့ အိုင်အက်စ်ချေမှုန်းရေးစစ်ပွဲကြီး အောင်မြင်ခဲ့ပြီလို့ ကြေညာလိုက်ပါတော့တယ်။

**တိုက်ခိုက်မှုများ**

အဲဒီလိုအိုင်အက်စ်တွေကို ချေမှုန်းနိုင်ခဲ့ပေမယ့်လည်း အိုင်အက်စ်တွေဟာ လုံးဝချုပ်ငြိမ်းမသွားဘဲ ကြိုးကြားကြိုးကြား တိုက်ခိုက်မှုတွေကို ပြုလုပ်လျက်ရှိပါတယ်။

၂၀၁၈ ခုနှစ် ဇန်နဝါရီက ဘဂ္ဂဒက်မြို့လယ်မှာ အသေခံတိုက်ခိုက်မှုနှစ်ခု ပြုလုပ်ခဲ့ရာ လူပေါင်း ၃၀ ကျော်သေဆုံးခဲ့ပါတယ်။ အိုင်အက်စ်တွေဟာ အီရတ်မှာ အသေခံတိုက်ခိုက်မှုတွေကို မကြာမကြာပြုလုပ်ကြတဲ့သူတွေဖြစ်ပါတယ်။

ဆီးရီးယားမှာလည်း အိုင်အက်စ်ဂျီဟတ်အဖွဲ့တွေဟာ အမေရိကန်တပ်ဖွဲ့တွေကို ပစ်မှတ်ထားတိုက်ခိုက်မှုတွေ ပြုလုပ်ကြပါတယ်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၆ ရက်က မန်ဘစ်ချ်မှာ အမေရိကန်ကင်းလှည့်ယာဉ်တန်းကို အိုင်အက်စ်တွေက ပစ်မှတ်ထားကာ အသေခံတိုက်ခိုက်မှု ပြုလုပ်ခဲ့ကြပါတယ်။

အဲဒီလိုလုပ်ခဲ့တာကြောင့် အရပ်သား ၁၀ ဦး သေဆုံးခဲ့ပြီး ကာ့ဒ်-အာရပ်တပ်ဖွဲ့မှ တိုက်ခိုက်ရေးတပ်ဖွဲ့ဝင် ငါးဦးနဲ့ အမေရိကန်လေးဦး သေဆုံးခဲ့ပါတယ်။

အဲဒီဖြစ်ရပ်တွေဖြစ်ပြီး ရက်အတော်ကြာပြီးနောက်မှာ ဟာဆာခါ အရှေ့မြောက်ဘက်ပြည်နယ်မှာ အသေခံဗုံးခွဲသမားတစ်ဦးရဲ့ တိုက်ခိုက်မှုကြောင့် အမေရိကန်-အက်စ်ဒီအက်ဖ် တပ်ဖွဲ့တွေလိုက်ပါလာတဲ့ ယာဉ်တန်းဟာ ဗုံးပေါက်ကွဲပြီး ငါးဦးသေဆုံးခဲ့ပါတယ်။

အိုင်အက်စ်တွေဟာ အရင်လို ထင်တိုင်းကြဲလို့မရတော့ပါဘူး။ အိုင်အက်စ်တို့ရဲ့အစွန်းရောက်စစ်ပွဲ ရည်မှန်းချက်ကြီးဟာ လအနည်းငယ်အတွင်း ရှုံးနိမ့်ရတော့မှာ ဖြစ်ပါတယ်။

အခုတော့ အိုင်အက်စ်တွေရဲ့ တည်ရှိမှုဟာ လုံးဝပျောက်ကွယ်သွားတော့မှာ ဖြစ်ပါတယ်။ သူတို့ရဲ့နောက်ဆုံးခြေကုပ်ယူရာနေရာမှာရှိတဲ့ ဆီးရီးယားပြည်သူတွေဟာလည်း အခုဆိုရင် ကာ့ဒ်တပ်ဖွဲ့တွေရဲ့ အကူအညီနဲ့ ဘေးကင်းရာကို ရွှေ့ပြောင်းမှုတွေ ပြုလုပ်နေပါပြီ။

မကြာမီအချိန်အတွင်း အိုင်အက်စ်တွေကို ကျူပင်ခုတ်ကျူငုတ်ပါမကျန်စေရေး ထိုးစစ်ဆင်နွှဲမှုတွေ ပြုလုပ်သွားတော့မှာပဲ ဖြစ်ပါတယ်။ အိုင်အက်စ်တွေမရှိတော့ဘူးဆိုရင် ဆီးရီးယားပြည်သူတွေလည်း ဘဝခါးခါး ဆူးတွေကြားက အပြုံးပန်းဝေဆာ နိုင်တော့မှာပဲ ဖြစ်ပါတယ်။

**ကိုးကား -အေအက်ဖ်ပီ**

**အခုတော့ အိုင်အက်စ်တွေရဲ့တည်ရှိမှုဟာ လုံးဝပျောက်ကွယ်သွားတော့မှာ ဖြစ်ပါတယ်။ သူတို့ရဲ့ နောက်ဆုံးခြေကုပ်ယူရာနေရာမှာရှိတဲ့ ဆီးရီးယားပြည်သူတွေဟာလည်း အခုဆိုရင် ကာ့ဒ်တပ်ဖွဲ့တွေရဲ့ အကူအညီနဲ့ ဘေးကင်းရာကို ရွှေ့ပြောင်းမှုတွေ ပြုလုပ်နေပါပြီ**




ကချင်ပြည်နယ် မိုးမောက်မြို့နယ် လွယ်ဂျယ်မြို့ အမှတ်(၂) မြန်မာ-တရုတ် ဝင်/ထွက် ဂိတ်သစ်ကြီးကို မကြာခင် ဖွင့်လှစ်တော့မည်ဖြစ်ရာ ဖေဖော်ဝါရီ ၁ ရက်က ရာနှုန်းပြည့် ပြီးစီးနေသည်ကို တွေ့မြင်ရစဉ်။
ရင်ငြိမ်းပန်း(လွယ်ဂျယ်)

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ထိုင်းနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**ဘားအံ မတ် ၂**
ထိုင်းနိုင်ငံ သံအမတ်ကြီး H.E Mrs. Suphatra Srimaitreephithak နှင့် အဖွဲ့အား ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် မတ် ၁ ရက်က ဘားအံမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ်ရုံးခန်း၌ လက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံအရေးကိစ္စများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။



ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ထိုင်းနိုင်ငံ သံအမတ်ကြီးတို့ တွေ့ဆုံဆွေးနွေးစဉ်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် ထိုင်းနိုင်ငံ သံအမတ်ကြီးတို့သည် ထိုင်းနိုင်ငံရှိ မြန်မာနိုင်ငံသားများ နေရပ်ပြန်နိုင်ရေးနှင့် ရွှေ့ပြောင်းအလုပ်သမားများ၏ အရေးကိစ္စဆိုင်ရာများ၊ လူမှုအဖွဲ့အစည်း ဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ရေရှည် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်များ သင်ကြားပို့ချရေးဆိုင်ရာများ၊ ပေါင်းစည်းလယ်ယာ စိုက်ပျိုးရေး၊ မြေယာစီမံခန့်ခွဲရေးနှင့် ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ စသည်တို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ထိုင်းနိုင်ငံသံရုံး အဖွဲ့ဝင်များ၊ ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူး၊ ကရင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# အခါမဟုတ် မိုးရွာသွန်းခြင်းနှင့် မိုးသီးကြွေခြင်းကြောင့် နေအိမ်ပျက်စီးမှုများရှိခဲ့သည့် မြစ်ကြီးနားမြို့နယ်နှင့် မိုးကောင်းမြို့နယ်မှ ပြည်သူများအား သွပ်များထောက်ပံ့

**မြစ်ကြီးနား မတ် ၂**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်နှင့် မိုးကောင်းမြို့နယ်အတွင်း အချိန်အခါမဟုတ် မိုးရွာသွန်းခြင်းနှင့် မိုးသီးများကြွေကျမှုကြောင့် ပျက်စီးဆုံးရှုံးမှုများရှိခဲ့သော ကျေးရွာနှစ်ရွာရှိ နေအိမ်များမှ ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများကို ပြည်နယ်လူမှုရေးဝန်ကြီး ဦးနေဝင်း၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခင်မောင်မြင့်၊ ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်လုကေသီမာနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မတ်၁ ရက်က ထောက်ပံ့ပေးအပ်ခဲ့သည်။

မြစ်ကြီးနားမြို့နယ် လွယ်ခေါ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ခန်းမ၌ ကျင်းပခဲ့သည့် ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲတွင် ပြည်နယ် လူမှုရေးဝန်ကြီးက ဒေသခံပြည်သူများအား အားပေးစကားပြောကြားပြီး ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးက ထောက်ပံ့ပစ္စည်းများပေးအပ်မည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက မြစ်ကြီးနားမြို့နယ် လွယ်ခေါ်ကျေးရွာမှ ပျက်စီးမှုများရှိခဲ့သည့် အိမ်ခြေ ၄၁၁ အိမ်နှင့် ဘာသာရေးကျောင်း ခုနစ်ကျောင်းအတွက် တစ်ချပ်လျှင် ကျပ် ၄၅၀၀ တန်ဖိုးရှိသော ခုနစ်ပေသွပ် ၈၁၀၅ ချပ်နှင့် နန်းကွေ့ကျေးရွာရှိ အိမ်ခြေ ၂၉ အိမ်နှင့် ဘာသာရေးကျောင်း နှစ်ကျောင်းအတွက် သွပ် ၆၅၅ ချပ်တို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

မြစ်ကြီးနားမြို့နယ်နှင့် မိုးကောင်းမြို့နယ်၌ ဖေဖော်ဝါရီ ၁၇ ရက်က ဖြစ်ပွားခဲ့သော အခါမဟုတ် မိုးရွာသွန်းခြင်းနှင့် မိုးသီးများကြွေခြင်းတို့ကြောင့် ကျေးရွာအချို့တွင် နေအိမ်များ ထိခိုက်ပျက်စီးမှုရှိခဲ့ရာ မတ် ၁ ရက်တွင် လွယ်ခေါ်ကျေးရွာနှင့် နန်းကွေ့ကျေးရွာရှိ ပျက်စီးခဲ့သော အိမ်များအတွက် ထောက်ပံ့ပေးခြင်းဖြစ်ပြီး ဖေဖော်ဝါရီ ၂၈ ရက်ကလည်း မိုးကောင်းမြို့နယ် မရမ်းကျေးရွာရှိ နေအိမ်ပျက်စီးမှုရှိခဲ့သော အိမ်ထောင်စု ၃၄၂ စုအတွက် တစ်အိမ်ထောင်လျှင် သွပ်အချပ် ၂၀ နှုန်းဖြင့် သွပ်ချပ်ရေ ၆၈၄၀ ကို ပြည်နယ်ဝန်ကြီးများနှင့် အဖွဲ့က သွားရောက်ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**




ပျက်စီးခဲ့သောအိမ်များအတွက် အိမ်မိုးသွပ်များကို ပြည်နယ်ဝန်ကြီးက ထောက်ပံ့ပေးအပ်စဉ်။

# လွိုင်ကော်၌ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်တန်းဆင်းပွဲကျင်းပ

**လွိုင်ကော် မတ် ၂**
နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနက ကြီးမှူး၍ ကယားပြည်နယ် လွိုင်ကော်မြို့ရှိ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၌ ဖွင့်လှစ်ခဲ့သော အသက်မွေးဝမ်းကျောင်းပညာရပ် သင်တန်းများဖြစ်သည့် အခြေခံ အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၇၂)၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၅၁)၊ ကယားရိုးရာ ဂျပ်ခုတ်သင်တန်း အမှတ်စဉ်(၁၆)နှင့် အခြေခံ သိုးမွေးစက်ဆွဲသင်တန်း အမှတ်စဉ်(၁၃) သင်တန်းဆင်းပွဲများကို မတ် ၁ ရက်က အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မြင့်ဝေက အမှာစကားပြောကြားပြီး သင်တန်းများအလိုက် ထူးချွန်ဆုများ ရရှိကြသူများအား ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကို၊ ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတီရယ်နှင့် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးလှမျိုးဆွေတို့က ဆုများချီးမြှင့်ကြသည်။

ထို့နောက် အိမ်တွင်းမှုသင်တန်းကျောင်း ကျောင်းအုပ်ကြီးက တိုင်းရင်းသားအဖွဲ့အစည်းများမှ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးနှင့် မြို့နယ်အလိုက် သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးတို့ထံ သင်တန်းဆင်းအောင်လက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့ပြီး သင်တန်းဆင်းပွဲအပြီးတွင် ဝန်ကြီးများက သင်တန်းသူများ ပြုလုပ်ထားသော အိမ်တွင်းမှုလက်ရာများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

**ကျော်စိုး**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ် အစည်းအဝေးမှ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်း

**ပုသိမ် မတ် ၂**
ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တရားရေးဦးစီးမှူးများ၊ ခရိုင်တရားသူကြီးများ၏ (၁၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မှာကြားခဲ့သည့် လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲကို ပုသိမ်မြို့ရှိ တိုင်းဒေသကြီးတရားလွှတ်တော် အစည်းအဝေးခန်းမ၌ မတ် ၁ ရက်က ပြုလုပ်ခဲ့သည်။

ထပ်ဆင့်ရှင်းလင်းပွဲတွင် ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းထွန်းနှင့် တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးထိန်မင်းတို့က ပြည်ထောင်စုတရားလွှတ်တော်ချုပ် အစည်းအဝေးမှ လမ်းညွှန်မှာကြားချက်များကို ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီးအတွင်းရှိ တရားရုံးအဆင့်ဆင့်မှ တရားသူကြီးများနှင့် တရားရေးအရာရှိများထံသို့ ထပ်ဆင့်ရှင်းလင်းပြောကြားခဲ့သည်။

**လှမင်းထွန်း(ပြန်/ဆက်)**



တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က ရှင်းလင်းပြောကြားနေစဉ်။

# ဟားခါးမြို့ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၏ သင်တန်းဆင်းပွဲများကျင်းပ

**ဟားခါး မတ် ၂**
နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဟားခါးမြို့အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၆၇/၂၀၁၉)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၅၀/၂၀၁၉) သင်တန်းဆင်းပွဲများကို မတ် ၁ ရက်က အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်က အမှာစကားပြောကြားပြီး သင်တန်းဆင်းပြီးသော သင်တန်းသူများအနေဖြင့် သင်တန်းမှ တတ်မြောက်ခဲ့သည့် ပညာရပ်များကို ဆက်လက်လေ့ကျင့်ကာ အသက်မွေးဝမ်းကျောင်းပြုနိုင်ရန်မှသည် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်သည်အထိ ဆက်လက်ကြိုးပမ်းကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အဆင့်မြင့်စက်ချုပ်သင်တန်းတွင် ထူးချွန်ဆုရရှိသူ မကြာလဲင်ပါရ်အား ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးကလည်းကောင်း၊ အခြေခံ အိမ်တွင်းမှုသင်တန်းတွင် ထူးချွန်ဆုရရှိသူ မဗန်ပဲင်းအား ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုးကလည်းကောင်း ဆုများချီးမြှင့်ကြပြီး ပြည်နယ် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှူး ဦးစိုးမြင့်က သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ခဲ့သည်။

ယခု သင်တန်းဆင်းသည့် အခြေခံအိမ်တွင်းမှုသင်တန်း၌ သင်တန်းသူ ၂၀ နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း၌ သင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ၁၄ ပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရွှေပြည်သာမြို့နယ် သံဒင်းဈေးနှင့် လှော်ကားနီလာဈေးတို့အား အသစ်ပြန်လည်ဆောက်လုပ်နေ

**ရန်ကုန် မတ် ၂**

ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ် အမှတ် ၂၀ ရပ်ကွက်ရှိ သံဒင်းဈေးနှင့် တ (၁၅) ရပ်ကွက် လှော်ကားနီလာဈေးတို့ကို ဈေးအင်္ဂါရပ်များနှင့် ညီညွတ်စေရန်အတွက် အသစ်ပြန်လည် ဆောက်လုပ်လျက်ရှိသည်။

ထိုသို့ တည်ဆောက်ရာတွင် (၄၀ ×၆၅) ပေရှိ တစ်ထပ်ဆောင်နှစ်ဆောင်ကို ဆောက်လုပ်လျက်ရှိပြီး ယင်းအဆောက်အအုံတစ်လုံးတွင် ဈေးဆိုင်ခန်းပေါင်း ၅၄ ခန်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆောက်အအုံမှာ စတီးသံချောင်းများဖြင့် ဖွဲ့စည်းတည်ဆောက်ထားပြီး အောက်ခံအဖြစ် ကွန်ကရစ်ခင်းကာ အမိုးဒိုင်းများပြီးစီး၍ မကြာမီအမိုးများ တပ်ဆင်မည်ဖြစ်ကြောင်း၊ မူလက ကိုယ့်အားကိုယ်ကိုးပုံစံမျိုးဖြင့် ဆောက်လုပ်ထားခဲ့ရာမှ ယခုအခါ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဈေးများဌာနမှတာဝန်ယူ ဆောက်လုပ်ပေးလျက်ရှိကြောင်း၊ သံဒင်းဈေးကို လာမည့်မေလအတွင်းပြီးစီးရန် ခန့်မှန်းထားကြောင်း ဈေးဆောက်လုပ်ရေးလုပ်ငန်းခွင်မှ တာဝန်ရှိသူတစ်ဦးထံက သိရသည်။

ထို့အတူ အလျား ၂၅ ပေ × အနံပေ ၁၃၀ ရှိ ဈေးရုံသစ် သုံးရုံကိုလည်း လှော်ကားနီလာဈေးတွင် ဆောက်လုပ်လျက်ရှိရာ ဈေးရုံလေးရုံ ဆောက်လုပ်ရန် လျာထားသည့်အနက် ယခင်နှစ်က ဈေးရုံတစ်ရုံ ဆောက်လုပ်ပြီးစီးခဲ့ပြီး ယခုနှစ်တွင်ကျန်ရှိသည့် ဈေးရုံသုံးရုံကို ဆက်လက်ဆောက်လုပ်နေခြင်းဖြစ်သည်။ အဆိုပါ ဈေးရုံသစ်များတွင် ဈေးရုံတစ်ရုံ၌ ဆိုင်ခန်း ၈၈ ခန်း ပါဝင်မည်ဖြစ်ပြီး ဈေးရုံများမှာ နေရာအသစ်တွင် ဆောက်လုပ်ခြင်းမဟုတ်ဘဲ ဈေးရုံအဟောင်းများကို တစ်ထပ်ဈေးအဖြစ် ပြန်လည်တည်ဆောက်ခြင်းဖြစ်သည်။

"မူလဈေးရုံဟောင်းကို ပြန်လည်တည်ဆောက်တဲ့အတွက် ဈေးသူဈေးသားတွေကို သူ့နေရာနဲ့သူ ပြန်ပေးမှာပါ။ မဲနှိုက်စရာမလိုပါဘူး"ဟု ဈေးများဌာနမှ တာဝန်ခံ ဒေါ်ခင်ညိုညိုသင်းက ပြောသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - မြင့်သန်းကြည်(ရွှေပြည်သာ)**



လှော်ကားနီလာဈေး အသစ်ပြန်လည်တည်ဆောက်နေမှုကို တွေ့ရစဉ်။

# မြန်မာလူငယ်နည်းပညာ စွန့်ဦးတီထွင်ဖွံ့ဖြိုးရေးအစီအစဉ်တွင် ရွေးချယ်ခံရသော အသင်းသုံးသင်းအား သဘောတူစာချွန်လွှာ လက်မှတ်ရေးထိုး

**ရန်ကုန် မတ် ၂**

မြန်မာလူငယ်နည်းပညာစွန့်ဦးတီထွင် ဖွံ့ဖြိုးရေးအစီအစဉ် ၂၀၁၉ တွင် ရွေးချယ်ခံရသောအသင်းသုံးသင်းနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယမန်နေ့က ရန်ကုန်မြို့ MICT Park ရှိ Kanaung Hub ၌ ကျင်းပသည်။

ဇန်နဝါရီလက မန္တလေးမြို့တွင် နည်းပညာစွန့်ဦးတီထွင် လူငယ် အဖွဲ့ ၁၅ ဖွဲ့ ယှဉ်ပြိုင်ရာမှ ရွေးချယ်ခံရသော ငါးဖွဲ့နှင့် ရန်ကုန်မြို့တွင် ယှဉ်ပြိုင်သည့် ၁၅ ဖွဲ့မှ ရွေးချယ်ခံရသော ငါးဖွဲ့တို့ကို ဖေဖော်ဝါရီ ၁၀ ရက်က ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICT Park တွင် ဆက်လက်ရွေးချယ်ခဲ့ရာ အသင်း ၁၀ သင်းမှ အကောင်းဆုံး သုံးသင်းကို ရွေးချယ်ခဲ့သည်။ ၂၀၁၈ ခုနှစ်တွင်လည်း အကောင်းဆုံးအသင်းသုံးသင်းကို ထောက်ပံ့ကူညီခဲ့ရာ ယခုအခါ လူငယ်စီးပွားရေးလုပ်ငန်းရှင်များအဖြစ် ရပ်တည်လျက် ယင်းတို့၏ အနာဂတ်စိတ်ကူးစိတ်သန်းများကို ပုံဖော်ဆောင်ရွက်လျက်ရှိသည်။

အခမ်းအနားတွင် မြန်မာလူငယ်စွန့်ဦးတီထွင် ၂၀၁၉ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းစုငြိမ်းက ယခုလို ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ရွေးချယ်ခံထားရသော ပြိုင်ပွဲဝင်အသင်းသုံးသင်းဖြစ်သော ထီနန်းတော် (Idea Capsule)၊ တိုင်းရင်းသားဘာသာစကား (Blue Frog)နှင့် အမှိုက်စနစ်တကျ စွန့်ပစ်ရာမှ MPT ဖုန်းဘေလ် အခမဲ့ရရှိမည့် အက်ပလီကေးရှင်း (Waste Management Mechine) စသည့် အသင်းတို့နှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီး ထိုအသင်းသုံးသင်းမှ လူငယ်တို့က မိမိတို့ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။




ကွန်ပျူတာအသင်းချုပ်နှင့် မြန်မာလူငယ်စွန့်ဦးတီထွင်အသင်းတို့ လက်မှတ်ရေးထိုးနေစဉ်။

စွန့်ဦးတီထွင်လိုသော လူငယ်များကို MPT နှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တို့မှ ထောက်ပံ့ကူညီလျက်ရှိရာ နည်းပညာစွန့်ဦးတီထွင် ဖွံ့ဖြိုးရေးအစီအစဉ်ကို ၂၀၁၈ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့၍ မြန်မာပြည်တစ်ဝန်းမှ ကျောင်းသားများနှင့် လူငယ်များ တစ်နှစ်ထက်တစ်နှစ် အထူးစိတ်ဝင်စားကြောင်း သိရသည်။

**သန်းထိုက်**
**ဓာတ်ပုံ -သန်းစိုး**

# ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဘူးသီးတောင်မြို့နယ်အတွင်း စာစစ်ဌာန ငါးခုဖွင့်လှစ်သွားမည်

**ဘူးသီးတောင် မတ် ၂**

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်၌ ၂၀၁၉ ခုနှစ် မတ် ၆ ရက်တွင် ဖြေဆိုမည့် တက္ကသိုလ်ဝင်စာမေးပွဲကို စာစစ်ဌာန ငါးခု ဖွင့်လှစ်ကျင်းပသွားမည်ဖြစ်ကြောင်း မြို့နယ်အခြေခံပညာဦးစီးဌာန ဒုတိယမြို့နယ်ပညာရေးမှူး ဦးမောင်သန်းက ပြောကြားသည်။

အဆိုပါစာမေးပွဲကို ဘူးသီးတောင်မြို့နယ်အတွင်းရှိ အထက (၁) ဘူးသီးတောင်၊ အထက(၂)ဘူးသီးတောင်၊ အထကလက်ဝဲဒက်ပုဇွန်ချောင်း၊ ထခွဲ အလက (၂) ဘူးသီးတောင်၊ အထကစေတီတောင်တို့၌ စာစစ်ဌာနများ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် ကျောင်းသား ကျောင်းသူ ၁၈၅၁ ဦး စာရင်းပေးသွင်းထားကြောင်း၊ စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် အခက်အခဲမရှိအောင် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## သန်လျင်၌ တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနခြောက်ခုဖွင့်မည်

**ရန်ကုန် မတ် ၂**

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို လာမည့် မတ် ၆ ရက်မှ စတင်၍ ကျင်းပတော့မည်ဖြစ်သည်။

ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် သန်လျင်မြို့နယ်၌ စာစစ်ဌာနခြောက်ခု ဖွင့်လှစ်သွားမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းထားသူ ၄၆၆၇ ဦးရှိကြောင်းနှင့် စာဖြေသူကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ဖြေဆိုနိုင်ရေးအတွက် သက်ဆိုင်ရာစာစစ်ဌာန ကြီးကြပ်ရေးမှူးနှင့် တာဝန်ရှိသူများက စာမေးပွဲဆိုင်ရာလုပ်ငန်းများ ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**သန်းဝင်း (သန်လျင်)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂-၃-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၀၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၂၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၀၀၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၇၀/၉၃၀ | ကျပ် | ၉၄၀/၉၄၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၈၀/၉၄၀ | ကျပ် | ၉၅၅/၉၆၀ | ကျပ် |
| အောက်တိန်း ၉၂ | ၆၈၀/၇၄၀ | ကျပ် | ၇၈၅/၈၁၀ | ကျပ် |
| အောက်တိန်း ၉၅ | ၇၇၅/၈၃၅ | ကျပ် | ၈၈၀/၈၈၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၁ · ၆ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၁၇ · ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၇ · ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၀၃ · ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၅၀ · ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၇၂ · ၄ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၅ · ၄၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၃၀၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၄ · ၃၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၁ · ၁၃ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ · ၆၁၇ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm


ကိုတင့် နှင့် ချမ်းကျက်
HTOO
ကျောင်းဆင်းရင် အိမ်ကိုတန်းပြန်ခဲ့
နော်..ဘယ်ကိုမှ ခြေမရှည်နဲ့ သား ရဲ့..
ဟုတ်ကဲ့ပါ
မေမေ..
စိတ်ချပါ
မေမေရဲ့..
ဟုတ်လား ဟင်..


ကျော်
ပျော်ပျော်နေအား
သား ကျော်ရေ
ဈေးထဲ သွားပြီး ကရင်ကရက်ကားနဲ့
ပန်းပွင့်တစ်ပွင့် ဝယ်ထားပါ
အံဆွဲထဲမှာ ပိုက်ဆံရှိတယ်
Ph:0000007
--700000
မေမေ ဈေးကအပြန်
ဝယ်ဖို့မေ့ခဲ့တာနေမှာ
သွားဝယ်ပေးမှ
သား ကျော်ရေ
မေမေ ဗိုက်ဆာတော့....
ဒီကပါ
မေမေ မှာတဲ့ ကရကာရာ ဈေး
ဂန္ဓမာပန်း ပါ- ဝယ်လာခဲ့တယ်
ငင် ဘုရားရေ
ငါမှာတဲ့ ကရင်ကရက်ကားဆိုတာ
ပန်းတစ်ပွင့်ဆိုတာ ကြော်စားတဲ့
ပေါ်ဖြိပန်း
ပါပဲ


သက်စိုး
ရောင်နီ
ကြာဝတ်ဆံတွေကို အဆိပ်နဲ့နယ်ပြီး
ချထားတာ စားမိတဲ့ ငှက်လေးတွေ
သေကုန်ကြတယ်တဲ့ . . .
ဟုတ်
ပါ၊
ငှက်ကြော်တွေ
ဝယ်မစားတော့ဘူး၊
ပြီး




ခရီးလေးတစ်ခု
ကျောက်ဖြစ် ရုပ်ကြွင်း လောင်စာတွေ မကုန်ခန်းစေဖို့ . . .
ပတ်ဝန်းကျင် ညစ်ညမ်းမှု မဖြစ်စေဖို့ . . .
အသံမဆူညံ . . .
ကာဗွန်ဒိုင်အောက်ဆိုဒ် အဆိပ်မီးခိုးတွေမထွက်ဘဲ . . .
ဒီစက်ဘီးလေး နဲ့ပဲသွားတော့မယ် . . .
FIN


ဦးလေး အိမ်ဆိုတာ နေထိုင်တဲ့သူ ရှိမှ ကောင်းမှာ ပေါ့နော်...
DOG
my home

# တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော စားသုံးဆီများ ထုတ်လုပ်ရောင်းချရေး တစ်နှစ်တာစီမံချက်ဖြင့် လုပ်ဆောင်မည်

**မကွေး မတ် ၂**

စားသုံးဆီဈေးကွက်အတွင်း တာဝန်ယူမှု၊ တာဝန်ခံမှုရှိပြီး ဘေးကင်းလုံခြုံသော စားသုံးဆီများ ထုတ်လုပ်ရောင်းချလာရေးအတွက် တစ်နှစ်တာစီမံချက်တစ်ရပ် ရေးဆွဲပြီး လုပ်ဆောင်သွားရန်ရှိနေကြောင်း မကွေးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)မှ သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း ပထမဦးဆုံး ဆီသန့်စီမံချက်တစ်ရပ်ကို ၂၀၁၉ ဧပြီ ၁ ရက်မှစတင်လုပ်ဆောင်ရန် လျာထားပြီး စားသုံးသူများအား မှန်မှန်ကန်ကန် သတင်းအချက်အလက်ပေးရေးနှင့် စားဆီတိုင်းတွင် ဘေးအန္တရာယ်ဖြစ်စေသည့်အရာများ မပါဝင်စေရန် ယင်းစီမံချက်က ရည်ရွယ်လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

"ဆီကို ရောင်းချတဲ့နေရာမှာပဲဖြစ်ဖြစ်၊ ထုတ်လုပ်တဲ့နေရာမှာပဲဖြစ်ဖြစ်၊ တင်သွင်းတဲ့နေရာမှာပဲဖြစ်ဖြစ် တကယ့် ဆီအစစ်မဟုတ်ဘဲနဲ့ တခြားဆီတစ်မျိုးမျိုးနဲ့ ရောပြီး စားသုံးသူတွေကို လိမ်လည်ရောင်းချတာတွေက ခုခေတ်မှာ အများကြီးဖြစ်လာပြီ၊ တစ်နေရာတည်းက ဒီနေရာက ဖြစ်တာပါလို့ ပြောရခက်လောက်အောင် ထုတ်လုပ်တဲ့၊ ရောင်းချတဲ့၊ တင်သွင်းတဲ့ နေရာတိုင်းမှာ ဖြစ်နေတယ်၊ ဒါကြောင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရေးကို အချက်တစ်ချက်အနေနဲ့ ဒီစီမံချက်နဲ့ စစ်ဆေးလုပ်ဆောင်သွားမှာပါ"ဟု တိုင်းဒေသကြီး FDA မှ တာဝန်ခံ ဒေါက်တာပြည့်ထူးက ပြောသည်။

မကွေးတိုင်းဒေသကြီး ဆီစက်လုပ်ငန်းရှင်များအသင်း၏ အလုပ်အမှုဆောင် ကောင်းသန့်မြေပဲဆီသန့်ထုတ်လုပ်ရေးမှ ဦးဝင်းထွန်းကလည်း "ဆီစက်လုပ်ငန်းရှင်များအသင်းကတော့ FDA နဲ့ ကိုက်ညီရမယ်ဆိုတဲ့ စစ်ဆေးချက်ကို ကြိုဆိုပါတယ်၊ အဲဒါတွေဖြစ်မှသာ ဆီကောင်းဆီသန့် ဖြစ်လာမှာပါ၊ လုပ်ငန်းရှင်အနေနဲ့ကတော့ အဲဒီစစ်ဆေးချက်လာမှာကို မကြောက်ဘူးဗျ၊ လေဘယ်လော(တံဆိပ်ကပ်ပြီး) လုပ်စားနေတဲ့သူတွေ၊ အရောအနှောလုပ်စားနေတဲ့သူတွေကတော့ FDA ကို ကြောက်လိမ့်မယ်"ဟု ၎င်း၏သဘောထားကို ပြောကြားသည်။

တာဝန်ယူမှု၊ တာဝန်ခံမှု ဆိုသည်မှာ ကုန်စည်တွင် ထုတ်ဖော်ကြေငြာထားသည့်အတိုင်း ပဲဆီ/နှမ်းဆီဟု ရေးထားပါက ပဲဆီ/နှမ်းဆီ စစ်ရမည်ဖြစ်ကြောင်း၊ ရောဆီဖြစ်နေပါက ရောထားသည့်အကြောင်းကို စားသုံးသူများထံ ပွင့်ပွင့်လင်းလင်း အသိပေးရောင်းချရမည်ကို ဆိုလိုကြောင်း၊ ယခုစီမံချက်တွင် ရွေ့လျားဓာတ်ခွဲခန်းများကို အသုံးပြု၍ စစ်ဆေးသွားမည်ဖြစ်ပြီး အရေးယူမှုများလည်း ပါဝင်လာမည်ဖြစ်ကြောင်း FDA မှ သိရသည်။

**ဇေယျာတု(မကွေး)**



မကွေးမြို့မှ စားသုံးဆီ လက်လီရောင်းချသည့် ဆိုင်တစ်ဆိုင်ကို တွေ့ရစဉ်။

# ဘားအံတက္ကသိုလ် ရေသဘင်ပွဲတော်တွင် ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာဆင်နွှဲ

**ဘားအံ မတ် ၂**

ဘားအံတက္ကသိုလ် ကျောင်းသားသမဂ္ဂက ဦးဆောင်၍ တက္ကသိုလ်၏ ဒုတိယအကြိမ်မြောက် ရေသဘင်ပွဲတော်ကို မတ် ၁ ရက်က တက္ကသိုလ်ပရိဝုဏ်အတွင်း၌ ကျင်းပခဲ့ရာ ဘာသာရပ်ပေါင်းစုံမှ တက္ကသိုလ် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ဘားအံတက္ကသိုလ် ဒုတိယအကြိမ် ရေသဘင်ပွဲတော်ကို ဒုတိယပါမောက္ခချုပ် ဒေါက်တာသန်းသန်းမြင့်၊ ဘားအံတက္ကသိုလ် ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌ မောင်အာကာထွန်းနှင့် ရေသဘင်ပွဲတော်ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ မောင်အောင်ထိုက်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ဘားအံတက္ကသိုလ် အထူးပြုဘာသာ ၁၂ ခုမှ ကျောင်းသူလေးများက မန်းတောင်ရိပ်ခိုသီချင်းဖြင့် စုပေါင်း သီဆိုကပြ ဖျော်ဖြေခဲ့ကြသည်။

ဘားအံတက္ကသိုလ်ရေသဘင်ပွဲတော် ကျင်းပခြင်းနှင့်ပတ်သက်၍ ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ မောင်အာကာထွန်းက "ကျွန်တော်တို့ငယ်ငယ်က အခြေခံပညာကျောင်းတွေမှာ ပညာသင်နှစ်တစ်နှစ်ပြီးဆုံးရင် ရေတွေပက်ကြတယ်၊ ပျော်ပွဲရွှင်ပွဲအနေနဲ့ နှုတ်ဆက်ကြတယ်၊ အဲဒီကနေ တက္ကသိုလ်ပညာရေးအဆင့်ကို ရောက်လာတော့ ရေသဘင်ပွဲတော်ဆိုပြီး ကျင်းပကြတယ်၊ အခုလို ရေသဘင်ပွဲတော်ကို ကျင်းပခွင့်ရတဲ့အတွက်ကြောင့် မေဂျာတွေအားလုံး စုစုစည်းစည်း၊ စည်းစည်းလုံးလုံးနဲ့ အလုပ်လုပ်ဖြစ်ကြတယ်၊ ကျောင်းသား ကျောင်းသူတွေလည်း အသင်းအဖွဲ့အနေနဲ့ လုပ်ဆောင်တတ်လာတယ်၊ တစ်ဦးချင်းစီရဲ့ အရည်အချင်း၊ ကိုယ်ရည်ကိုယ်သွေးတွေကိုလည်း မြင့်တက်စေချင်တဲ့ ရည်ရွယ်ချက်နဲ့ ကျင်းပရခြင်းဖြစ်ပါတယ်"ဟု ပြောသည်။



ရေသဘင်ပွဲတော်တွင် ပါဝင်ဆင်နွှဲနေသော ကျောင်းသား ကျောင်းသူများ

ဘားအံတက္ကသိုလ် ဒုတိယအကြိမ် ရေသဘင်ပွဲတော်တွင် ဧည့်ခံကျွေးမွေးရေးအဖြစ် စတုဒိသာမဏ္ဍပ်လေးခု ဖွင့်လှစ်ပြီး မုန့်လုံးရေပေါ်၊ သာကူပြုတ်၊ ရွှေရင်အေးနှင့် သင်္ကြန်ထမင်းများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ဖျော်ဖြေရေးအနေဖြင့်လည်း နိုင်ငံကျော်တေးသံရှင်များဖြစ်သော X-box၊ မိစန္ဒီ၊ ဟဲလေး၊ နိုင်းဝမ်းတို့နှင့် အတူ ဒေသခံ ကရင်တေးသံရှင်များက စင်တင်တေးဂီတဖြင့် သီဆိုဖျော်ဖြေခဲ့ကြသလို သင်္ကြန်ယိမ်းအက၊ သံချပ်၊ တစ်ပင်တိုင်အက စသည့် အစီအစဉ်များဖြင့် သင်္ကြန်ပွဲတော်ကြီးအတိုင်း စည်ကားစွာ ကျင်းပခဲ့ရာ ကျောင်းသား ကျောင်းသူ တစ်သောင်းခန့် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# တောင်သူများ ဝင်ငွေတိုးစေမည့် သီဟိုဠ်သီး စိုက်ပျိုးထုတ်လုပ်မှုအကြောင်း အသိပညာပေးမည်

**ရန်ကုန် မတ် ၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ သီဟိုဠ်ပင်စိုက်ဧက ၁၄၀၀၀ ကျော်ရှိနေပြီး စိုက်ပျိုးထုတ်လုပ်မှု အောင်မြင်ရေးနှင့် တောင်သူများ ဝင်ငွေတိုးတက်စေရန်အတွက် သင်တန်းများကို စိုက်ပျိုးရေးဦးစီးဌာနက စာတွေ့လက်တွေ့ သင်ကြားပို့ချလျက်ရှိသည့်အပြင် သင်တန်းဆင်း ဝန်ထမ်းများက ဈေးကွက်ဝင် သီဟိုဠ်စိုက်ပျိုးထုတ်လုပ်မှုကို တောင်သူများထံ ကွင်းဆင်းအသိပညာပေးမှုများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံကထွက်ရှိတဲ့ ဈေးကွက်ဝင် သီဟိုဠ်စေ့ကို တရုတ်နိုင်ငံနဲ့ စင်ကာပူကို နှစ်စဉ် ပို့တယ်၊ နယ်စပ် ဘော်ဒါပတ်စ်အနေနဲ့လည်း တနင်္သာရီတိုင်းဒေသကြီးကနေ ထိုင်းနဲ့ မလေးရှားနိုင်ငံကို ပို့ပါတယ်၊ သီဟိုဠ် အများဆုံးစိုက်ပျိုးတာက မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းဒေသကြီးမှာပါ၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်တို့မှာလည်း စိုက်ပျိုးပါတယ်၊ ဝယ်လိုအားကောင်းတဲ့အတွက် တောင်သူတွေ ဝင်ငွေတိုးအောင် သင်တန်းဆင်းတွေက ပညာပေးဆောင်ရွက်သွားမှာပါ"ဟု ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စောရီက ပြောသည်။

အထွက်နှုန်းကောင်းပြီး ဓာတုကင်းလွတ်သော သီဟိုဠ်သီးနှင့် သီဟိုဠ်စေ့များကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် စိုက်ပျိုးလျက်ရှိသည့်အနက် မှော်ဘီ၊ တိုက်ကြီး၊ သန်လျင်၊ ကျောက်တန်း၊ ကွမ်းခြံကုန်းနှင့် တွံတေးမြို့နယ်တို့တွင် အများဆုံး စိုက်ပျိုးနေသောကြောင့် အဆိုပါမြို့နယ်များရှိ စိုက်ပျိုးရေးဝန်ထမ်း သင်တန်းသားများအား ဈေးကွက်ဝင် သီဟိုဠ်စိုက်ပျိုးထုတ်လုပ်မှု စာတွေ့လက်တွေ့သင်တန်းကို တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက ဖေဖော်ဝါရီ ၂၅ ရက်မှစ၍ ငါးရက်ကြာ သင်ကြားပို့ချပေးခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံမှ စိုက်ပျိုးထုတ်လုပ်နေသော သီးနှံများမှ ဈေးကွက်အလားအလာရှိသည့် သီးနှံများထဲတွင် သီဟိုဠ်လည်း အပါအဝင်ဖြစ်ရာ ပြည်ပဝယ်လိုအားရှိသော သီဟိုဠ်ကို GAP စနစ်အတိုင်း စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးစေရေး ကွင်းဆင်းအသိပညာပေးရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **သန်းထိုက်**

# ကျောက်မဲမြို့သို့ တိုက်ပွဲရှောင်ပြည်သူများ ဒုတိယအကြိမ် ထပ်မံရောက်ရှိ ခိုလှုံလျက်ရှိ

**ကျောက်မဲ မတ် ၂**

ရှမ်းပြည်နယ် ကျောက်မဲမြို့နယ်အတွင်းရှိ ကျေးရွာအချို့မှ တိုက်ပွဲရှောင်ပြည်သူ ၁၅၄ ဦးသည် ကျောက်မဲမြို့ အမှတ်(၂)ရပ်ကွက်ရှိ နမ့်စစ်လင်းကျောင်းတိုက်သို့ ဖေဖော်ဝါရီ ၂၈ ရက် ညနေပိုင်းက ရောက်ရှိလာပြီး ခိုလှုံနေထိုင်လျက်ရှိကြောင်း သိရသည်။

မြို့နယ်အတွင်းရှိ ချောင်းချောက်ကျေးရွာအုပ်စု နောင်လိုင်ကျေးရွာမှ အိမ်ထောင်စု ရှစ်စု၊ နားပြိန်းကျေးရွာအုပ်စု လွယ်ဆာကျေးရွာ၊ နားပုံကျေးရွာနှင့် ကောင်းဟုန်း ကျေးရွာတို့မှ အိမ်ထောင်စု ၄၆ စု၊ စုစုပေါင်း အိမ်ထောင်စု ၅၄ စုမှ လူဦးရေ ၁၅၄ ဦးတို့ တိုက်ပွဲရှောင် ရောက်ရှိလာကြခြင်းဖြစ်ပြီး အဆိုပါပြည်သူများအား ကျောက်မဲမြို့နယ် တိုက်ပွဲရှောင်စောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွဋ်နိုင်နှင့် တာဝန်ရှိသူများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများက နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများအတွက် ကူညီပေးလျက်ရှိကာ ကျောက်မဲခရိုင် ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနကလည်း အိမ်ထောင်စုတစ်စုလျှင် အိမ်သုံးပစ္စည်း ကိုးမျိုးစီ ကို ထောက်ပံ့ပေးထားကြောင်း သိရသည်။

ကျောက်မဲမြို့သို့ ယခုရောက်ရှိနေသော တိုက်ပွဲရှောင်ပြည်သူများသည် ဖေဖော်ဝါရီ ၉ ရက်က ကျောက်မဲမြို့ရှိ တိုက်ပွဲရှောင်စခန်းများသို့ ပထမအကြိမ် လာရောက်ခိုလှုံခဲ့ကြ ပြီးနောက် နယ်မြေအေးချမ်းသွား၍ ၎င်းတို့ကျေးရွာများသို့ ဖေဖော်ဝါရီ ၂၂ ရက်တွင် ပြန်လည်ထွက်ခွာသွားခဲ့ကြကာ ယခုအခါ ၎င်းတို့နေထိုင်သည့် ရွာများအနီးတွင် RCSS နှင့် SSPP လက်နက်ကိုင်အဖွဲ့အစည်းတို့ကြား တိုက်ပွဲဖြစ်ပွားမည်ကို စိုးရိမ်ရသောကြောင့် ကျောက်မဲမြို့သို့ ဒုတိယအကြိမ် လာရောက်ခိုလှုံရခြင်းဖြစ်ကြောင်း ကောင်းဟုန်းကျေးရွာမှ ပြည်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အသက် ၇၃ နှစ်ရှိ အဘိုးအို တက္ကသိုလ်ဝင်စာမေးပွဲကို ဇွဲမလျှော့သေးဘဲ ဖြေဆိုရန် ကြိုးပမ်းစာကျက်နေ

**မော်လမြိုင်ကျွန်း မတ် ၂**

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုရန် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်လက်မှတ်ရရှိထားသူ အမှတ် ၂၂၊ ကံ့ကော်လမ်း အမှတ် ၁၀ ရပ်ကွက် မော်လမြိုင်ကျွန်းမြို့နေသူ ဦးသိန်းညွှန့် ၇၃ နှစ်သည် ဇွဲမလျှော့သေးဘဲ တက္ကသိုလ်ဝင်စာမေးပွဲကို ကြိုးစားဖြေဆိုရန် စာကျက်မှတ်နေသူဖြစ်သည်။

၎င်းသည် မော်လမြိုင်ကျွန်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင်စာမေးပွဲကို ၁၉၇၀ ပြည့်နှစ်နှင့် ၁၉၇၁ ခုနှစ်တို့တွင် နှစ်နှစ်ဆက်တိုက်ဖြေဆိုခဲ့ရာ ကျရှုံးသဖြင့် ပြင်ပဖြေအဖြစ် ဆက်လက်ဖြေဆိုခဲ့ရာ ၂၀၁၈ ပြည့်နှစ်အထိ နှစ်ပေါင်း ၄၈ နှစ်တိုင် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျရှုံးခဲ့သည်။

ယခု ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဝိဇ္ဇာဘာသာတွဲ အတွဲ(၂)၊ ခုံနံပါတ် အက-၃၁၃၀ ဖြင့် ဝင်ရောက်ဖြေဆိုရန် အဆင်သင့်ဖြစ်နေပြီး ဖြေဆိုရမည့် မြန်မာစာ၊ သင်္ချာ၊ ပထဝီ၊ အင်္ဂလိပ်၊ သမိုင်းနှင့် ဘောဂဗေဒဘာသာရပ်များကို အချိန်ဇယားဆွဲ၍ နေ့စဉ်ကြိုးစားကျက်မှတ်လျက်ရှိသည်။

"ကျွန်တော်က ဇနက္ကထုံးနှလုံးမူပါတယ်။ ရည်မှန်းချက်ထားပြီး အောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ ပြီးဆုံးသည့်တိုင် ဇွဲမလျှော့ဘဲ ကြိုးစားလုပ်ပါတယ်။ အခုနှစ်ဖြေဆိုလို့ မအောင်သေးရင်လည်း လာမယ့်နှစ်တွေမှာ ကျန်းမာရေးကောင်းတဲ့အချိန်ထိ တက္ကသိုလ်ဝင်စာမေးပွဲကို ဆက်ဖြေဆိုသွားမှာပါ"ဟု ၎င်းက ပြောသည်။ **မော်ကျွန်း-မြင့်အောင်**


တက္ကသိုလ်ဝင် စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ဦးသိန်းညွှန့်။

## ပြင်ဆင်ဖတ်ရှုပါရန်

၁-၃-၂၀၁၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၀ တွင် ပါရှိသည့် တောင်ငူခရိုင်အတွင်း တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းပေးခြင်းလုပ်ငန်းများ စမ်းသပ်ဆောင်ရွက်မည် သတင်း၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမောင်မောင်ရွှေ (**အစား**) တရားသူကြီး ဦးမျိုးတင့်ဟု ပြင်ဆင်ဖတ်ရှုပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **သန်းလွင်**

# ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ ပြဋ္ဌာန်း

*၁-၃-၂၀၁၉ ရက်မှအဆက်*

၈။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့သည်-

(က) ကမ္ဘာ့အမွေအနှစ်ဒေသနှင့် အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများမှအပ ကျန်ယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ကာကွယ်ထိန်းသိမ်းရန် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သော ဒေသဆိုင်ရာ ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းရမည်-

(၁) ခရိုင် သို့မဟုတ် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ အရာရှိတစ်ဦး — ဥက္ကဋ္ဌ

(၂) ခရိုင် သို့မဟုတ် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အရာရှိတစ်ဦး — အဖွဲ့ဝင်

(၃) ခရိုင် သို့မဟုတ် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ အရာရှိတစ်ဦး — အဖွဲ့ဝင်

(၄) မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အရာရှိတစ်ဦး — အဖွဲ့ဝင်

(၅) ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို ဆောင်ရွက်နေသော ဒေသခံနှစ်ဦး — အဖွဲ့ဝင်

(၆) သက်ဆိုင်ရာ ဦးစီးဌာနခွဲ တာဝန်ခံ — အတွင်းရေးမှူး

(ခ) ဒေသဆိုင်ရာ ထိန်းသိမ်းရေးကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီတွင် ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သောအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များကို သတ်မှတ်ပေးရမည်။

### အခန်း (၅)
### ယဉ်ကျေးမှုအမွေအနှစ်ဒေသသတ်မှတ်ခြင်း

၉။ ဝန်ကြီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် အောက်ပါဒေသအမျိုးအစား တစ်ခုခုကိုဖြစ်စေ၊ တစ်ခုထက်ပို၍ဖြစ်စေ နယ်နိမိတ်ဖော်ပြ၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်-

(က) ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသ၊

(ခ) ကြားခံဒေသ။

၁၀။ ဝန်ကြီးဌာနသည် လိုအပ်လျှင် ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသနှင့် ကြားခံဒေသအတွင်းတွင် မြေယာစီမံခန့်ခွဲရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသော မြေဖြစ်ပါက သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ခြင်း၊ လိုအပ်ပါက အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ခြင်း၊

(ခ) ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းက စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းခွင့်ရှိသော မြေဖြစ်ပါက သက်ဆိုင်ရာဥပဒေနှင့်အညီ သက်ဆိုင်ရာပုဂ္ဂိုလ်၊ ပုဂ္ဂလိကအဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

### အခန်း (၆)
### ယဉ်ကျေးမှုအမွေအနှစ်ဒေသကာကွယ်ထိန်းသိမ်းခြင်း

၁၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ထိန်းသိမ်းရေးကော်မတီနှင့် ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီများသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများတွင် ယဉ်ကျေးမှုအမွေအနှစ်အခင်းအကျင်းကို အဟန့်အတား၊ အနှောင့်အယှက်ဖြစ်စေသည့် မည်သည့်အဆောက်အအုံမျှ ဆောက်လုပ်ခြင်းမပြုရန် တားဆီးခြင်း၊ ကျူးကျော်ဆောက်လုပ်ထားမှုများကို ဖယ်ရှားစေခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်သည်။

၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီနှင့် ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီများသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသ တစ်ခုချင်းအလိုက် အဆောက်အအုံဆောက်လုပ်ရာ၌ လိုက်နာရမည့် စည်းကမ်းချက်များနှင့် သတ်မှတ်ချက်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်နိုင်သည်။

၁၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီနှင့် ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီများသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသတွင် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၁၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီနှင့် ဒေသဆိုင်ရာ ထိန်းသိမ်းရေးကော်မတီများသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း၌ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်ရန် လိုအပ်ပါက ဝန်ကြီးဌာန၏ သဘောတူညီချက် ရယူရမည်-

(က) ရှေးဟောင်းအဆောက်အအုံ၏ ပရဝဏ်ကို သတ်မှတ်ခြင်း၊

(ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်သည့်ပရဝဏ်အတွင်း ဆောင်ရွက်သည့် ကိစ္စရပ်များအတွက် လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဂ) ရှေးဟောင်းအဆောက်အအုံအား ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့များ ဖွဲ့စည်း၍ ထိန်းသိမ်းစောင့်ရှောက်ခြင်း။

### အခန်း (၇)
### ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ

၁၅။ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး၊ ဖော်ထုတ်ရေးနှင့် သုတေသနပြုလုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ခ) ထင်ရှားကျော်ကြား၍ ယဉ်ကျေးမှုတန်ဖိုးမြင့်မားသော ယဉ်ကျေးမှုအမွေအနှစ်ဒေသများနှင့် ပျက်စီးယိုယွင်းနေသော ယဉ်ကျေးမှုအမွေအနှစ်များကို ဦးစားပေးထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ဂ) အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ကို လည်းကောင်း၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ရှေးဟောင်းနေရာနှင့်ရှေးဟောင်းအဆောက်အအုံများကို လည်းကောင်း အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ဃ) ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်စာရင်းတွင် ပါဝင်နိုင်ရေးအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ခြင်း၊

(င) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းမှ ရှေးဟောင်းဝတ္ထုပစ္စည်းများ ပြည်ပသို့ မရောက်ရှိစေရေးနှင့် ပြည်ပသို့ရောက်ရှိသွားသော ရှေးဟောင်းဝတ္ထုပစ္စည်းများ ပြန်လည်ရရှိရေးတို့အတွက် လိုအပ်သလိုဆောင်ရွက်ခြင်း၊ ပြည်ပမှ ပြန်လည်ရရှိလာသော ရှေးဟောင်းဝတ္ထုပစ္စည်းများကို တတ်နိုင်သမျှ မူလတည်ရှိခဲ့ရာဒေသ၌ ထိန်းသိမ်းထားရှိရန် ဆောင်ရွက်ခြင်း၊

(စ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားဂုဏ်ယူတတ်စေရေးအတွက် အသိပညာပေးရေးလုပ်ငန်း ဆောင်ရွက်ခြင်း၊

(ဆ) အစိုးရအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သော ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(ဇ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီနှင့် ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီများ၏ တင်ပြချက်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ခြင်း၊

(ဈ) ပုဒ်မ ၄၉၊ ပုဒ်မခွဲ(က) အရ အယူခံမှုအပေါ် အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ည) ယဉ်ကျေးမှုအမွေအနှစ် ထိခိုက်မှုတွင် ထိခိုက်အောင်ဆောင်ရွက်သူက ပေးလျော်စေရန်၊ ယဉ်ကျေးမှုအမွေအနှစ်မှ အကျိုးအမြတ်ရရှိသည့် အဖွဲ့အစည်းများက ရန်ပုံငွေထည့်ဝင်စေရန်၊ အကျိုးအမြတ်၏ တစ်စိတ်တစ်ပိုင်းအား ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးလုပ်ငန်းများတွင် ထည့်ဝင်စေရန် သတ်မှတ်ခြင်း၊

(ဋ) နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ရငွေအပြင် ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးလုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်၏ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှု ရန်ပုံငွေ တစ်ရပ်ကို တည်ထောင်ထားရှိခြင်း။

### အခန်း(၈)
### တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီနှင့် ဒေသဆိုင်ရာ ထိန်းသိမ်းရေးကော်မတီများ၏ လုပ်ငန်းတာဝန်များ

၁၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကမ္ဘာ့အမွေအနှစ်နှင့် အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ခ) ကမ္ဘာ့အမွေအနှစ်ဒေသများအတွက် ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းစဉ်က အတည်ပြုထားသည့် ဘက်စုံလွှမ်းခြုံသော စီမံခန့်ခွဲရေးလုပ်ငန်းစဉ်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ် ဒေသအတွင်းရှိ ဒေသခံများ၏ အနာဂတ်မြို့ပြ၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဃ) ကမ္ဘာ့အမွေအနှစ်နှင့်အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ် ဒေသအတွင်းရှိ မြို့ပြ၊ ကျေးရွာများတွင် အောက်ပါကိစ္စရပ်များကို ဆောင်ရွက်ခြင်း၊ စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း-

(၁) အဆောက်အအုံကို တည်ဆောက်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်း၊

(၂) မူလရှိပြီး ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ သို့မဟုတ် စက်မှုလုပ်ငန်းအဆောက်အအုံကို ပြင်ဆင်ခြင်း၊

(၃) ဒေသခံများက ဆောင်ရွက်သည့် စီးပွားရေး၊ လူမှုရေးကိစ္စရပ်များကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ခြင်း၊

(၄) ရှေးဟောင်းအဆောက်အအုံ၏ ဝင်းခြံနယ်နိမိတ်ကို ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၅) လမ်းဖောက်လုပ်ခြင်း၊ တံတား၊ ဆည်မြောင်း၊ တာတမံဆောက်လုပ်ခြင်း၊ လျှပ်စစ်နှင့် ဆက်သွယ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၆) ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းရပ်များအတွက် မဖြစ်မနေ လိုအပ်သော အဆောက်အအုံ၊ လူအများသုံးအခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်း၊

(၇) သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသည့် အဆောက်အအုံများကို ပြန်လည်ပြင်ဆင်စေခြင်း၊ ဖျက်သိမ်းစေခြင်း။

(င) ကမ္ဘာ့အမွေအနှစ်နှင့် အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေး ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားအဆင့် ကော်မတီသို့ နှစ်စဉ် အစီရင်ခံတင်ပြခြင်း။

၁၇။ ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ယဉ်ကျေးမှုအမွေအနှစ်ဒေသတွင် ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ခ) ကမ္ဘာ့အမွေအနှစ်ဒေသများအတွက် ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းစဉ်က အတည်ပြုထားသည့် ဘက်စုံလွှမ်းခြုံသော စီမံခန့်ခွဲရေး လုပ်ငန်းစဉ်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ဒေသခံများ၏ အနာဂတ်မြို့ပြ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဃ) သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသည့် အဆောက်အအုံများကို ပြန်လည်ပြင်ဆင်စေခြင်း၊ ဖျက်သိမ်းစေခြင်း၊

(င) ယဉ်ကျေးမှုအမွေအနှစ်ဒေသတွင် ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေး ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ထိန်းသိမ်းရေး ကော်မတီနှင့် အမျိုးသားအဆင့်ကော်မတီသို့ နှစ်စဉ်အစီရင်ခံတင်ပြခြင်း။

၁၈။ ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသတွင် ဆောင်ရွက်လိုသည့် အောက်ပါကိစ္စရပ်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ခြင်း၊ စိစစ်၍ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း-

(က) ရှေးဟောင်းအဆောက်အအုံနှင့် ယင်းဝင်းခြံနယ်နိမိတ်ကို ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်း၊

(ခ) လမ်းဖောက်လုပ်ခြင်း၊ တံတား၊ ရေမြောင်း၊ တာပေါင်ဆောက်လုပ်ခြင်း၊ လျှပ်စစ်နှင့် ဆက်သွယ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂ) စီမံခန့်ခွဲမှုအရ မဖြစ်မနေလိုအပ်သော အဆောက်အအုံ၊ လူအများသုံး အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်း။

၁၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီနှင့်ဒေသဆိုင်ရာ ထိန်းသိမ်းရေးကော်မတီသည် ကြိုတင်ခွင့်ပြုချက် လျှောက်ထားလာမှုများကို အမွေအနှစ်ထိခိုက်နိုင်မှု ဆန်းစစ်ချက်ပြုလုပ်စေပြီး တွေ့ရှိချက်ရလဒ်ပေါ်မူတည်၍ ပုဒ်မ ၂၉ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ရမည်။

၂၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီနှင့် ဒေသဆိုင်ရာ ထိန်းသိမ်းရေးကော်မတီများသည် ကြိုတင်ခွင့်ပြုချက်ပေးထားသည့်ကိစ္စရပ်များကို ခွင့်ပြုစဉ်က သတ်မှတ်ပေးထားသည့် စည်းကမ်းချက်များအတိုင်း ဆောင်ရွက်ခြင်း မရှိလျှင် ကြိုတင်ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းနိုင်သည်။

### အခန်း (၉)
### ကြိုတင်ခွင့်ပြုချက် လျှောက်ထားခြင်း၊ စိစစ်ခြင်းနှင့် ထုတ်ပေးခြင်း

၂၁။ အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်လိုသူသည် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည့်အပြင် ယဉ်ကျေးမှုအမွေအနှစ်များအပေါ် ထိခိုက်မှုမရှိကြောင်း ကြိုတင်ခွင့်ပြုချက်ရရှိရန် ကမ္ဘာ့အမွေအနှစ်ဒေသ သို့မဟုတ် အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းဖြစ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ထိန်းသိမ်းရေးကော်မတီသို့လည်းကောင်း၊ ကမ္ဘာ့အမွေအနှစ်ဒေသ သို့မဟုတ် အမျိုးသားအဆင့်ယဉ်ကျေးမှုအမွေအနှစ်ဒေသမှအပ ကျန်ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းဖြစ်ပါက ဒေသဆိုင်ရာ ထိန်းသိမ်းရေးကော်မတီသို့လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်-

(က) ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသအတွင်းရှိ မြို့ပြနှင့် ကျေးရွာတွင်-

(၁) အဆောက်အအုံ တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း၊

(၂) ရှေးဟောင်းအဆောက်အအုံမှတစ်ပါး အခြားအဆောက်အအုံကို ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ ဝင်းခြံနယ်နိမိတ်ကို ကာရံခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် တိုးချဲ့ခြင်း၊

(၃) ယဉ်ကျေးမှုအမွေအနှစ်များကို မထိခိုက်သည့် သာသနိကအဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ပြုပြင်မွမ်းမံခြင်း၊ အသစ်တည်ဆောက်ခြင်း၊

(၄) လမ်းများတိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်း၊ ဆိပ်ခံဘောတံတားများ ပြင်ဆင်ခြင်း၊

(၅) ရေတွင်း၊ ရေကန်၊ ရေကူးကန်၊ ရေလှောင်ကန်၊ မွေးမြူရေးကန်များ၊ မွေးမြူရေးခြံများ၊ နှစ်ရှည်ပင်စိုက်ပျိုးခြင်းများ ဆောင်ရွက်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊

(၆) လက်မှုလုပ်ငန်းဆိုင်ရာ အလုပ်ရုံများ အသစ်တည်ဆောက်ခြင်း၊ တိုးချဲ့ပြုပြင်ခြင်း၊

(၇) စီးပွားရေးလုပ်ငန်းဆိုင်ရာ စားသောက်ဆိုင်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ ခရီးသွားလုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာများ တည်ဆောက်ခြင်း၊ တိုးချဲ့ပြုပြင်ခြင်း၊

(၈) ပြခန်းလုပ်ငန်းဆိုင်ရာ အဆောက်အအုံအသစ် ဆောက်လုပ်ခြင်း၊ တိုးချဲ့ပြုပြင်ခြင်း၊

(၉) မူလရှိပြီး ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ သို့မဟုတ် အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းအဆောက်အအုံကို ပြင်ဆင်ခြင်း၊

(၁၀) ရဟတ်ယာဉ်၊ လူစီးမီးပုံးပျံများ၊ အခြားစက်တပ်၊ စက်မဲ့ယာဉ် ပျံသန်းခြင်း။

*(ဆက်လက်ဖော်ပြပါမည်)*

# ရှာဖွေလေ တွေ့ရှိလေ သုတေသနကဏ္ဍ

ဒေါက်တာစန်းဝင်း (သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်)

*၁-၃-၂၀၁၉ ရက်မှအဆက်*

အခြားအခက်အခဲတစ်ခုမှာ အကြောင်းများစွာကြောင့် သစ်တောများလည်း ပြုန်းလာသည့်အတွက် ထင်းနှင့် အခြား သစ်ပင်သစ်တော အခြေခံလယ်ယာသုံး ထွန်တုံးထွန်တံ စသည့်လိုအပ်ချက်များအတွက် ယခင်ထက်ခရီးဝေးကွာစွာ သွားမှသာရရှိနိုင်တော့သည်ကို လေ့လာတွေ့ရှိခဲ့သည်။

သီးနှံ သစ်တော ရောနှောစိုက်သူများ၏ ဖြေကြားချက် အရ တစ်ကြိမ်တွင် ဝင်ငွေနည်းနည်းဖြင့်ရသော်လည်း ရာသီ အလိုက် အဆက်မပြတ် အကြိမ်ကြိမ်ဝင်ငွေရှိနေခြင်း၊ သီးနှံ စိုက်လင်၍ တစ်နှစ်ပတ်လုံးစားဖို့၊ ရောင်းဖို့ရရှိခြင်း၊ ထင်းစသည့် အိမ်သုံးသစ်ထင်းလိုအပ်ချက်အတွက် အချိန်တိုအတွင်း အဆင်ပြေစွာရနိုင်ခြင်းနှင့် စိုက်ခင်းအတွင်းမြေဆီဩဇာ မကျသွားခြင်းစသည့် အကျိုးကျေးဇူးများရရှိကြောင်း တွေ့ရှိရပါသည်။ စိုက်ပျိုးရေးအခြေခံနိုင်ငံမို့ မြေဆီလွှာမပျက်စီးရေး သည် အလွန်အရေးပါလှပေသည်။

**သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း**

အထက်ပါအချက်များကို ထောက်ရှုစဉ်းစားပါက သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း နည်းလမ်းသည် သီးနှံတစ်မျိုးတည်း စိုက်ပျိုးခြင်းနည်းလမ်းထက် လူမှုစီးပွား ရေးအရ ပိုမိုကောင်းမွန်ကြောင်း တွေ့ရှိရပေသည်။ လူမှုရေး၊ စီးပွားရေးနှင့် သစ်တောဂေဟစနစ်ကောင်းမွန် ခိုင်ခံ့စေခြင်း အမြင်မှကြည့်သော် ဤစိုက်ပျိုးနည်းလမ်းသည် စိုက်ပျိုး သူများအတွက် အလေးပေးအသုံးပြုရန် စဉ်းစားစရာ နည်းလမ်းတစ်ခုဖြစ်ကြောင်း တွေ့ရှိရပါသည်။

သို့သော်လည်း သီးနှံ သစ်တောရောနှောစိုက်ခြင်း နည်းလမ်း၏ အားနည်းချက်မှာ အလုပ်သမားလိုအပ်ချက်နှင့် အရင်းအနှီးလိုအပ်ချက်သည် သီးနှံတစ်မျိုးတည်း စိုက်ပျိုး ခြင်းထက် စတင်စိုက်ပျိုးသောနှစ်များတွင် ပိုမိုလိုအပ်နေသည် ကို တွေ့ရှိရပါသည်။ ယင်းအချက်သည် တောသူ တောင်သား များ ဉယျာဉ်ခြံလုပ်ငန်းများတွင် သီးနှံ သစ်တော ရောနှော စိုက်ခြင်းလုပ်ငန်းလုပ်ကိုင်နိုင်ရန် အမတော်ကြေး ချေးပေး ရန်နှင့် သီးနှံအာမခံလုပ်ငန်း ထွန်းကားရန် လိုအပ်နေသည်ကို တွေ့ရှိရသည်။

အလုပ်သမားလိုအပ်ချက် ပိုမိုများပြားနေခြင်းသည် တစ်ဖက်ကတွေးကြည့်ပါက ကျပန်းအလုပ်သမားများအတွက် လည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေနိုင်ပါသည်။ ယင်းအပြင်သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်းသည် မြေ ဧရိယာ အနည်းငယ် ပိုင်ဆိုင်သောသူများလည်း ရောနှော စိုက်ပျိုးခြင်းစနစ်ဖြင့် လုပ်ဆောင်နိုင်သည်ကို တွေ့ရှိရပါသည်။ ယခုလို ရာသီဥတုပြောင်းလဲလာနေသောခေတ်တွင် ဂေဟ စနစ် မပျက်ပြားစေရေးနှင့် ရာသီဥတုသဘာဝဘေးအန္တရာယ် ကျသော် ပြန်လည်နာလန်ထူစေနိုင်ရန် (Climate Resilience) အတွက် သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း နည်းလမ်းသည် ပိုမိုသုံးသင့်ကြောင်းလည်း တွေ့ရှိရပေသည်။ အခြားကျောင်းသားတစ်ဦးက ပြုလုပ်သော နောက်စာတမ်း တစ်ခုမှာ ပဲခူးရိုးမဒေသ တောင်ငူခရိုင် ခပေါင်းကြိုးဝိုင်းအတွင်း တွင် သစ်တောများအကြိမ်ကြိမ်ခုတ်ယူမှု၏နောက်ဆက်တွဲ ဖြစ်ပေါ်လာသော သစ်တောအခြေအနေကို လေ့လာထား ခြင်းဖြစ်သည်။

သစ်တောများကို စီမံအုပ်ချုပ်ရာ၌ သစ်ထုတ်ယူခြင်း ကြောင့် မြေပေါ်ဇီဝဒြပ်ထုပမာဏ (Above Ground Biomass-AGB) နှင့် သူ၏ ကာဗွန်ပမာဏအပေါ် သက်ရောက်မှုကို သိရှိရန်လိုအပ်ပါသည်။ သစ်ထုတ်ခြင်းကြောင့် သစ်ပင်နှင့် ဝါးပင်များ၏ မြေပေါ်ဇီဝဒြပ်ထုပမာဏနှင့် ကာဗွန် ပမာဏအပေါ် အကျိုးသက်ရောက်မှုကို သိရှိနိုင်ရန် ဆောင်ရွက် ခဲ့သည့် Quantitative Research သုတေသန အမျိုးအစား ဖြစ်သည်။

**လေ့လာနည်း**

ယခုသုတေသနတွင် တောင်ငူခရိုင် ခပေါင်းကြိုးဝိုင်းတွင် ၁၀ နှစ်အတွင်း မတူညီသော သစ်ထုတ်ယူခြင်း ပမာဏမတူညီ ဖြစ်သည့် အကွက်အမှတ် ၈၀၊ ၉၅ နှင့် ၂၀၃ ကို ရွေးချယ်ခဲ့ပါသည်။ အကွက်အမှတ် ၈၀ သည် ၁၀ နှစ် အတွင်း (၂၀၀၆ မှ ၂၀၁၅) သစ်လုံးဝထုတ်ယူခြင်းမရှိသည့် အကွက်ဖြစ်၍ L 0 ဟုသတ်မှတ် ထားပြီး အကွက်အမှတ် ၉၅ သည် တစ်ကြိမ် ထုတ်ယူထားသည့် အကွက်ဖြစ်၍ L 1ဟုသတ်မှတ်ထားသည်။ အကွက်အမှတ် ၂၀၃ သည် နှစ်ကြိမ်ထုတ်ထားသည့် အကွက်ဖြစ်၍ L 2 ဟု သတ်မှတ်ထားသည်။ (သစ်တောအုပ်ချုပ်မှုစနစ်တွင် သစ်တော တစ်တော ကို အနှစ် ၃၀ ကျမှ တစ်ကြိမ် အလှည့်ကျ ရွေးချယ် ခုတ်ယူရပါသည်-စကားချပ်)။

**"ရာသီဥတုပြောင်းလဲလာနေသောခေတ်တွင် ဂေဟစနစ်မပျက်ပြားစေရေး နှင့် ရာသီဥတု သဘာဝဘေးအန္တရာယ်ကျသော် ပြန်လည်နာလန်ထူစေနိုင်ရန် (Climate Resilience) အတွက် သီးနှံသစ်တော ရောနှော စိုက်ပျိုးခြင်း နည်းလမ်းသည် ပိုမိုသုံးသင့်ကြောင်းလည်း တွေ့ရှိရ"**

အကွက်တစ်ကွက်စီတွင် (၅၀မီတာ×၅၀မီတာ) အကွက် တစ်ကွက်စီချ၍ ယင်းအကွက်များထဲတွင် ရင်စို့ လုံးပတ် ၅ စင်တီမီတာနှင့် အထက်ရှိသည့် အပင်များ၏ အချင်းနှင့် အမြင့် များ တိုင်းတာခြင်း၊ ဝါးများအား ရင်စို့လုံးပတ်တွင်ရှိသည့် အချင်း နှင့် အမြင့်များ တိုင်းတာခြင်းနှင့် ငုတ်တက်ရေတွက်ခြင်းများ ပြုလုပ်ခဲ့သည်။ (ရင်စို့ လုံးပတ်ဆိုသည်မှာ မြေပြင်မှအမြင့် ၄ ပေ ၆ လက်မတွင်ရှိသော အပင်၏လုံးပတ်ကို ဆိုလိုပါသည်- စကားချပ်)။ ကိန်းဂဏန်းများကို ခွဲခြမ်းစိတ်ဖြာရန် စာရင်းအင်း နည်းပညာများကို အသုံးပြုခဲ့သည်။

**တွေ့ရှိချက်**

အကွက်အမှတ် ၉၅ တွင် ၁ ဟက်တာ၌ ၃၂ ပင်ထုတ်ယူထား သည်ကိုတွေ့ရ၍ ယင်း ၃၂ ပင်ထဲမှ ၂၄ ပင်သည် တရားမဝင် ခုတ်ထားသော အပင်များဖြစ်သည်။ (တရားဝင် ခုတ်လှဲထား သော အပင်ဖြစ်ပါက ခုတ်ပြီးငုတ်ကျန်တွင် သက်ဆိုင်ရာဌာနက မှတ်ရိုက်ထားသော ဆိုင်ရာတံဆိပ်များရှိရသည်)။ အကွက် အမှတ် ၂၀၃ တွင် ၁ ဟက်တာ၌ အပင် ၄၀ ထုတ်ယူထားသည် ကိုတွေ့ရ၍ အပင် ၂၀ သည် တရားမဝင်ခုတ်ထားသော အပင်များ ဖြစ်သည်။ L 0 တွင် သစ်မာအုပ်စုမျိုးစုံရှိနေသည်ကို တွေ့ရ သည်။ လုံးပတ်ပျံ့နှံ့မှုပုံစံ ပုံစံသည် L 0တွင် သစ်ပင်ကြီးနေရာတွင် အစားထိုးရန် အပင်ငယ်အလုံအလောက်ရှိသည်ဟု ပြောနိုင် ပါသည်။ L 2 တွင် လုံးပတ်ပျံ့နှံ့မှု ပုံစံသည်တက်လိုက် ကျလိုက် နှင့် ပုံစံမမှန် ဖြစ်နေသည်။ L 1 တွင် အုပ်စု(၁) သစ်မာအမျိုး အစား (ပျဉ်းကတိုး၊ ပိတောက်၊ သစ်ရာ၊ အင်ကြင်း၊တမလန်း) ပျောက် နေပြီး L 2 တွင် အုပ်စု (၁) နှင့် အုပ်စု (၄) အပင်များ ပျောက်နေသည်ကို တွေ့ရသည်။ L 1 တွင် ကျွန်းနှင့် ပျဉ်းကတိုး ကို အဓိကထားထုတ်ယူခဲ့၍ L 2 တွင် ကျွန်းနှင့် ပျဉ်းကတိုး သာမက အခြား ဘင်္ဂ၊ မျောက်ချော စသည့်အပင်များကိုပါ ထုတ်ယူခဲ့ကြောင်း တွေ့ရသည်။ ၁ ဟက်တာရှိ ထုတ်ယူ သော အပင်ပမာဏများလာသည်နှင့်အမျှ စုစုပေါင်းမြေပေါ်ဇီဝဒြပ်ထု နည်းလာကြောင်း တွေ့ရသည်။

ယခုလေ့လာတွေ့ရှိချက်အရ logging intensity (သစ်ထုတ်ယူမှုအကြိမ်) များလာသည်နှင့်အမျှ သစ်ပင်၏ ဇီဝဒြပ်ထု (Tree biomass) သည် နည်းလာကြောင်း တွေ့ရသည်။ ထိုင်းနိုင်ငံတွင် ကျွန်းပင်များ အလွန်အကျွံထုတ်ပြီး ချိန်တွင် ဝါးများပေါက်ရောက်လာကြောင်း တွေ့ရသည် (Maki et al., 2007)။ Larpkern et al., 2011 ၏ တွေ့ရှိချက် တွင်လည်း သစ်ပင်များခုတ်လှဲခြင်းနှင့် မီးသွေးဖုတ်ခြင်းများ ကြောင့် သစ်ပင်အမျိုးမျိုးပေါက်ရောက်နေခြင်းမှ ဝါးများ ပေါက်ရောက်လာခြင်းအဖြစ်သို့ ပြောင်းသွားသည်ဟု ပြောထား သည်။ ဝါး၏ဇီဝဒြပ်ထုသည် သစ်ထုတ်ယူမှုအကြိမ်များလာ သည်နှင့်အမျှ ပိုများလာကြောင်း တွေ့ရသည်။ ထို့ကြောင့် ကျွန်းနှင့် အခြားသစ်ပင်များပေါက်ရောက်သောတောတွင် သစ်ထုတ်ယူမှုအကြိမ် (တရားမဝင်ခုတ်ယူခြင်းများအပါအဝင်) များလာသည့်အတွက် ဝါးများပေါ်များစွာ ပေါက်လာခြင်း ကြောင့် forest succession (ခုတ်ယူပြီးနောက်- သစ်တော ဆက်ခံပေါက်ရောက်ခြင်း) ပြောင်းလဲလာကြောင်း တွေ့ရသည်။ သဘောမှာ သစ်ပင်များအနုတ်အသိမ်းများလျှင် ဝါးများ အပြိုင်းအရိုင်းပေါက်လာမည့်သဘော ဖြစ်သည်။ ပဲခူးရိုးမသည် ကျွန်းကောင်းပေါက်ရာ ပင်မဇာတိဌာနဖြစ်သဖြင့် ဝါးများစွာ ကြီးစိုးသွားသော် နှမြောစရာ ကောင်းလှပေမည်။ ဝါးပင်သဘော မှာလည်း တယုတယစိုက်လျှင် မပေါက်ချင်သော်လည်း မြေစွဲ ပြီးသား အပင်ကနေပြီး တမျှော်တခေါ် ပျံ့နှံ့ဖို့ကြတော့ လွတ်မြန် သည့်အပင်မျိုးဖြစ်သည်။

**လူတို့၏လုပ်ဆောင်မှုများ**

သစ်တောများအပေါ် လူတို့၏လုပ်ဆောင်မှုများသည် သစ်ပင်များ၏ပေါက်ရောက်မှုပုံစံကို လွှမ်းမိုးနိုင်သည်။ အသစ် ဝင်ရောက်လာသည့် အပင်မျိုးစိတ်သည် အရင်ရှိပြီး မျိုးစိတ်နှင့် အခြေအနေချင်း မတူလျှင် သစ်တောများ၏ အနာဂတ် ပေါက်ရောက်မှုပုံစံကို ပြောင်းလဲသွားနိုင်သည်။

ဝါးများသာလွှမ်းမိုးလာခဲ့သော် ယင်းဝါးတို့၏အမြစ်များ သည် သစ်ပင်ငယ်များ၏ ကြီးထွားရှင်သန်မှုကို တားဆီးခြင်း၊ မြေပြင်သို့ အရိပ်ထူထဲစွာ ကျရောက်စေခြင်းတို့ကြောင့် သစ်ပင်များ သဘာဝအတိုင်းကောင်းစွာ မပေါက်ရောက် နိုင်တော့ပါ။ နောက်ပိုင်းတွင် ဝါးများသာ အဓိကပေါက်ရောက် သောတောဖြစ်လာပြီး မူလသစ်တောအခြေအနေသို့ ပြန်လည်ရောက်နိုင် ရန်ခက်ခဲသော အခြေအနေရောက် နိုင်ပါသည်။

ဤတွေ့ရှိချက်သည် လက်ရှိမြေပြင်အခြေအနေနှင့်လည်း ထင်ဟပ်နေသည်ကို တွေ့ရသည်။ ဥပမာအနေဖြင့် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင် ၉၀ ဝန်းကျင်မှ ၁၈၅ မိုင် ဝန်းကျင် အထိ လမ်းအနောက်ဘက် (ရန်ကုန်မှအလာ ဝဲဘက်)တွင် (အချို့ နေရာများတွင် ယူကလစ်၊ သီဟိုဠ် စိုက်ခင်းများ ကြိုးကြားစိုက်ထားသည်မှအပ) ဝါးများတောက်လျှောက် ဆိုသလို ပေါက်နေသည်ကို မြင်နိုင်သည်။

ဝါးများသုဉ်းသွားလျှင် (ဝါးမျိုးများအလိုက် အနှစ် ၂၀ မှ ၆၀ အတွင်း တစ်ကြိမ်သုဉ်းတတ်သည်) တော့ အောက်ခြေ သစ်တောမြေတွင် သဘာဝသစ်ပင်ပေါက်များရှိပါက ပြန်လည်သစ်တော ဖြစ်နိုင်ပါသေးသည်။ သို့မဟုတ် လူတို့က ဝါးများခုတ်ပြီးသစ်တော စိုက်ခင်းထူထောင်လျှင် ပြန်လည် ၍ သစ်တောဖြစ်နိုင်ပါသေးသည်။ ထို့ကြောင့် ဝါးများထူထပ်စွာ ပေါက်ရောက်နေသည့်နေရာတွင် ဝါးများ၏ပမာဏကို ထိန်းချုပ် နိုင်သော သစ်တောစီမံအုပ်ချုပ်ခြင်းသည် အရေးပါသည့် သစ်တောပြန်လည်ပြုစုပျိုးထောင်သည့်နည်း ဖြစ်နိုင်ပါသည်။

ဤနေရာတွင် ပုဂ္ဂလိကစိုက်ခင်းထူထောင်ရန် သစ်တော မြေရယူထားသူတို့သည် လိပ်ကျောကြောင်ကော် ပြောင်ချော် ချော် လုပ်မနေသင့်။ သစ်တောများပြန်လည်ဖြစ်ထွန်းအောင် သဘာဝတောထိန်းခြင်း၊ သစ်တောသစ်ပင်စိုက်ခြင်းတို့ကို မိမိတို့လုပ်ပိုင်ခွင့်ရရှိထားသော သစ်တောမြေတွင် စုံရေမက် ရေရှိရှိ လုပ်ဆောင်သင့်သည်။

တရားမဝင် ခိုးယူခြင်းများကို ထိထိရောက်ရောက် ဥပဒေ အရ ကြီးကြပ်၍ စောင့်ကြည့်စစ်ဆေးသင့်သည်။ ခိုးထုတ်ယူရ သည့် အချို့အကြောင်းအရင်းမှာ ဒေသခံပြည်သူများ ဆင်းရဲ နွမ်းပါးသည့်အတွက်ကြောင့် ဖြစ်သည်။ ထို့ကြောင့် အောင်မြင် သော သစ်တောစီမံအုပ်ချုပ်မှု ဖြစ်ရန်အတွက် ပြည်သူလူထု၏ ဆင်းရဲမွဲတေမှုကို လျှော့ချရန်လည်း အရေးကြီးလှသည်။

ယခုဆောင်းပါးမှာ ပြည်သူ၏အခွန်အခကို လစာအနေ ဖြင့် စားသုံးရနေသောဝန်ထမ်းများက တက္ကသိုလ်၏ကြီးကြပ် မှုဖြင့် သုတေသနပြုလုပ်ရရှိခဲ့သော ရလဒ်ကိုလိုအပ်သလို သက်ဆိုင်သူများသိရှိ သုံးစွဲနိုင်စေရန် ရည်ရွယ်လျက်ရေးသား ရပေသည်။

နိဂုံးချုပ်အနေဖြင့် ဥတုရာသီပြောင်းလဲမှု သိသာမြန်ဆန် နေသောကာလ၊ စိုက်ပျိုးရေးအခြေပြု စီးပွားရေးလုပ်ငန်းများ ဈေးအတက်အကျနှင့် အခြားအခက်အခဲရှိနေချိန်တွင် ယင်း တို့ကြောင့် ဖြစ်ပေါ်လာနိုင်သောဆိုးကျိုးများကို လျှော့နည်း စေရန် နှစ်ရှည်သီးနှံများကို အနည်းဆုံး နှစ်မျိုးလောက် ရောနှော စိုက်ကြစေလိုပါသည်။

အဖိုးတန်သဘာဝသစ်တောများ ပေါက်ရောက်သော သစ်တောနေရာများတွင် ဝါးတောများ သဘာဝအတိုင်း မပျံ့နှံ့ စေရန် စီမံဆောင်ရွက်ကြဖို့လိုပါကြောင်းနှင့် မြန်မာနိုင်ငံ၏ စားဝတ်နေရေးတွင် ကျောရိုးသဖွယ်ဖြစ်နေသော စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့်ရေလုပ်ငန်း မျိုးဆက်တို့ များများ မွေးထုတ်နိုင်အောင် အဆင့်မြင့်ပညာသင်ကျောင်း၊ တက္ကသိုလ်များအား ပိုမိုအကျိုးရှိရှိစီမံခြင်း၊ တိုးချဲ့ဆောင်ရွက် ခြင်းများ ပြုကြစေလိုပါကြောင်း အကြံပြုရပေသည်။ ။

# မူဆယ်မြို့ နှစ်နိုင်ငံဝင်ထွက်ဂိတ်(ဆင်ဖြူဂိတ်)မှ တရုတ်နိုင်ငံဘက်သို့ ဝင်ရောက်သွားလာနိုင်ရန် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရ

**မူဆယ် မတ် ၂**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ နှစ်နိုင်ငံဝင်ထွက်ဂိတ် (ဆင်ဖြူဂိတ်) မှ တရုတ်နိုင်ငံဘက်သို့ ဝင်ရောက်သွားလာနိုင်ရန် ယမန်နေ့က အချိန်ကြာ မြင့်စွာ တန်းစီစောင့်ဆိုင်းခဲ့ကြရသည်။

ဆင်ဖြူဂိတ်တွင် တရုတ်နိုင်ငံဘက်သို့ ဝင်ရောက်နိုင်ရန် အချိန်ကြာမြင့် စွာ တန်းစီစောင့်ဆိုင်းနေသည့် မငယ်က "တရုတ်နိုင်ငံဘက်သို့ ဝင်ရောက် နိုင်ရန် ၃နာရီကျော်လောက်စောင့်နေတာကြာလာတော့ ဗိုက်လည်းဆာ နေပြီး နောက်လူတွေက နေရာဦးသွားမှာ စိုးရိမ်လို့ မစားဖြစ်ဘူး။ တချို့တွေ ကတော့ ပါဆယ်ဝယ်ပြီး စားကြတယ်။ စောင့်နေတာကြာတော့ အဆင် မပြေဘူး။ ကျွန်မလိုပဲ ကျန်တဲ့သူတွေလည်း ခံစားကြမယ်ထင်ပါတယ်။ ဖြစ်နိုင်မယ်ဆိုရင် အဝင်/အထွက် အဆင်ပြေဖို့ တာဝန်ရှိသူတွေ အမြန် ဖြေရှင်းစေချင်ပါတယ်"ဟု ပြောသည်။

မူဆယ်မြို့ နှစ်နိုင်ငံဝင်ထွက်ဂိတ်(ဆင်ဖြူဂိတ်)သည် သုံးဘီးဆိုင်ကယ် များ၊ မော်တော်ဆိုင်ကယ်များ၊ တရုတ်နိုင်ငံဘက်သို့ ဝင်ရောက်လည်ပတ် လိုသူများနှင့် တရုတ်နိုင်ငံဘက်သို့ အလုပ်လုပ်နေသည့် အလုပ်သမားများ အဝင်/အထွက်များသည့် ဂိတ်တစ်ခုဖြစ်ပြီး ဆင်ဖြူဂိတ်ဘက်မှ တရုတ် နိုင်ငံဘက်သို့ ဝင်ရောက်နိုင်ရန် တရုတ်နိုင်ငံဘက်မှ နိုင်ငံလုံခြုံရေးအရ လက်ဗွေနှိပ်ယူခြင်း၊ မှတ်ပုံတင်အချက်အလက်များ စစ်ဆေးနေမှုကြောင့် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရခြင်းဖြစ်ကြောင်းနှင့် ယင်းကဲ့သို့ နယ်စပ် ဖြတ်ကျော် စောင့်ဆိုင်းနေရခြင်းမှာ အချိန်ကြာမြင့်နေပြီဖြစ်ကြောင်း သိရသည်။

အလားတူ ဝင်/ထွက်ဂိတ်များဖြစ်သည့် နန်းတော်ဂိတ်(အလယ်ဂိတ်)



တရုတ်နိုင်ငံသို့ ဝင်ရောက်ရန် စောင့်ဆိုင်းနေကြသူများကို တွေ့ရစဉ်။

နှင့် မန့်ဝိန်းဂိတ်များတွင်လည်း တရုတ်နိုင်ငံဘက်သို့ ဝင်ရောက်နိုင်ရန် အချိန်ကြာမြင့်စွာ တန်းစီစောင့်ဆိုင်း နေရကြောင်း သိရသည်။

**ဗန်ရိုးထန်(ပြန်/ဆက်)**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## INGO/NGO များတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများနှင့်ပတ်သက်၍ လစာဝင်ငွေခွန်ပေးဆောင်ခြင်းဆိုင်ရာ သိမှတ်ဖွယ်

* ၁၉၅၄ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့(အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေအရလည်းကောင်း၊ ၁၉၆၁ခုနှစ် သံတမန်ဆက်ဆံရေးနှင့်စပ်လျဉ်းသည့် ဗီယင်နာ ကွန်ဗင်းရှင်းသဘောတူစာချုပ်အရ လည်းကောင်း၊ ၁၉၆၃ခုနှစ် ကောင်စစ်ဆက်ဆံရေးနှင့်စပ်လျဉ်းသည့် ဗီယင်နာကွန်ဗင်းရှင်း သဘောတူစာချုပ်အရလည်း ကောင်း၊ နှစ်နိုင်ငံအပြန်အလှန် လက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာများ၊ စာချုပ်များအရလည်းကောင်း ဝင်ငွေခွန်ကင်းလွတ်ခွင့် မပြုထားပါက INGO/NGO အဖွဲ့အစည်းတွင် ပါဝင်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအနေဖြင့် ရရှိသည့်လစာဝင်ငွေအပေါ် လစာခေါင်းစဉ်ဖြင့် ဝင်ငွေခွန်ပေးဆောင်ရန် တာဝန်ရှိမည်ဖြစ်ပါသည်။

* ထိုကဲ့သို့သော INGO/NGO အဖွဲ့များမှ လစာငွေထုတ်ပေးရန် တာဝန်ရှိသူအနေဖြင့် ဝင်ငွေခွန် ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(က)အရ လစာငွေထုတ်ပေးချိန်၌ ကျသင့်သောအခွန်ကို တွက်ချက်နုတ်ယူထားခြင်း၊ ဝင်ငွေခွန်စည်းမျဉ်း ၁၄၊ စည်းမျဉ်းခွဲ(ခ)နှင့်အညီ နုတ်ယူထားသည့်ရက်မှ ခုနစ်ရက်အတွင်း သက်ဆိုင်ရာ အခွန်ဦးစီးဌာနမှူးရုံး၏ ငွေစာရင်းသို့ ပေးသွင်းခြင်း၊ စည်းမျဉ်းခွဲ(ဂ)နှင့်အညီ နုတ်ယူထားငွေနှင့်စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များကို ပတခ(ဝင)-၁၅ ပုံစံဖြင့် ဖြည့်စွက်၍ နုတ်ယူသည့်ရက်မှ ခုနစ်ရက်အတွင်း ပေးပို့ခြင်း နှင့်ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၈ အရ ဝင်ငွေနှစ်ကုန်ဆုံးပြီး ၃ လအတွင်း လစာဝင်ငွေခွန် ထမ်းဆောင်ထားခြင်းဆိုင်ရာ လစာနှစ်ချုပ်စာရင်းကို ပတခ(ဝင)-၁၆ ပုံစံဖြင့် ဖြည့်စွက်တင်သွင်းခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်ပါသည်။

* အကျုံးဝင်သည့်ဝင်ငွေများ။ မည်သူမဆို အလုပ်ရှင်ထံမှ မိမိရရှိသည့် သို့မဟုတ် ရရန်ရှိသည့် လစာ၊ လုပ်ခ၊ နှစ်စဉ်ကြေး၊ ဆုကြေး၊ ချီးမြှင့်ငွေ၊ လစာနှင့်လုပ်ခအစား သို့မဟုတ် ယင်းတို့အပြင် ထပ်ဆောင်း ရရှိသည့် အခကြေးငွေ၊ ကော်မရှင်တို့အတွက် လစာခေါင်းစဉ်ဖြင့် အခွန်ထမ်းဆောင်ရမည်ဖြစ်ပါသဖြင့် နှစ်တစ်နှစ်အတွင်း ရရှိသည့် လစာဝင်ငွေ၊ ကော်မရှင်ကြေး၊ နှစ်စဉ်ကြေး၊ ပညာရှင်ကြေးတို့ကိုလည်း စုစုပေါင်း လစာဝင်ငွေတွက်ချက်ရာတွင် ထည့်သွင်းတွက်ချက်ရမည်ဖြစ်ပါသည်။

* အကျိုးသက်ရောက်မှု။ ဤသိမှတ်ဖွယ်ပါ ဖော်ပြချက်များသည် တည်ဆဲဝင်ငွေခွန် ဥပဒေနှင့် ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်ကောက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လစာဝင်ငွေအတွက် ဖြစ်ပါသည်။

* **အခွန်နှုန်း**။ အောက်ပါအတိုင်းဖြစ်ပါသည်-

| အမှတ်စဉ် | ဝင်ငွေခွန်စည်းကြပ်ရန်ဝင်ငွေအလွှာ မှ (ကျပ်) | ဝင်ငွေခွန်စည်းကြပ်ရန်ဝင်ငွေအလွှာ ထိ (ကျပ်) | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| (က) | ၁ | ၂၀၀၀၀၀၀ | ၀ ရာခိုင်နှုန်း |
| (ခ) | ၂၀၀၀၀၀၁ | ၅၀၀၀၀၀၀ | ၅ ရာခိုင်နှုန်း |
| (ဂ) | ၅၀၀၀၀၀၁ | ၁၀၀၀၀၀၀၀ | ၁၀ ရာခိုင်နှုန်း |
| (ဃ) | ၁၀၀၀၀၀၀၁ | ၂၀၀၀၀၀၀၀ | ၁၅ ရာခိုင်နှုန်း |
| (င) | ၂၀၀၀၀၀၀၁ | ၃၀၀၀၀၀၀၀ | ၂၀ ရာခိုင်နှုန်း |
| (စ) | ၃၀၀၀၀၀၀၁ နှင့်အထက် | | ၂၅ ရာခိုင်နှုန်း |

* **အခွန်ကျသင့်မှု**။ အောက်ပါအတိုင်းဖြစ်ပါသည်-

- တစ်နှစ်စုစုပေါင်း လစာဝင်ငွေကျပ် ၄၈ သိန်းထက်မကျော်ပါက ဝင်ငွေခွန်ပေးဆောင်ရန်မလိုပါ။
- တစ်နှစ် စုစုပေါင်းလစာဝင်ငွေကျပ် ၄၈ သိန်းထက် ကျော်လွန်သော်လည်း စုစုပေါင်း လစာဝင်ငွေမှ အခြေခံသက်သာခွင့်၊ အတူနေမိဘအတွက် သက်သာခွင့်၊ အိမ်ထောင်ဖက်အတွက် သက်သာခွင့်၊ သားသမီးအတွက် သက်သာခွင့်၊ အသက်အာမခံအတွက် ပေးရသည့်ပရီမီယံ၊ လူမှုဖူလုံရေး ရန်ပုံငွေသို့ ထည့်ဝင်ငွေတို့ကို နုတ်ပယ်ပါ။ နုတ်ပယ်ပြီး ကျန်ရှိသော အခွန်စည်းကြပ်ရန်ဝင်ငွေမှာ ကျပ် သိန်း ၂၀မကျော်ပါက ဝင်ငွေခွန်ပေးဆောင်ရန်မလိုပါ။
- နိုင်ငံခြားငွေဖြင့် လစာဝင်ငွေထုတ်ပေးခြင်းဖြစ်ပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်ထားသည့် ငွေလဲလှယ်နှုန်းဖြင့် တန်ဖိုးသင့်တွက်ချက်ရပါမည်။

* **အခွန်တွက်ချက်ပုံ**

**နိုင်ငံသားနှင့်နှစ်တစ်နှစ်အတွင်း ရက်ပေါင်း ၁၈၃ ရက်ထက်မနည်း မြန်မာနိုင်ငံအတွင်း နေထိုင်သူ (ပြည်တွင်းနေ) နိုင်ငံခြားသားအတွက် တွက်ချက်မှုနမူနာပုံစံ**

၃၀-၄-၂၀၁၈ ရက်ရှိ ဗဟိုဘဏ်၏ သတ်မှတ်ငွေလဲလှယ်နှုန်း ၁၃၄၀ ကျပ်
ဦးလှသည် တစ်နှစ်ရရှိမည့်လစာငွေ US $ ၈၄၀၀ ဖြစ်ပါက

| | | | (ကျပ်) |
|---|---|---|---|
| တစ်နှစ်စုစုပေါင်းလစာဝင်ငွေ (US $ ၈၄၀၀×၁၃၄၀ ကျပ်) | | = | ၁၁၂၅၆၀၀၀ |
| (နုတ်)အခြေခံသက်သာခွင့် (၁၁၂၅၆၀၀၀×၂၀%) | = ၂၂၅၁၂၀၀ | | |
| အတူနေမိဘအတွက်သက်သာခွင့် (တစ်ဦး ၁၀၀၀၀၀၀ စီ×၂ ဦး) | = ၂၀၀၀၀၀၀ | | |
| အိမ်ထောင်ဖက်အတွက်သက်သာခွင့် | = ၁၀၀၀၀၀၀ | | |
| သားသမီး ၂ ဦးအတွက် သက်သာခွင့် (တစ်ဦး ၅၀၀၀၀၀ စီ× ၂ဦး) | = ၁၀၀၀၀၀၀ | | |
| ဦးလှနှင့်အိမ်ထောင်ဖက်အသက်အာမခံ (ဦးလှအတွက် ၃၀၀၀၀+ဇနီး ၂၀၀၀၀) | = ၅၀၀၀၀ | | |
| ဦးလှအတွက် ထည့်ဝင်လူမှုဖူလုံရေးရန်ပုံငွေ | = ၅၀၀၀၀ | | |
| (နုတ်)သက်သာခွင့်စုစုပေါင်း | | = | ၆၃၅၁၂၀၀ |
| အခွန်စည်းကြပ်ရန်ဝင်ငွေ | | = | ၄၉၀၄၈၀၀ |
| အခွန်တွက်ချက်ခြင်း | | | |
| ကျပ်သိန်း ၂၀ အထိ "၀ %" ဖြင့် | | = | ၀ |
| ၂၀၀၀၀၀၁ မှ ၄၉၀၄၈၀၀ အထိ ၂၉၀၄၈၀၀×၅ % ဖြင့် | | = | ၁၄၅၂၄၀ |
| တစ်နှစ်ကျသင့်အခွန် | | = | ၁၄၅၂၄၀ |
| တစ်လကျသင့်အခွန် | | = | ၁၂၁၀၃ |

**နှစ်တစ်နှစ်အတွင်း ရက်ပေါင်း ၁၈၃ ရက်အောက် မြန်မာနိုင်ငံအတွင်း နေထိုင်သော (ပြည်ပနေ) နိုင်ငံခြားသားအတွက် တွက်ချက်မှုနမူနာပုံစံ**

Mr.Smart ၏ တစ်နှစ်လစာရရှိငွေ US $ ၈၄၀၀ ဖြစ်ပါက
(မြန်မာနိုင်ငံတွင် ၃ လနေထိုင်ပါသည်။)

| | | **(ကျပ်)** |
|---|---|---|
| တစ်နှစ်လစာရရှိငွေ (US $ ၈၄၀၀×၁၃၄၀ ကျပ်) | = | ၁၁၂၅၆၀၀၀ |
| အခွန်တွက်ချက်ရန်ဝင်ငွေ | = | ၁၁၂၅၆၀၀၀ |
| အခွန်တွက်ချက်ခြင်း | | |
| ကျပ်သိန်း ၂၀ အထိ " ၀%" ဖြင့် | = | ၀ |
| ၂၀၀၀၀၀၁ မှ ၅၀၀၀၀၀၀ အထိ ၃၀၀၀၀၀၀×၅% ဖြင့် | = | ၁၅၀၀၀၀ |
| ၅၀၀၀၀၀၁ မှ ၁၀၀၀၀၀၀၀ အထိ ၅၀၀၀၀၀၀×၁၀% ဖြင့် | = | ၅၀၀၀၀၀ |
| ၁၀၀၀၀၀၀၁ မှ ၁၁၂၅၆၀၀၀ အထိ ၁၂၅၆၀၀၀×၁၅ % ဖြင့် | = | ၁၈၈၄၀၀ |
| တစ်နှစ်ကျသင့်အခွန် | = | ၈၃၈၄၀၀ |
| တစ်လကျသင့်အခွန် | = | ၂၇၉၄၆၆ |
| တစ်လပေးသွင်းရမည့်အခွန် | = | US $ ၂၀၈၅ |

- ရှင်းလင်းချက်
- ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၂၄ အရ သက်သာခွင့်များ နုတ်ပယ်ခွင့်မရှိပါ။
- ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ၂၀၁၈-၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပုဒ်မ ၃၀ အရ လစာဝင်ငွေ ခေါင်းစဉ်အတွက် ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်ဖြစ်ပါသည်။
- ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၈ အရ လစာနှစ်ချုပ်စာရင်းကို ပေးပို့ချိန်တွင် လစဉ်ငွေလဲလှယ်နှုန်းထားအမှန်ဖြင့် စာရင်းညှိနှိုင်းရမည်ဖြစ်ပါသည်။
- မရှင်းလင်းသည့်အချက်များကို ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်) ရုံးအမှတ် ၄၆၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖုန်း-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၃၃ (သို့မဟုတ်) အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး (ရန်ကုန်) အမှတ်၅၉/၆၁၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး) ၆၅ လမ်း၊ ၂၂×၂၃ လမ်းကြား၊ ဖုန်း-၀၂-၄၀၃၀၁၉၂ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၁/၂၀၁၈-၂၀၁၉)
## (ပထမအကြိမ်တင်ဒါ)

၁။ တည်ဆောက်ရေးအဖွဲ့(၄)၊ တံတားအထူးအဖွဲ့(၁၃)၊ တံတားအထူးအဖွဲ့(၉)တို့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တံတားတည်ဆောက်ခြင်းလုပ်ငန်းများတွင် အသုံးပြုရန် အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများအတွက် မြန်မာကျပ်(ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ဝင်စားသည့်လုပ်ငန်းရှင်များ အိတ်ဖွင့်တင်ဒါ (Open Tender)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| တည်ဆောက်ရေးအဖွဲ့(၄) ရန်ကုန်မြို့ | တံတားအထူးအဖွဲ့(၁၃)၊ မြိတ်မြို့ | တံတားအထူးအဖွဲ့(၉)၊ ပဲခူးမြို့ |
|---|---|---|
| **ဝယ်ယူလိုသည့်ပစ္စည်း (လုပ်ငန်းခွင်အရောက်)**<br>၁။ ဒီဇယ်ဆီ (ပရီမီယံ) | (က) **ဝယ်ယူလိုသည့် ပစ္စည်းများ (လုပ်ငန်းခွင်အရောက်)**<br>(၁) မြစ်သဲကြမ်း (ရေချိုသဲကြမ်း)<br>(၂) Chipping (12.5 mm-19mm)<br>(၃) သစ်(အခြားသား)<br>(၄) Welding Rod<br>(၅) Binding Wire<br>(၆) Wire Nail<br>(၇) 4 mm သံပြား<br>(၈) 9 mm သံပြား<br>(၉) 2mm<br>(၁၀) Bentonite<br>(၁၁) ဒီဇယ်ဆီ | (က) **ဝယ်ယူလိုသည့် ပစ္စည်းများ (လုပ်ငန်းခွင်အရောက်)**<br>(၁) သဲ<br>(၂) သစ်<br>(၃) ကျောက် (9.5 mm- 19 mm (¾")<br>(၄) M.S Plate (9mm thk:)<br>(၅) ဒီဇယ်ဆီ<br>(၆) ဘိလပ်မြေ<br>(၇) သံချောင်း |
